# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၂)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (1-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၆၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် သွားရောက်မည်





နေပြည်တော် ဇွန် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်(State Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် လာအိုနိုင်ငံသမ္မတနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်းနှင့် လာအိုနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့အပြင် ပြည်နယ်အကြီးအကဲကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်သည်။

ထို့ပြင် လာအိုနိုင်ငံရှိ အထင်ကရနေရာများနှင့် ရှေးဟောင်းဘုရားများကို လေ့လာဖူးမြော်သွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်း မြန်မာ-လာအို နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတ၊ ဇနီးနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။ (သတင်းစဉ်)

## နိုင်ငံတော်သမ္မတရုံး၏ သတင်းစာရှင်းလင်းပွဲ ကျင်းပ

နေပြည်တော် ဇွန် ၃၀

နိုင်ငံတော်သမ္မတရုံး၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတရုံး ဘက်စုံသုံးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံခရီးစဉ်များအတွင်း ဆောင်ရွက်ချက်များ၊ အစိုးရ၏ ရက် ၁၀၀ စီမံချက်အတွင်း ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။


ဦးစွာ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက နိုင်ငံတော်သမ္မတကြီးနှင့်အဖွဲ့

စာမျက်နှာ ၁၆ ကော်လံ ၁



နိုင်ငံတော်သမ္မတရုံး၏ သတင်းစာရှင်းလင်းပွဲကို နိုင်ငံတော်သမ္မတရုံး ဘက်စုံသုံးခန်းမ၌ ကျင်းပစဉ်။

## ဇူလိုင် ၃ ရက်မှ ၁၀ ရက်အတွင်း နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်




နေပြည်တော် ဇွန် ၃၀

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်လာနိုင်သည့် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဇူလိုင် ၃ ရက်မှ ၁၀ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

စာမျက်နှာ ၂၂ ကော်လံ ၄

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ အိတ်ဖွင့်ပေးစာ(၁)**

ဆောင်းပါး

စာမျက်နှာ - ၁၈

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပ**

စာမျက်နှာ - ၂၀

**ဓာတ်အားလိုင်းကြိုးများ အစားထိုးလဲလှယ်မည်ဖြစ်သည့်အတွက် ယာယီဓာတ်အားပြတ်တောက်မည်**

စာမျက်နှာ - ၂၁

ရတနာပုံ
၂၀၁၆ ခုနှစ် ဇူလိုင် ၁ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်ကာကွယ်ရေးအတွက်အား သားကောင်းရတနာများ

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသည့်အပြင် **"နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်"**ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ ထိုတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁) ကို ၂၀၁၄ ခုနှစ် ဧပြီလမှစတင်၍ စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၆) ထိပင် ရောက်ရှိခဲ့ပြီဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၃) ထိ သင်တန်းဆင်းပေးနိုင်ခဲ့ပြီဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းစစ်သည်များသည် သင်တန်းတွင် စစ်ပညာသာမက အဖွဲ့အစည်းစိတ်ဓာတ်၊ စည်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်တို့အပြင် နိုင်ငံကောင်းရာကောင်းကျိုး ဆောင်ရွက်လိုသည့်စိတ်ဓာတ်များ ရရှိခဲ့ကြသည်။ ယခုအခါ သင်တန်းဆင်းပြည်သူ့စစ်မှုထမ်းများသည် တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။

ထိုသို့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းစစ်သည်များထဲမှ စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ၊ ချီးကျူးဂုဏ်ပြုလက်မှတ်များရရှိခဲ့သူများလည်း ပေါ်ထွန်းနေပြီဖြစ်သည်။ တပ်ရင်း၊ တပ်ဖွဲ့များ၌ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများထဲမှ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကိုလည်း ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ အခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းပေးအပ်ခဲ့ကာ နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ခဲ့ပြီးဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် ကောင်းမွန်သော ဥပဒေတစ်ရပ်ပင်ဖြစ်သည်။ လူငယ်များသည်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန် စစ်ပညာရပ်များ၊ ကာကွယ်ရေးပညာရပ်များ သင်ကြားခြင်းဖြင့် မိမိကိုယ်ကိုယုံကြည်မှု၊ မိမိအဖွဲ့အစည်းအပေါ်ယုံကြည်မှုများ တိုးမြင့်လာမည်ဖြစ်သည်။ ထို့ပြင် စစ်မှုထမ်းခြင်းမှရရှိလာမည့် အတွေ့အကြုံနှင့် အသိပညာများသည် လူငယ်များ၏ အနာဂတ်ဘဝရပ်တည်မှုကို များစွာအထောက်အကူပေးနိုင်မည်ဖြစ်သကဲ့သို့ လုပ်ငန်းခွင်နယ်ပယ်တွင် ရင်ဆိုင်ကြုံတွေ့လာရမည့်အခက်အခဲများစွာကို ဖြေရှင်းနိုင်ရာတွင်လည်း စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်သန်စွမ်းမှုများ ရရှိစေမည်ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ကာကွယ်ရေးစွမ်းအား ခိုင်မာတောင့်တင်းစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ ကိုယ်စီတာဝန်သိစိတ်များဖြင့် စစ်မှုထမ်းဆောင်ခြင်းကို တက်ကြွစွာဆောင်ရွက်နေကြပါသော နိုင်ငံတော်ကာကွယ်ရေးအတွက်အား သားကောင်းရတနာများအတွက် ဂုဏ်ယူမိပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးပညာရေးဒီဂရီကောလိပ်၌ "လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းရှင်းရေး"ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကျင်းပ

**မန္တလေး ဇွန် ၃၀**

အနာဂတ်ကာလတွင် မျိုးဆက်သစ်လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်ကာ မန္တလေးတိုင်းဒေသကြီး၊ လူငယ်ရေးရာ ဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မန္တလေးပညာရေး ဒီဂရီကောလိပ်တို့ ပူးပေါင်းကျင်းပသော "လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းရှင်းရေး" ခေါင်းစဉ်ဖြင့်လူငယ်စကားဝိုင်းကို မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ ပညာတန်ဆောင်ခန်းမဆောင်၌ ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းသိင်္ဂီကျော်က အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ လူငယ်ရေးရာ ဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးလှိုင်ဌေးအောင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းစတင်ခဲ့ရာ မန္တလေးပညာရေးဒီဂရီကောလိပ်ရှိနောက်ဆုံးနှစ်ကျောင်းသူ မထက်ဝေလွင်က "လူငယ်နှင့်ကျန်းမာရေး"၊ နောက်ဆုံးနှစ်ကျောင်းသား မောင်ဟိန်းထက်နိုင်က "လူငယ်နှင့်မူးယစ်ဆေးဝါး"၊ ဒုတိယနှစ်ကျောင်းသူ မပန်းအိခိုင်က "လူငယ်နှင့်နည်းပညာ"၊ တတိယနှစ်ကျောင်းသား မောင်နေတိုးအောင်က "လူငယ်နှင့်စာဖတ်ခြင်း"နှင့်ပထမနှစ်ကျောင်းသူ မပန်းရနံ့စံက "သင်ယူမှု၊ သင်ယူခွင့်ဖန်တီးပေးရေး"ခေါင်းစဉ်တို့ဖြင့် အသီးသီး ဆွေးနွေးပြောကြားသည်။

အဆိုပါ လူငယ်စကားဝိုင်းသို့ မန္တလေး ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး၊ လူငယ်ရေးရာ ဝန်ကြီးဌာန ညွှန်ကြားရေးမှူး၊ မြန်မာလူငယ် ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MYDA) ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများ၊ မန္တလေးပညာရေးဒီဂရီကောလိပ်မှ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၊ သင်တန်းသားဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ချမ်းမြေ့မောင်**

# မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေး



**မန္တလေး ဇွန် ၃၀**

သဲဖြူတောရ ဓမ္မရိပ်သာနှင့် မဟာမြိုင်တောရ ဓမ္မရိပ်သာတို့၏ ဦးစီးပဓာန မဟာနာယက ဒေါက်တာ ဘဒ္ဒန္တပညာဇောတအား အမှူးထား၍ ကျန်းမာရေးဝန်ကြီးဌာန၏ဦးဆောင်မှု၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးမှု၊ အလှူရှင်များ၏လှူဒါန်းမှုတို့ဖြင့် မျက်စိဝေဒနာရှင် ရဟန်းရှင်လူ ပြည်သူများကို အခမဲ့ မျက်စိစမ်းသပ် ခွဲစိတ်ကုသပေးခြင်း အစီအစဉ်ကို ဇွန် ၂၉ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၌ ကျင်းပရာ သဲဖြူတောရဓမ္မရိပ်သာနှင့် မဟာမြိုင်တောရ ဓမ္မရိပ်သာတို့၏ ဦးစီးပဓာနမဟာနာယက ဆရာတော်ကြီး ကြွရောက်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး(မန္တလေး) ဆေးရုံအုပ်ကြီး၊ ဆရာဝန်ကြီးများနှင့်အဖွဲ့၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ မျက်စိဝေဒနာရှင် ရဟန်းရှင်လူပြည်သူများ တက်ရောက်ကြပြီး နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ကာအခမ်းအနားကိုဖွင့်လှစ်၍ ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် သဲဖြူတောရဓမ္မရိပ်သာနှင့် မဟာမြိုင်တောရ ဓမ္မရိပ်သာတို့၏ ဦးစီးပဓာနမဟာနာယက ဆရာတော်ကြီးထံ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးနောက် ဆရာတော်ကြီးက လာရောက်ပြသကြသည့် မျက်စိဝေဒနာရှင် ရဟန်းရှင်လူပြည်သူတို့ကို အားပေးစကားများ ပြောကြားခဲ့သည်။

မျက်စိဝေဒနာရှင် ရဟန်းရှင်လူပြည်သူများကို အခမဲ့မျက်စိစမ်းသပ် ခွဲစိတ်ကုသပေးခြင်းကို ဇွန် ၂၉ ရက်မှ ဇူလိုင် ၃ ရက်ထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအတွင်း လက်ခံဆောင်ရွက်ပေးသွားဖြစ်ပြီး အတွင်းတိမ်မျက်စိဝေဒနာရှင်များကို မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး(မန္တလေး)တွင် ခွဲစိတ်ကုသပေးသွားမည် ဖြစ်ကြောင်း၊ ယခုကဲ့သို့ အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်း အစီအစဉ်ဆောင်ရွက်ခြင်းမှာ အဌမအကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ဒီပဲယင်း ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒီပဲယင်းမြို့နယ်တွင် နေကြာ ၅၁၆၉ ဧက စိုက်ပျိုးရန်လျာထားပြီးမေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဒီပဲယင်းမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာဧက ၅၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု ဒီပဲယင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အချိန်မြင့်တင် ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများနှင့်နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အချိန်မြင့် ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဒီပဲယင်းမြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရမည်းသင်းမြို့နယ် ကန်ဆွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရမည်းသင်း ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်ဆွယ်ကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက ကန်ဆွယ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၉၇ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကန်ဆွယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၄၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ် ရန်ပုံငွေကျပ် ၅၉၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက ပြောပြ၍ သိရသည်။

**ချိုသန်းညွန့်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ဦးသန်းထိုက်-ဒေါ်သီတာဝင်းမိသားစုက တစ်နေ့တာဆွမ်းအတွက် အလှူငွေကျပ် ၅၀၀၀၀၀၊ ဆွမ်း၊ ဆွမ်းဟင်းအတွက် အလှူငွေကျပ် ၉၆၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၄၆၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြတ်ကျော်၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးယုတင်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဇွန် ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၆၀၂ ဧက စိုက်ပျိုးရန် လျာထားပြီးယခုနှစ်မေလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၃၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၆၀၂ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၃၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ခရမ်း၊ ခရမ်းချဉ်၊ ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ မုန်ညင်း၊ အာလူး၊ မုန်လာဥဖြူ၊ ငရုတ်၊ ပဲတောင့်ရှည် စတဲ့သီးနှံတွေကို စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးသီးနှံအားလုံးကို အရည်အသွေးကောင်းမွန်စေဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးနိုင်ဖို့ နည်းပညာတွေ ပံ့ပိုးပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ညောင်ရွှေမြို့နယ် ကန်ခေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဇွန် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးပေါခုံကျေးရွာအုပ်စု ကန်ခေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ကန်ခေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၃ ဒသမ ၃၅ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကန်ခေါင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇၅ ဦးနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၉ ဦးကို ရန်ပုံငွေကျပ် ၆၃ ဒသမ ၃၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကြံခင်းမြို့နယ်တွင် ကွမ်းရွက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**ကြံခင်း ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်မှ ဒေသထွက်ကွမ်းရွက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကြံခင်းမြို့နယ် ကွမ်းရွက်နှင့်ကွမ်းသီး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြ၍ သိရသည်။

ကြံခင်းမြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များထွက်ရှိပြီး ယခုနှစ် ဇွန်လ တတိယပတ်မှစတင်၍ ယနေ့ထိ ကွမ်းရွက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ကြံခင်းမြို့နယ်မှထွက်ရှိသည့် ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၄၅၀၀ မှ ၅၇၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ကြံခင်းမြို့နယ်ကထွက်ရှိတဲ့ ကွမ်းရွက်တွေ အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းလာပါတယ်။ လက်ရှိမှာ ကွမ်းရွက်တွေကို ဒေသဈေးကွက်နဲ့ အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက ဝယ်ယူမှုများနေတာကြောင့် အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိ တစ်ရက်ကို ကွမ်းရွက်ပိဿာချိန် ၅၇၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက်ကွမ်းရွက်တွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်"ဟု ကြံခင်းမြို့နယ် ကွမ်းရွက်နှင့် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ကြံခင်းမြို့နယ်မှ စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ် ကောင်းမွန်နေသည့် ကွမ်းရွက် တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ကွမ်းရွက်နှင့် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း ကြံခင်းမြို့နယ် ကွမ်းရွက်နှင့်ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ညောင်ရမ်းကြီးသမီး၏ ကျောက်စာနှစ်ချပ်

မောင်သာ(ရှေးဟောင်းသုတေသန)

ပုဂံကျောက်စာများကို လေ့လာရာတွင် ဘုရင်နှင့် ဘုရင့်မိသားစုဝင်များရေးထိုးခဲ့သည့် ကျောက်စာများသည် အခြားကျောက်စာများထက် ပိုမိုထင်ရှားကြောင်း တွေ့ရှိရသည်။ ဘုရင်နှင့်တော်ဝင်မျိုးနွယ်များ၏ကျောက်စာအများစုသည် အလှူမှတ်တမ်းများပင်ဖြစ်သော်လည်း ဘုရင်တို့၏ အမည်များပါရှိသဖြင့် အထောက်အထားတစ်ရပ်အဖြစ် ထင်ရှားခြင်းဖြစ်မည်ဟု ယူဆရဖွယ်ရှိသည်။

ပုဂံခေတ်ထိုးကျောက်စာများအနက် ထင်ရှားသည့် ကျောက်စာများတွင် ပုဂံခေတ်နှောင်းပိုင်း၌ ရေးထိုးခဲ့သည့် ညောင်ရမ်းကြီးသမီး ကျောက်စာနှစ်ချပ်လည်း အပါအဝင်ဖြစ်သည်။

**ထူးခြားသော အရေးအသား**

ပုဂံခေတ်စာပေအရေးအသားသည် ပုဂံခေတ်နှောင်းပိုင်းတွင် တည်ငြိမ်လာကြောင်း စာပေပညာရှင်များက ယူဆကြသည်။ ထိုအချိန်ကာလတွင် ပါဝင်သည့် သက္ကရာဇ် ၆၀၄ ခုနှစ်တွင် ရေးထိုးခဲ့သည့် ညောင်ရမ်းကြီးသမီးကျောက်စာတွင် ပုဂံကျောက်စာနှင့် မင်စာများ၌ တွေ့ရလေ့ရှိသည့် အပိုထည့်သောရေးဟန်ကို တွေ့မြင်ရသည်။ ၎င်းတို့မှာ စပါးကို စပါ ဟု မရေးဘဲ စာပါဟုရေးခြင်း၊ မြောက်ကို မ္လောက်ဟု မရေးဘဲ မြစ်အောက်(မ္လစ်ဩက်) ဟု ရေးသားခြင်းဖြစ်သည်။

ထို့အတူ ထူးခြားသော အသုံးအနှုန်းအဖြစ်ဆင်းရဲကို ဆငြယ်ဟု လည်းကောင်း၊ ပုဆိုးကြမ်းကို ပုဆိုဝ်ခြံဟုလည်းကောင်း ရေးထိုးထားပုံကို သတိပြုနိုင်ကြသည်။ သေးသေးတင်(နိဂ္ဂဟိတ်) နှင့် မ သတ်ကို အသံတူယူလျက် ချမ်းသာကို ချံသာ၊ စည်းစိမ်ကို စည်စိံ ဟု ရေးထိုးထားပုံကိုလည်းတွေ့ရှိရသည်။ ယခုချက်ချင်းဟူသည့် အဓိပ္ပာယ်ကို နှစ်မကူးလပြန်၊ ခေါင်းချစရာနေရာမရှိကို ဦးခေါင်းထားရာမရှိဟုလည်း လှပစွာ ရေးထိုးထားပေသည်။

ညောင်ရမ်းကြီးသမီးသည် မိမိ၏ကျောက်စာကို ရှင်းလင်းလွယ်ကူ၍ နားလည်လွယ်ကူသော စကားပြေအရေးအသားဖြင့် ရေးထိုးခဲ့သဖြင့် အလှူရှင်၏ ခံစားချက်က ပေါ်လွင်နေသည်။ တိုးတက်ဖွံ့ဖြိုးလာသည့် မြန်မာဝေါဟာရများကို ထိုကျောက်စာတွင် ထည့်သွင်းအသုံးပြုထားကြောင်း တွေ့ရှိရသကဲ့သို့ ထိတ်လန့်ဖွယ် ကျိန်စာများကိုလည်း တွေ့ရှိရပေသည်။

**ကျောက်စာထဲက ညောင်ရမ်းကြီးသမီး**

ညောင်ရမ်းကြီးသမီးသည် ပုဂံဘုရင် နရပတိစည်သူ(၁၁၆၅-၁၂၁၁)၏ချွေးမတော်ဖြစ်၍ ညောင်ရမ်းကြီးသမီး၏ ခင်ပွန်းသည် ကက်သူမင်းသားဖြစ်သည်။ ဘုရင်နရပတိစည်သူသည် မိဖုရား ခြောက်ပါးရှိသည့်အနက် ဦးဆောက်ပန်းမိဖုရားနှင့် သားသမီးသုံးပါးထွန်းကားခဲ့ရာ ကက်သူသည် အငယ်ဆုံးဖြစ်သည်။

ကျောက်စာအရ ကက်သူသည် သက္ကရာဇ် ၆၀၄ ခုနှစ် နတ်တော်လဆုတ် ၁၄ ရက် (၁၂၄၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်) ကြာသပတေးနေ့တွင် နတ်ရွာစံခဲ့သည်။

ကက်သူ၏မိဖုရား ညောင်ရမ်းကြီးသမီးသည် ခင်ပွန်းနတ်ရွာစံပြီး သုံးရက်အကြာတွင် သခင်မဟာကဿပကျောင်းသို့ လယ်လုပ်သားကျွန် ၁၅၂ ယောက်ကိုလှူကာ ကျောက်စာနှစ်ချပ်ကို ရေးထိုးစိုက်ထူခဲ့သည်။ ညောင်ရမ်းကြီးသမီး ကျောက်စာသည် ခင်ပွန်းသည် ကက်သူနှင့်အတူနေခဲ့သည့် နေရာတွင် တည်ဆောက်လှူဒါန်းခဲ့သည့် အိမ်ရာကျောင်းနှင့် ကက်သူမိခင်၏ အစ်မကြီး၏အိမ်နေရာတွင် တည်ဆောက်လှူဒါန်းသည့် အိမ်ရာကျောင်းတို့ကို အစွဲပြုလျက် အိမ်ရာကျောင်းကျောက်စာဟုလည်း ထင်ရှားသည်။

ညောင်ရမ်းကြီးသမီးသည် အဆိုပါကျောက်စာနှစ်ချပ်ကို ပုဂံ မင်းနန်သူရွာရှိ အနန္တသူ၏ လေးထောင့်ကန်မြောက်ဘက်ရှိ အဆောက်အအုံအမှတ် (၅၀၆) တွင် စိုက်ထူခဲ့ပြီး ကုန်းဘောင်ခေတ် ဗဒုံမင်းလက်ထက်တွင် ရှင်ပင်ဗောဓိဘုရားသို့ ရောက်ရှိခဲ့ကြောင်းနှင့် အနန္တသူဆယ်ခဲ့သော လေးထောင့်ကန်သည် လေးမျက်နှာကျောင်း၏ အရှေ့တောင်ဘက်တွင် တည်ရှိ၍ မင်းနန်သူရွာရှိ နှစ်ဆင့်ကန်ဖြစ်ကြောင်း ရှေးမြန်မာကျောက်စာ လေ့လာချက်စာအုပ်တွင် ဖော်ပြထားသည်။

ပုဂံစေတီပုထိုးအမှတ်(၅၀၆)သည် မင်းနန်သူရွာရှိ အနောက်ကဿပဘုရားဖြစ်၍ ရှင်ပင် ဗောဓိဘုရားသည် ညောင်ဦးပြည်သူ့ဆေးရုံ မြောက်ဘက်တွင် တည်ရှိသည့် ပုဂံစေတီပုထိုးအမှတ် (၁၂၂) ဖြစ်သည်။

ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများစာအုပ်တွင်မူ ညောင်ရမ်းကြီးသမီး ကျောက်စာနှစ်ချက်ကို ထီးလိုမင်းလိုဘုရား၏ အနောက်မြောက်ဘက် ပေ ၈၀၀ ခန့်၊ ဘုရားမုခ်ဂူအတွင်း မြောက်ဘက်အုတ်နံရံနှင့် ကပ်လျက်နေရာ၊ တောင်ဘက်နံရံနှင့် ကပ်လျက်နေရာမှ တစ်ချပ်စီ တွေ့ရှိခဲ့ကြောင်း ဖော်ပြထားသည်။ ယခုအခါတွင် ညောင်ရမ်းကြီးသမီး ကျောက်စာနှစ်ချပ်ကို ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ထိန်းသိမ်းထားသည်။

**အလှူမှတ်တမ်း**

ညောင်ရမ်းကြီးသမီးကျောက်စာ နှစ်ချပ်အနက် မြောက်ဘက်ကျောက်စာချပ်သည် နှစ်မျက်နှာထိုးကျောက်စာဖြစ်၍ စာကြောင်း ၂၉ ကြောင်း ရေးထိုးထားသည်။ တောင်ဘက်ကျောက်စာတွင် မျက်နှာတစ်ဖက် ရေးထိုးထားပြီး စာကြောင်း ၃၄ ကြောင်းပါရှိသည်။

ကျောက်စာနှစ်ချပ်စလုံးတွင် ကျောက်စာရေးထိုးသည့်ရက်ကို သက္ကရာဇ် ၆၀၄ ခု ပိသျက်နှစ်၊ ပြာသိုလဆန်း ၃ ရက် တနင်္ဂနွေနေ့ဟု ရေးထိုးထားသည်။ မြောက်ဘက်ကျောက်စာတွင် ကက်သူကွယ်လွန်သည့်ရက်ကို သက္ကရာဇ် ၆၀၄ ခု နတ်တော်လဆုတ် ၁၄ ရက်ကြာသပတေးနေ့၌ အတို့သခင် မင်းကက်သူ ပျံတော်မူ၏၊ ပျံတော်မူပြီဟု ရေးထိုးခဲ့သည်။ မိမိကိုယ်တိုင်ကိုလည်း အတို့သခင်မင်းမယား ညောင်ရမ်းကြီးသမီးဟု ဖော်ပြသည်။

အလှူရှင်သည် မိမိလှူဒါန်းမှုပြုခြင်း၏ ရည်ရွယ်ချက်ကို အတည်မဲ့သောတရားကို ထိတ်လန့်၍ မိမိလင်နတ်ရွာလားသောမင်းကို မြတ်နိုးစွာဖြစ်၍ ဘုရား၊ တရား၊ သံဃာကိုရည်၍ အရပ်သုံးပါး သာသနာတည်အံ့ဟူ၍ဟု ရေးထိုးထားသည်။ သာသနာတည်စေလိုသည့် အရပ်သုံးပါးကို ကျောက်စာတွင် တစ်ဆက်တည်းရေးထိုးဖော်ပြထားရာ ထိုသုံးနေရာသည် ခင်ပွန်းသည် ကက်သူနှင့်အတူနေခဲ့သည့် အိမ်ရာကျောင်း၊ သခင်မဟာကဿပတောကျောင်းနှင့် မင်းမိကြီး အိုထက်ပြည့်သင်၏ အိမ်ရာကျောင်းတို့ဖြစ်ကြောင်းကျောက်စာတွင် တွေ့ရှိရသည်။

ညောင်ရမ်းကြီးသမီးဆောက်လုပ်လှူဒါန်းခဲ့သည့် ကျောင်းသုံးကျောင်းအနက် ပထမအိမ်ရာကျောင်းနေရာသည် ထီးလိုမင်းလိုဘုရား၏ အနောက်မြောက်ဘက် ပေ ၈၀၀ အကွာတွင် တည်ရှိခဲ့သည်။ ထိုနေရာသည် ကက်သူနှင့် ညောင်ရမ်းကြီးသမီး နေထိုင်ခဲ့သည့်နေရာဖြစ်၍ ထိုနေရာတွင်ကျောင်းဆောက်လှူဒါန်းသဖြင့်အိမ်ရာကျောင်းဟု အမည်တွင်ခဲ့သည်။



ညောင်ရမ်းကြီးသမီးကျောက်စာနှစ်ချပ်ကို တွေ့ရှိခဲ့သည့် ထီးလိုမင်းလိုဘုရား။

ဒုတိယအိမ်ရာကျောင်းသည် ရွှေစည်းခုံစေတီ၏ တောင်ဘက်နှင့် ဂူပြောက်ကြီးဘုရား၏ မြောက်ဘက်တွင်တည်ရှိသော တန်ဆောင်းဘုရားအနီးတွင် ရှိသည်။ ထိုနေရာသည် မင်းသားကက်သူ၏ မိခင်၏ အစ်မကြီး(မင်းမိကြီး)ဖြစ်သော အိုထက်ပြည့်သင်၏ အိမ်နေရာဖြစ်၍ ထိုနေရာတွင် ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဖြစ်သဖြင့် အိမ်ရာကျောင်းဟုပင် အမည်တွင်ခဲ့သည်။

သခင်မဟာကဿပတောကျောင်းသည် မင်းနန်သူရွာမြောက်ပိုင်းရှိ အနောက်ကဿပဘုရား၏ အနောက်တောင်ဘက်တွင်ရှိသည်။ အနောက်ကဿပဘုရားသည် ပုဂံစေတီပုထိုးအမှတ် (၅၀၇) ဖြစ်၍ ထိုနေရာတွင် ကျောင်းဆောက်လုပ်လှူဒါန်းခဲ့သဖြင့် သခင်မဟာကဿပတောကျောင်းဟု အမည်တွင်ခဲ့သည်။

ထိုကျောင်းသုံးကျောင်းကို တောကျောင်း၊ အိမ်ကျောင်းနှင့် ငါးမျက်နှာကျောင်း(တ်ဝ်ကွ္လောင်၊ ဤမ်ကွ္လောင်၊ ငါမျက်နှာကွ္လောင်)ဟု ကျောက်စာတွင် ရေးထိုးထားသည်။ ကျောင်းသုံးကျောင်းကို တည်ဆောက်ပြီးနောက် ကျောင်းရှိ ဘုရား၊ တရား၊ သံဃာအတွက် လယ်မြေနှင့် ကျွန်များကိုပါ လှူဒါန်းခဲ့သည်။

**မြောက်ဘက်ကျောက်စာ**

ညောင်ရမ်းကြီးသမီး၏ကျောက်စာနှစ်ချပ်တွင် မြောက်ဘက်ကျောက်စာကို နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဟူသည့် ဘုရားရှိခိုးစာကို ပထမဆုံးရေးထိုးသည်။ ထို့နောက် ကျောက်စာရေးထိုးသည့်ရက်ကို ဦးစွာမဖော်ပြဘဲ ခင်ပွန်းဖြစ်သူ ကက်သူနတ်ရွာစံသည့်ရက်ကို မှတ်တမ်းပြုခဲ့သည်။

ခင်ပွန်းနတ်ရွာစံပြီး သုံးရက်မြောက်နေ့တွင် အလှူပြုခဲ့ပုံကို စာကြောင်းရှစ်ကြောင်းထိ ရေးထိုးထားသည်။ ထို့နောက် ခင်ပွန်းသည်နှင့် အတူနေခဲ့သည့်အိမ်ရာ၌ ဆောက်လုပ်သည့်ကျောင်းနှင့် ရတနာသုံးပါးကိုလှူသော လယ်စာရင်းကို ဖော်ပြထားသည်။ ထိုလယ်မြေစာရင်းနှင့်ပတ်သက်၍ အမွေဆက်ခံရသော မြေ၊ ရွှေငွေရတနာများရောင်း၍ရသော မြေ၊ အတိုးအရင်းပွားရသောမြေ စသည်ဖြင့်ဖော်ပြထားသည်။ ထိုသို့ရေးထိုးခြင်းသည် နောင်အခါ၌ လယ်မြေနှင့် ပတ်သက်သည့် အရှုပ်အထွေးပြဿနာများ မပေါ်ပေါက်စေရန် မှတ်တမ်းတင်ခဲ့ဟန်ရှိကြောင်း ယူဆရပေသည်။

စည်သူမင်းက ကက်သူကိုပေးခဲ့သည့် ခန်တီးလယ် ပယ် ၂၀၀၊ ကက်သူမယား (ညောင်ရမ်းကြီးသမီး)၏ရွှေကို သခင်မင်းလှယူပြီး ရွှေဖိုးပေးသော ခေါင်နန်မူရင်လယ် ပယ် ၁၀၀၊ ကျောင်းသို့လှူထားသည့် လှေကို ကဝရစ်သားဘထွေးတော်က ဝယ်ယူပြီး လှေဖိုးပေးသော ပင်တင်လယ် ခြောက်ပယ်ဟု ရေးထိုးထားသည်။

စည်သူမင်းက သခင်ညောင်ရမ်းကြီးမယား (ညောင်ရမ်းကြီးသမီး၏ မိခင်)ကိုပေးသော ပင်တင်လယ်များအနက် မိမိအတွက်ရရှိသော ပယ် ၂၀၀၊ ကျောင်းသို့ လှူထားသော ဆင်အယန်ဖြည်ကိုပြည်သူကြီးဝယ်ယူသည့် ဆင်ဖိုးပြည်လယ် ၅၀ ဟု ဖော်ပြထားသည်။ ပြည်သူကြီးသည် ငစုံနှင့်ငရန် ပုန်ကန်သဖြင့် စစ်ဖြစ်ရာတွင်အသုံးပြုရန် ဆင်ကိုဝယ်ယူခြင်းဖြစ်ကြောင်းကိုလည်း ရှင်းလင်းထားသည်။

ဆက်လက်၍ ကျစွာမင်းကြီးက ကက်သူကိုပေးသည့် ကြိုင်သရည် လယ်ပယ် ၂၀၀၀ အနက် ပယ် ၁၀၀၀ ကို ညောင်ရမ်းကြီးသမီးက ကျောင်းသို့လှူခဲ့သည်။ ညောင်ရမ်းကြီးသမီးသည် လယ်များအပြင် ဥယျာဉ်မြေများကိုလည်းလှူဒါန်းခဲ့ရာ လှူဒါန်းမှုအစုစု လယ်နှင့် ဥယျာဉ်ပေါင်းသည် ပယ် ၁၇၁၀ ဖြစ်သည်။

ကျောက်စာစာကြောင်း ၂၁ မှ ၂၈ ထိ လယ်မြေခွဲဝေမှုကိုရေးထိုးထားရာ ခန်တီးလယ် ၁၀ ပယ်နှင့် ခေါက်နန် လယ် ၁၀ ပယ်ကို ဘုရား၊ တရား၊ သံဃာကို လုပ်ကျွေးသောသူ၊ ရဟန်းသံဃာတို့ကို သင်ကြားတတ်သောသူ၊ ဤအိမ်ရာကျောင်း၌ ကျောင်းထိုင်ပုဂ္ဂိုလ်၏အမိန့်ကိုနာခံသောသူဟူသမျှ အမှုကိစ္စလုပ်ကိုင်ဆောင်ရွက်မှုအပေါ်မူတည်၍ စားစေ၊ အပြစ်မရှိဟုခွဲဝေပုံကို ရေးထိုးခဲ့သည်။

မိမိလှူဒါန်းသည့် လယ်နှင့်ကျွန်များအားလုံးကို ထေရသခင်(ကျောင်းထိုင်ပုဂ္ဂိုလ်)သာလျှင် အုပ်စိုးပါစေဟု အပ်နှံခဲ့သည်။ ကျောင်းတွင် စာသင်သားခုနစ်ယောက်ရှိ၍ မိမိလှူဒါန်းသည့် လယ်နှင့်ကျွန်များအနက် လယ်တစ်ပယ်ကိုဖြစ်စေ၊ ကျွန်တစ်ယောက်ကိုဖြစ်စေ လုယက်စားသောက်၊နိုင်ထက်ဖျက်ဆီးသူကို ကျိန်စာဆိုခဲ့သည်။

လုစားသောသူ၊ နိုင်ထက်ဖျက်ဆီးသောသူသည် ဘုန်းမကြီးပါစေနှင့်၊ အသက်မရှည်ပါစေနှင့်စသည်ဖြင့် များစွာသောကျိန်စာသင့်၍ ဦးခေါင်းထားရာမသိ၊ ပျက်စီးပြုန်းတီးပါစေ၊ နှစ်မကူး လမပြန် ကြီးစွာသောဘေးသင့်ပါစေဟု ရေးထိုးခဲ့ပြီး နောက်ဆုံးစာကြောင်းတွင် ရတနာသုံးပါးကို အရေးအရာယူသောသူကား ငါပေးသော ဆုမြတ်သုံးပါးရ၍ နိဗ္ဗာန်ပြည်ရောက်စေသောဝ်ဟု အဆုံးသတ်ထားသည်။

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်း ရူးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၇၃၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဘူးစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၇၃၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၇၃၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများ စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြောင်းမြမြို့နယ်တွင် ဧက ၂၆၀၀၊ အိမ်မဲမြို့နယ်တွင် ၁၀၈၁ ဧက၊ ဝါးခယ်မမြို့နယ်တွင် ၁၀၅၅ ဧက စုစုပေါင်း ၄၇၃၆ ဧက ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြောင်းမြခရိုင် တစ်ခုလုံးအနေနဲ့ စားဖိုဆောင်သီးနှံ ၄၇၃၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့အသီးအနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့အတွက် တောင်သူအသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက် ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၇၃၆ ဧက စိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ နံနံပင်၊ မုန်လာ၊ ခရမ်းသီး၊ ဘူးသီး၊ ရုံးပတီ စသည့် သီးနှံများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။ **ကျော်ကျော်လင်း**

á **စာမျက်နှာ ၄ မှအဆက်**

**တောင်ဘက်ကျောက်စာ**

ညောင်ရမ်းကြီးသမီး၏ တောင်ဘက်ကျောက်စာ တွင် နမောဗုဒ္ဓါယ၊ ဓမ္မာယ၊ သဃ်ာယာတိဟု အစချီပြီး သက္ကရာဇ် ၆၀၄ ခု၊ ပိသျက်နှစ်၊ နတ်တော်လဆုတ် ၁၄ ရက် ကြာသပတေးနေ့တွင် သခင်မင်းကက်ာသူမယား ညောင်ရမ်းကြီးသမီး သာသနာတည်သရွေ့ ဤအိမ်ရာကျောင်း၊ ဘုရား တရား သံဃာရတနာ သုံးပါးကို လှူသောကျွန်ကားဟု ရေးထိုးပြီး လှူဒါန်းသည့် ကျွန်အမည်များကို ဖော်ပြခဲ့သည်။

ထိုကျွန်များတွင် ပန်းပွတ်၊ ပန်းထိမ်၊ ပန်းချီ၊ စာရေး၊ နွားထိန်း၊ ခဝါသည်၊ သစ်ဆွတ်ကျွန်၊ သစ်တောင်ကျွန် စသည့်ကျွန်အမျိုးမျိုး ပါဝင်ခဲ့သည်။ ထူးခြားသည့် ကျွန်အမည်များသည် ငကမ်းယံ(ကမ်းခြေတစ်ဝိုက်တွင်နေသူ)၊ ဦးငဖီး (ငဦးပြည်း ၊ ခေါင်းတုံး)၊ ငခေါင်းတုံး(ဆံပင်၊ ဆံထုံးမရှိသူ) စသည့်အမည်များပါရှိသည်။ ကျွန်စာရင်းတွင် ပန်းအမည်ပေးထားသည့် ကြက်ရန်း၊ ခေါင်ရန်း စသည့်အမည်များလည်း ပါရှိသည်။

ဤကျောက်စာတွင်လည်း ကျိန်စာကိုရေးထိုးထားရာ မြောက်ဘက်ကျောက်စာတွင် ရေးထိုးထားသည့် ကျိန်စာထက် ပိုမိုပြင်းထန်ကာ ကြောင်းရေ ၂၇ မှ ၃၂ ထိ ရှည်လျားခဲ့သည်။

ငါ့အဆွေလည်းကောင်း၊ ငါ့ခင်ပွန်း၏ အဆွေလည်းကောင်း၊ ပြင်ပလူလည်းကောင်း၊ ရဟန်းလည်းကောင်း၊ လူလည်းကောင်း၊ မိန်းမလည်းကောင်း၊ ယောကျ်ားလည်းကောင်း၊ လုစားတတ်သော နိုင့်ထက်မူလတ်သောသူကို လူတွင် ဘုန်းမကြီးစေ၊ အသက်မရှည်စေသတည်း။ မင်းဘေးသင့်စေသတည်း။ မီးဘေး၊ ရေဘေး၊ မိုးကြိုးပုဆိန်ဘေး၊ ဆင်ဘေး၊ မြင်းဘေး၊ မြွေဘေး၊ သစ်ကျား၊ လူဝံဘေး၊ သမားကုရ၍ မတတ်ရာသော အနာဘေးကြီးစွာသင့်၍ သေလတ်စေသတည်းဟု ကျိန်ဆိုခဲ့သည်။

ထို့ထက်ပို၍ ကြောက်ဖွယ်ကောင်းသည့် ကျိန်စာအဖြစ် သွေးခဲအန်၍ သေစေသတည်း၊ သေသော် အဝီစိငရဲကြီး၌ ကျက်စေသတည်း၊ ဘုရားအဖြစ်လည်း မဖူးစေသတည်း၊ ကုသိုလ်ကံကြမ္မာအလျောက် လူဖြစ်ငြားတုံသော်လည်း နူသော၊ ဝဲသော၊ ကျိုးသော၊ ကန်းသော၊ နားပင်းသော၊ ရူးသော၊ တုံလှီသော၊ ခြေလက်တိုသော၊ နားနှာခေါင်းတိုသော၊ ပုဆိုးကြမ်း လည်တွင်ပတ်၍ ဖုန်းတောင်းစားသော်လည်း မစားရတတ်သော လူပြိတ္တာလျှင်ဖြစ်စေသတည်းဟု ရေးထိုးခဲ့သည်။ မြေကြီးကမ္ဘာကား အထက်လုစားသောသူအောက် ဖြစ်ပါစေ (အဝီစိကျပါစေ)ဟု ရေးထိုးခဲ့သည်။

ကျိန်စာရေးထိုးပြီးနောက် စာကြောင်း ၃၂ မှ ၃၄ ထိ ဆုတောင်းစာများရေးကာ ကျောက်စာကို အဆုံးသတ်ထားသည်။ ပုဂံခေတ်နှောင်းကျောက်စာဖြစ်သည့် ညောင်ရမ်းကြီးသမီး ကျောက်စာနှစ်ချပ်ကို ထူးခြားသော မြန်မာစာအသုံးအနှုန်းနှင့် ကျိန်စာများပါရှိသည့် မှတ်တမ်းတစ်ခုအဖြစ်လေ့လာနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ရှေးဟောင်းမြန်မာကျောက်စာများ၊ ဒုတိယတွဲ(ဦးငြိမ်းမောင်)**
- **ရှေးမြန်မာကျောက်စာလေ့လာချက် အတွဲ(၁)(နီတွတ်)**
- **မ ၃၁၀၈ ဘာသာစကားပို့ချချက် (ရန်ကုန်အဝေးသင်တက္ကသိုလ်)**

## တန်ဖိုးထားလေးစား မြန်မာအမျိုးသမီးများ

\- တို့မြန်မာ အမျိုးသမီးများ
တန်ဖိုးထား လေးစားစေ၊
သမိုင်းအစဉ် အဆက်ဆက်
ဂုဏ်တက်လို့ပေ၊
ဘိုးဘွားပိုင်သည့် ကိုယ့်ရဲ့မြေ
သူတို့အခြေ လျှောက်ကာလှမ်း၊
ဣန္ဒြေသိက္ခာ အမြဲရှိလို့
တော်ဝင်သည့်ပန်း။

\- လဇ္ဇူလိုင် ဆန်းသုံးရက်
ပန်းကုံးဖွဲ့ ဂုဏ်ပြုကာ၊
အမျိုးသမီးများကို တန်ဖိုးထား
လေးစားလို့သာ၊
တစ်နှစ်တစ်ခါ
စုစည်းညီညာ ကျင်းပအမြဲ၊
အမျိုးဘာသာ စောင့်ထိန်းရေး
အားပေးဆင်နွှဲ။

\- ကျားမတန်းတူ မခွဲခြား
အမြဲအားပေး လက်တွဲကာ၊
မိမိကိုယ်ကို တန်ဖိုးထားလို့
မမှားစေရာ၊
ဘဝအတွက် စာပေသာ
သင်ကြားကာ လမ်းမှန်ရေး၊
ဇာတိသွေးတွေ ရင်မှာကိန်း
ထိန်းသိမ်းလို့ပေး။

\- အမျိုးသမီးများ အခွင့်အရေး
ကာကွယ်ပေး ထာဝစဉ်၊
အသိပညာ မျှဝေပေးလို့
ဘေးရန်ကိုနှင်၊
နုနယ်သည့် ပန်းအသွင်
လှပစေချင် ပင်ယံဖျား
ရန်ပေါင်းစုံ ကြီးမားမှုကို
တားဆီးဖယ်ရှား။ ။

**ပန်းမာလာ**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ပီရူးသမ္မတ ရွေးကောက်ပွဲ၌ ဖူဂျီမိုရီ အနိုင်ရရှိ




**လီမာ ဇွန် ၃၀**

ပီရူးသမ္မတ ရွေးကောက်ပွဲ၌ ကွန်ဆာဗေးတစ်ဝါဒီ အမျိုးသမီး သမ္မတလောင်း ကီကိုဖူဂျီမိုရီ အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ထုတ်ပြန်သည့် ရွေးကောက်ပွဲ မဲရလဒ်များအရ သိရကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ဖူဂျီမိုရီသည် ဇွန် ၇ ရက်တွင် ကျင်းပခဲ့သော ပီရူးသမ္မတ ရွေးကောက်ပွဲ ဒုတိယအကျော့တွင် ပြိုင်ဘက်သမ္မတလောင်း လက်ဝဲဝါဒီ ရိုဘာတိုဆန်းချက်ဇ်ကို ထောက်ခံမဲ ၅၀၀၀၀ အသာဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မိမိအနေဖြင့် ပီရူးနိုင်ငံ၏ တည်ငြိမ်ရေးနှင့် မျှော်လင့်ချက်တို့ကို ပြန်လည်ထိန်းသိမ်းမည်ဖြစ်ကြောင်း ဖူဂျီမိုရီက ရွေးကောက်ပွဲ နောက်ဆုံးရလဒ် ပေါ်ထွက်ခဲ့ပြီးနောက် ကတိကဝတ်ပြုခဲ့သည်။

ရွေးကောက်ခံ သမ္မတလောင်း ဖူဂျီမိုရီသည် အုပ်စုဖွဲ့ရာဇဝတ် ဂိုဏ်းများကြီးစိုးနေပြီး နိုင်ငံရေး မတည်ငြိမ်မှုများနှင့် ကာလကြာရှည်ရင်ဆိုင်နေရသော ပီရူးနိုင်ငံကို ဦးဆောင်ရမည်ဖြစ်သည်။

အသက် ၅၁ နှစ်ရှိ ဖူဂျီမိုရီသည် ပီရူးနိုင်ငံကို ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်ထိ အုပ်ချုပ်ခဲ့သော သမ္မတဟောင်း အယ်လ်ဘာတို ဖူဂျီမိုရီ၏ သမီးဖြစ်သည်။

ရွေးကောက်ပွဲ အပြီးသတ်ရလဒ်များ ပေါ်ထွက်လာခဲ့ပြီးနောက် ဖူဂျီမိုရီသည် ငါးနှစ်သက်တမ်းရှိ ပီရူးနိုင်ငံသမ္မတရာထူးကို လာမည့် ဇူလိုင် ၂၈ ရက်တွင် စတင်ရယူမည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ဂျာမနီနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဂေဟာ၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ လူခြောက်ဦးသေဆုံး

**ဘာလင် ဇွန် ၃၀**

ဂျာမနီနိုင်ငံမြောက်ပိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ဂေဟာတစ်ခု၌ ဇွန် ၂၉ ရက်က သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် အမျိုးသမီးလေးဦးနှင့် အမျိုးသားနှစ်ဦး သေဆုံးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပစ်ခတ်မှုကျူးလွန်သူ သေနတ်သမားမှာ သုံးလသားအရွယ် သမီးဖြစ်သူကို အုပ်ထိန်းခွင့်ရရှိရေးအတွက် တရားရုံး၌ အမှုရင်ဆိုင်နေရသူ အမျိုးသားတစ်ဦးဖြစ်ကြောင်း ဂျာမနီမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

၎င်းသေနတ်သမားသည် သမီးဖြစ်သူအုပ်ထိန်းခွင့်အတွက် ရုံးချိန်းရှိသည့်နေ့မှာပင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ဂေဟာအတွင်း ဝင်ရောက်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

သေနတ် ပစ်ခတ်မှုအတွင်း သေဆုံးခဲ့သူခြောက်ဦးမှာ မိခင်နှင့် ကလေးစောင့်ရှောက်ရေး ဂေဟာဝန်ထမ်းများဖြစ်ကြပြီး သေနတ်သမား၏ သမီးနှင့် မိခင်တို့မှာ အထိအခိုက်မရှိ လွတ်မြောက်ခဲ့သည်။

သေနတ်သမား အမျိုးသားသည် ပစ်ခတ်တိုက်ခိုက်မှုကျူးလွန်ခဲ့ပြီးနောက် မော်တော်ယာဉ်တစ်စီးဖြင့် ထွက်ပြေးရန်ကြိုးပမ်းခဲ့သော်လည်း ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း ဂျာမနီမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဇွန် ၂၉ ရက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးဂေဟာ သေနတ်ပစ်ခတ်မှုကို တုန်လှုပ်ဖွယ်ကောင်းသည့် ရာဇဝတ်မှုအဖြစ် ဂျာမနီဝန်ကြီးချုပ် ဖရက်ဒရစ်မားဇ်က ဝေဖန်ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## ဂျပန်ဝန်ကြီးချုပ် တာကာအိချီ အိန္ဒိယနိုင်ငံသို့ သွားရောက်မည်




**တိုကျို ဇွန် ၃၀**

ဂျပန်ဝန်ကြီးချုပ် တာကာအိချီသည် ဇူလိုင် ၁ ရက်တွင် သုံးရက်ကြာ အိန္ဒိယနိုင်ငံခရီးစဉ်ကို စတင်မည်ဖြစ်ကြောင်း ဂျပန်မီဒီယာများ သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ ခရီးစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ် တာကာအိချီသည် အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စများ ဆွေးနွေးမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ခရီးစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ်နှင့် အိန္ဒိယဝန်ကြီးချုပ်တို့သည် စီးပွားရေးလုံခြုံမှုဆိုင်ရာ ပူးတွဲကြေညာချက် တစ်ရပ် ထုတ်ပြန်မည်ဖြစ်ကြောင်း ဂျပန်အစိုးရ သတင်းအရင်းအမြစ်များက ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါပူးတွဲကြေညာချက်တွင် စီးပွားရေးအရ အကျပ်ကိုင်မှု ဆန့်ကျင်ရေး သဘောထားကိုလည်း ထည့်သွင်းဖွယ်ရှိကြောင်း ဂျပန်တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ဇူလိုင် ၁ ရက်တွင် စတင်မည့် အိန္ဒိယခရီးစဉ်သည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် ဝန်ကြီးချုပ်တာဝန် စတင်ရယူခဲ့သည့် ဂျပန်ဝန်ကြီးချုပ် တာကာအိချီအတွက် ပထမဆုံးအိန္ဒိယ ခရီးစဉ်ဖြစ်သည်။

တရုတ်(တိုင်ပေ) ကိစ္စနှင့်ပတ်သက်၍ ဂျပန်နှင့် တရုတ်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာနေချိန်တွင် အိန္ဒိယနိုင်ငံသို့ သွားရောက်ရန် ဂျပန်ဝန်ကြီးချုပ် တာကာအိချီက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## အမေရိကန်နှင့် အီရန် အစိုးရကိုယ်စားလှယ်များ ကာတာနိုင်ငံသို့ ယခုရက်သတ္တပတ်အတွင်း သွားရောက်မည်

**ဝါရှင်တန် ဇွန် ၃၀**

အမေရိကန်နှင့် အီရန်အစိုးရ စေ့စပ်ဆွေးနွေးရေးအဖွဲ့များအနေဖြင့် ယခုရက်သတ္တပတ်အတွင်း ကာတာနိုင်ငံ ဒိုဟာမြို့သို့ သွားရောက်မည်ဖြစ်ကြောင်း ဇွန် ၂၉ ရက်သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယခု ရက်သတ္တပတ်အတွင်း ကာတာနိုင်ငံ ဒိုဟာမြို့သို့ သမ္မတဒေါ်နယ်ထရမ့်၏ အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်နှင့် ဒေါ်နယ်ထရမ့်၏သမက် ဂျရက်ကုရှ်နာတို့ ဦးဆောင်သော စေ့စပ်ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ သွားရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော် တာဝန်ရှိသူများက အတည်ပြုထားသည်။

အလားတူ ယခုရက်သတ္တပတ်အတွင်း အီရန်အစိုးရ စေ့စပ်ဆွေးနွေးရေးအဖွဲ့ တစ်ဖွဲ့သည်လည်း ကာတာနိုင်ငံ ဒိုဟာမြို့သို့ သွားရောက်မည် ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် အီရန်ကိုယ်စားလှယ်အဖွဲ့ ခရီးစဉ်သည် အမေရိကန်ကိုယ်စားလှယ်အဖွဲ့ ခရီးစဉ်နှင့် ဆက်နွယ်မှုမရှိဘဲ နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးရန်လည်း စီစဉ်ထားခြင်းမရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားထားသည်။

ပြီးခဲ့သည့် ရက်များအတွင်း ပင်လယ်ကွေ့ဒေသ၌ စစ်ရေးပဋိပက္ခများ ပြန်လည်ဖြစ်ပွားခဲ့ပြီးနောက် ကာတာနိုင်ငံ ဒိုဟာမြို့သို့ ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ရန် အီရန်နှင့် အမေရိကန်နိုင်ငံတို့က စီစဉ်ထားခြင်းဖြစ်သည်။

သို့ရာတွင် နှစ်ဖက်တွေ့ဆုံဆွေးနွေးနိုင်မည့်အရေး မရေမရာဖြစ်နေမှုကြောင့် ဇွန် ၁၇ ရက်တွင် ရယူထားသည့် အချက် ၁၄ ချက်ပါ အီရန်ပဋိပက္ခပြီးဆုံးရေး ယာယီသဘောတူညီချက် တည်မြဲနိုင်ခြေမှာလည်း မရေမရာဖြစ်လာခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ် ဩစတြေးလျနှင့် ဗာနေတူနိုင်ငံတို့ လက်မှတ်ရေးထိုး

**ကင်ဘာရာ ဇွန် ၃၀**

နှစ်နိုင်ငံ စီးပွားရေးနှင့် လုံခြုံရေး သဘောတူညီချက်တစ်ရပ်ကို ဩစတြေးလျနှင့် ဗာနေတူ ခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ကြကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ သဘောတူညီချက်ကို ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီစီနှင့် ဗာနေတူဝန်ကြီးချုပ် ဂျိုသမ်နာပက်တို့က ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့၌ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အဆိုပါသဘောတူညီချက်တွင် ဗာနေတူနိုင်ငံ၌ ပြည်ပစစ်စခန်းများထားရှိခွင့်ကို ပိတ်ပင်ထားကြောင်း သိရသည်။



အလားတူ အဆိုပါသဘောတူညီချက်အရ ဩစတြေးလျနိုင်ငံက ဗာနေတူနိုင်ငံကို စီးပွားရေးအရ ပံ့ပိုးကူညီပေးမည်ဖြစ်သည်။

တောင်ပစိဖိတ် နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဗာနေတူနိုင်ငံသည် ဩစတြေးလျနိုင်ငံကဲ့သို့ အမေရိကန်နိုင်ငံ၏ မဟာမိတ်များနှင့် တရုတ်နိုင်ငံတို့ကြား မဟာဗျူဟာအရ အားပြိုင်နေသည့်နိုင်ငံဖြစ်သည်။

တရုတ်နိုင်ငံသည် ဗာနေတူနိုင်ငံ၏ အကြီးဆုံး မြီရှင်နိုင်ငံဖြစ်သကဲ့သို့ တရုတ်ရေတပ်မှ စစ်သင်္ဘောများကလည်း ဗာနေတူဆိပ်ကမ်းများသို့ မကြာခဏ ဝင်ရောက်ဆိုက်ကပ်လေ့ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## စပေ့စ်အိတ်ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၄ စင်းကို အောင်မြင်စွာလွှတ်တင်



**ဝါရှင်တန် ဇွန် ၃၀**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ဇွန် ၂၈ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၄ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဇွန် ၂၉ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အထက်ပါစတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၄ စင်းကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှ တစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး တစ်နာရီခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည်သယ်ဆောင်ထားသည့်စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် လွှတ်တင်ပြီး ကိုးမိနစ်ခန့်အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည်။

ဇွန် ၂၈ ရက်မစ်ရှင်အောင်မြင်မှုကြောင့် စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက် ဂြိုဟ်တုကွန်ရက်တွင် ဂြိုဟ်တုစင်းရေ ၁၀၇၀၀ ထိရှိလာခဲ့ပြီဖြစ်သည်။

အဆိုပါမစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော ၇၅ ကြိမ်မြောက် ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO


## အင်္ဂါဂြိုဟ်ကင်းထောက်အာကာသယာဉ်က ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်မာရသွန်ခရီးရှည်ပန်းဝင်မျဉ်းနေရာကို ရှာဖွေဖော်ထုတ်ပေးနိုင်ခဲ့

**ဝါရှင်တန် ဇွန် ၃၀**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အင်္ဂါဂြိုဟ်ကင်းထောက်အာကာသယာဉ်(အမ်အာရ်အို)သည် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ် မာရသွန်ခရီးရှည်ပန်းဝင်မျဉ်းနေရာကို ရှာဖွေဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း ဇွန် ၂၉ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

ပါဆီးဗရင့်စ်အာကာသယာဉ်သည် ဇွန် ၁၄ ရက်တွင် အင်္ဂါဂြိုဟ်ပေါ်၌ ခရီးအကွာအဝေး ၂၆ ဒသမ ၂ မိုင်ထိရောက်ရှိခဲ့ရာ အထက်ပါအကွာအဝေးသည် ကမ္ဘာပေါ်၌ မာရသွန် ခရီးရှည်ပြေးပွဲအကွာအဝေးနှင့်ညီမျှသည်။

အမ်အာရ်အိုအင်္ဂါဂြိုဟ်ကင်းထောက်အာကာသယာဉ်၏ ဖော်ထုတ်မှုအရ ပါဆီးဗရင့်စ်အာကာသယာဉ်၏ မာရသွန်ခရီးရှည်ပန်းဝင်



မျဉ်းမှာ ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၏ အာဘော့အမည်ရှိ ဒေသတွင်ဖြစ်ကြောင်း သိရသည်။

၂၀၂၁ ခုနှစ်တွင် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေသို့ ဆင်းသက်ခဲ့သည့် ပါဆီးဗရင့်စ်အာကာသယာဉ်သည် ၂၆ ဒသမ ၂ မိုင်ခရီးကို ငါးနှစ်နှင့်လေးလကြာအချိန်ယူမောင်းနှင်ခဲ့ရသည်။

ပါဆီးဗရင့်စ်ကဲ့သို့ပင် နာဆာ၏ ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးအာကာသယာဉ်သည်လည်း ၂၆ ဒသမ ၂ မိုင်မာရသွန်ခရီးရှည်ကို ကျော်ဖြတ်နိုင်ခဲ့ပြီးဖြစ်သည်။

သို့ရာတွင် ကျူရီယိုစီတီအင်္ဂါဂြိုဟ် မျက်နှာပြင်လေ့လာရေးယာဉ်သည်အထက်ပါမာရသွန်ခရီးရှည်အကွာအဝေးကို ရောက်ရှိရေးအတွက်၁၁ နှစ်ကျော်ကြာအချိန်ယူခဲ့ရကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်ပတ်လမ်းအမြင့်ကို မြှင့်တင်ရန် လင့်ခ်အာကာသယာဉ်ကို နာဆာလွှတ်တင်ရန်စီစဉ်နေ

**ဝါရှင်တန် ဇွန် ၃၀**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် ဆွစ်ဖ်အာကာသ ရေဒီယိုတယ်လီစကုပ်၏ ပတ်လမ်းအမြင့်ကို မြှင့်တင်ရေးအတွက် လင့်ခ်အာကာသယာဉ်ကို လွှတ်တင်ရန်စီစဉ်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဇွန် ၂၉ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

နာဆာအဖွဲ့သည် ပတ်လမ်းအမြင့် တဖြည်းဖြည်းကျဆင်းလာသည့် ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်ကို လင့်ခ်အမည်ရှိ အာကာသယာဉ် တစ်စင်းဖြင့် ပတ်လမ်းမြှင့်တင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

Katalyst အမည်ရှိ အမေရိကန်အာကာသနည်းပညာကုမ္ပဏီ တစ်ခုက တည်ဆောက်ပေးထားသော လင့်ခ်အာကာသယာဉ်ကို လွှတ်တင်ရန် စီစဉ်ထားသည်။

အဆိုပါ အာကာသယာဉ်ကို သယ်ဆောင်ထားသည့် ပီးဂါးဆပ်စ် ဒုံးပျံကို လေယာဉ်တစ်စင်းပေါ်မှ တစ်ဆင့် လွှတ်တင်ရန် နာဆာက စီစဉ်ထားသည်။

လွှတ်တင်ပြီးနောက် လင့်ခ် အာကာသယာဉ်သည် ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ် ထံရောက်ရှိရန် တစ်လကြာမျှ အချိန်ယူ ပျံသန်းမည်ဖြစ်ပြီး ရောက်ရှိချိန်တွင် ဆွစ်ဖ်အာကာသ ရေဒီယိုတယ်လီစကုပ်ကို စက်ရုပ်လက်တံသုံးခုဖြင့် ချိတ်ဆွဲ၍ ယခင်ပတ်လမ်းအမြင့်ကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရသည်။

လင့်ခ်အာကာသယာဉ်သည် လက်ရှိတွင် ကမ္ဘာမြေပြင်အထက် အမြင့် ၂၂၄ မိုင်အကွာတွင်ရှိနေသော ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်၏ ပတ်လမ်းကို ၃၇၃ မိုင်အကွာရှိ ပတ်လမ်းပေါ်သို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## မိခင်နို့ရည်ကိုအနည်းဆုံးခြောက်လအထိ သောက်စို့ရသူ ကလေးများ ADHD ဖြစ်နိုင်ခြေနည်းပါး

**အော့စ်လို ဇွန် ၃၀**

မိခင်နို့ရည်ကို အနည်းဆုံး ခြောက်လကြာ သောက်စို့ခဲ့ရသော ကလေးများတွင် စိတ်အားတက်ကြွမှုလွန်ကဲခြင်း (ADHD) ဖြစ်ပွားနိုင်ခြေနည်းပါးကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇွန် ၂၉ ရက် သတင်းများတွင်ရေးသားတင်ပြထားသည်။

မိခင်နို့ရည်သောက်သုံးမှုသည် ကလေးများ၏အထွေထွေကျန်းမာရေးကောင်းကျိုးများနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက လက်ခံထားကြပြီးဖြစ်သည်။

နော်ဝေသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မိခင်နို့ရည်ကို အနည်းဆုံးခြောက်လကြာထိ သောက်စို့ကြရသည့် ကလေးများတွင် ADHD ပြဿနာပေါ်လာနိုင်ခြေ ပုံမှန်ထက်ပိုနည်းပါးကြောင်း သိရသည်။

သို့ရာတွင် မိခင်နို့ရည်သောက်သုံးရမှုနှင့် ကလေးများကြား ADHD ပြဿနာပေါ်လာနိုင်ခြေကျဆင်းမှုတို့ကြား မည်သို့မည်ပုံ ဆက်စပ်နေသည်ကို သုတေသနပညာရှင်များက မရှင်းပြနိုင်သေးကြောင်း၊ သို့သော် မိခင်နို့ရည်တွင် ပါဝင်သည့် အာဟာရဓာတ်များသည် ကလေးများ၏ ဦးနှောက်ဖွံ့ဖြိုးရေးအတွက် အရေးပါကြောင်း နော်ဝေ သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ADHD (Attention deficit hyperactivity disorder) စိတ်အားတက်ကြွမှု လွန်ကဲခြင်းသည် ကလေးများ၌ အသက် ၁၂ နှစ်မတိုင်မီဖြစ်တတ်သည့် စိတ်ကျန်းမာရေးပြဿနာတစ်မျိုးဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ကိုယ်ဝန်ဆောင်ကာလ ကိုယ်ဝန်အဆိပ်တက်မှုကြောင့် သွေးတိုးရောဂါနှင့် ကျောက်ကပ်ရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်

**ကိုပင်ဟေဂင် ဇွန် ၃၀**

ကိုယ်ဝန်ဆောင်ကာလအတွင်း ကိုယ်ဝန်အဆိပ်တက်မှု ရှိခဲ့ပါက နောက်ပိုင်းကာလများ၌ သွေးတိုးရောဂါဖြစ်နိုင်ခြေနှင့် နာတာရှည်ကျောက်ကပ်ရောဂါ ဖြစ်နိုင်ခြေများ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇွန် ၂၉ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

Preeclampsia ပြဿနာသည် ကိုယ်ဝန်ဆောင်ကာလ သီတင်းပတ် ၂၀ နောက်ပိုင်း သွေးပေါင်ချိန်မြင့်တက်လာမှု၊ အခြားကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုပြဿနာဖြစ်ကြောင်း သိရသည်။

ဒိန်းမတ်နိုင်ငံကို ဟက်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုယ်ဝန်အဆိပ်တက်မှုကြောင့် နောက်ပိုင်းတွင် သွေးတိုးရောဂါနှင့်နာတာရှည်ကျောက်ကပ်ရောဂါများ ဖြစ်နိုင်ခြေ မြင့်မားလာတတ်သည်။

ဒိန်းမတ်သုတေသနပညာရှင်များသည် အသက် ၁၅ နှစ်နှင့် အထက် ကိုယ်ဝန်ဆောင် မိခင်လောင်း ၂၈၆၀၇၈ ဦးတို့၏ ကျန်းမာရေးအချက်အလက်များကို စူးစမ်းလေ့လာခဲ့ကြောင်း၊ လေ့လာချက်မှ ပေါ်ထွက်လာသောရလဒ်များအရ ကိုယ်ဝန်ဆောင် ကာလအတွင်း ကိုယ်ဝန်အဆိပ်တက်မှုပြဿနာရှိနေသူများအနက် ၃ ဒသမ ၃ ရာခိုင်နှုန်းမှာ နောက်ပိုင်းသွေးတိုးရောဂါနှင့် နာတာရှည်ကျောက်ကပ်ရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# နယ်သာလန်အသင်းကိုပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရပြီး မော်ရိုကိုအသင်း ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်တက်ရောက်

မက္ကဆီကိုစီးတီး ဇွန် ၃၀

မက္ကဆီကိုနိုင်ငံ မွန်တာရေး အားကစားကွင်း၌ ကျင်းပခဲ့သည့် နယ်သာလန်အသင်းနှင့် မော်ရိုကို အသင်းတို့၏ ၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲ ၃၂ သင်း ရှုံးထွက်အဆင့် ပွဲစဉ်တွင် မော်ရိုကိုအသင်းက နယ်သာလန်အသင်းကို ပင်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရပြီး နောက် ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။



အဆိုပါပြိုင်ပွဲတွင် မော်ရိုကို အသင်းက နယ်သာလန်အသင်းကို ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ဖိအားပေး ကစားခဲ့သော်လည်း ပွဲချိန် ၇၂ မိနစ်တွင် နယ်သာလန် အသင်း တိုက်စစ်မှူး ဂက်ပို၏ သွင်းဂိုးဖြင့် ဦးဆောင်ခံရပြီးနောက် မော်ရိုကိုအသင်းက ချေပဂိုးရရှိ ရေးအတွက်ကြိုးပမ်းခဲ့ရာ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုမိနစ် တွင် မော်ရိုကိုအသင်း ခံစစ်ကစား သမား ဒီယော့က ချေပဂိုးသွင်းယူ ခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အချိန် ပိုမိနစ် ၃၀ ဆက်လက်ကစားခဲ့ ရသည်။

ထို့နောက် အချိန်ပိုပွဲကစားချိန် တွင်လည်း မော်ရိုကိုအသင်းက သာ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးမှုများ ဆက်တိုက်ပြုလုပ် နိုင်ခဲ့ကာ နယ်သာလန်အသင်း အနေဖြင့် တန်ပြန်တိုက်စစ်ဖြင့်သာ တုံ့ပြန်ခဲ့ရပြီး လက်ကျန်ပွဲချိန်များ တွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်း ယူနိုင်ခြင်း မရှိသောကြောင့် ပင်နယ်တီအဆုံးအဖြတ် ရောက်ရှိ ခဲ့သည်။

ပင်နယ်တီ အဆုံးအဖြတ်တွင် နယ်သာလန်အသင်းက ပင်နယ်တီ ငါးကြိမ်တွင် နှစ်ကြိမ် သာဂိုးရခဲ့ပြီး မော်ရိုကိုအသင်းက ပင်နယ်တီ ငါးကြိမ်တွင် သုံးကြိမ် ဂိုးရခဲ့သော ကြောင့် သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရ ခဲ့ပြီး ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : ESPN
Trs : ML

## Travelers Championship
# ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဟိုဗ်လန်း ဆွတ်ခူး

ခရွမ်ဝဲလ် ဇွန် ၃၀

အမေရိကန်နိုင်ငံ ခရွမ်ဝဲလ်မြို့ တွင် ကျင်းပခဲ့သည့် Travelers Championship ဂေါက်သီးရိုက် ပြိုင်ပွဲ နောက်ဆုံးနေ့အပြီးတွင် ချန်ပီယံဆုအဆုံးအဖြတ်အတွက် Play-off အဆင့်ကို ကမ္ဘာ့အဆင့် (၁) အမေရိကန် ဂေါက်သီးရိုက် ကစားသမား စကော့တီရှက်ဖလာ နှင့် နော်ဝေ ဂေါက်သီးရိုက်ကစား သမား ဟိုဗ်လန်းတို့ ယှဉ်ပြိုင်ခဲ့ရာ ဟိုဗ်လန်းက အနိုင်ရပြီး ချန်ပီယံ ဆုကို ဆွတ်ခူးခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဟိုဗ်လန်းနှင့် စကော့တီရှက် ဖလာတို့သည် နောက်ဆုံးနေ့အပြီး တွင် စုစုပေါင်း သတ်မှတ်ရိုက်ချက် ထက် ၂၀ စီ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲ ဦးဆောင်ခဲ့ကြသည်။

ထို့ပြင် စကော့တီရှက်ဖလာ အနေဖြင့် အနိုင်ရရှိရန် ရေပန်းစား ခဲ့သော်လည်း ဟိုဗ်လန်းက စွမ်းဆောင်ရည်ကောင်းများ ပြသ ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

ဟိုဗ်လန်းက "သိပ်ကို ခက်ခဲခဲ့ ပါတယ်။ Play-off အဆင့်မှာလဲ ဖိအားများခဲ့ပါတယ်။ ဖိအားများခဲ့ ပေမဲ့လဲ မယုံကြည်နိုင်လောက် အောင် အကောင်းဆုံး ကစားနိုင်ခဲ့ ပါတယ်။ စကော့တီလို ကစားသမား မျိုးနဲ့ ထိပ်တိုက်တွေ့တဲ့အတွက် ကိုယ့်မှာရှိတဲ့ အကောင်းဆုံး စွမ်းဆောင်ရည်တွေကို ထုတ်ပြ နိုင်ဖို့လိုအပ်တယ်ဆိုတာကို ခေါင်း ထဲထည့်ထားပါတယ်။ ကျွန်တော် အကောင်းဆုံး လုပ်ပြနိုင်ခဲ့ပါ တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports
Trs : AZL




# ဖန်ဒိုရာက အန်နစ်နှင့်ထိုးသတ်ရန် စတင်ဆွေးနွေးနေ

နယူးယောက် ဇွန် ၃၀

အမေရိကန်လက်ဝှေ့သမားများ ဖြစ်ကြသည့် WBC လိုက်မစ်ဒယ် ဝိတ်တန်းကမ္ဘာ့ချန်ပီယံ ဖန်ဒိုရာ သည် WBA၊ WBO လိုက်မစ်ဒယ် ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အန်နစ် နှင့်ထိုးသတ်ရန် စတင်ဆွေးနွေး နေပြီဖြစ်ကြောင်း ဖန်ဒိုရာ၏ Promoter ဆမ်ဆန်က ပြောကြား ခဲ့သည်ဟု Fight Mag သတင်း ဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဖန်ဒိုရာအနေဖြင့် ချန်ပီယံကို စိန်ခေါ်ခွင့်ရထားသည့် အမေရိကန် လက်ဝှေ့သမား အာမယ်နှင့် ထိုးသတ်ရမည် ဖြစ်သော်လည်း ၎င်းအနေဖြင့် လိုက်မစ်ဒယ် ဝိတ်တန်း၏ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဖြစ်လိုသည့်အတွက် အန်နစ်နှင့် ထိုးသတ်ရန်စီစဉ်ခဲ့ခြင်း ဖြစ်သည်။

သို့သော် စည်းမျဉ်းစည်းကမ်း အရ ချန်ပီယံစိန်ခေါ်ခွင့်ရရှိထား သည့် အာမယ်က စိန်ခေါ်မှုပြုလုပ် လာပါက စိန်ခေါ်မှုကို လက်ခံပေး ရမည်ဖြစ်ပြီး အာမယ်ဘက်မှ စိန်ခေါ်လာခြင်း မရှိသေးသည့် အတွက် ဖန်ဒိုရာ၏ Promoter ဆမ်ဆန်က အန်နစ်နှင့် ထိုးသတ် ရန် ဆွေးနွေးနေခြင်းဖြစ်သည်။

ဖန်ဒိုရာ၏ Promoter ဆမ်ဆန်က "ဖန်ဒိုရာအနေနဲ့ ချန်ပီယံကို စိန်ခေါ်ခွင့်ရထားတဲ့ ပြိုင်ဘက် ကစားသမားက စိန်ခေါ်ခဲ့ရင်တော့ စိန်ခေါ်မှုကို လက်ခံရမှာဖြစ်ပါတယ်။ လော လောဆယ်တော့ စိန်ခေါ်လာခြင်း မရှိသေးပါဘူး။ ဒါ့ကြောင့် ဖန်ဒိုရာ အနေနဲ့ သူ့ရဲ့ရည်မှန်းချက်ကို အကောင်အထည် ဖော်ဖို့အတွက် ကျွန်တော့်ကို တောင်းဆိုလာပါ တယ်။ သူတောင်းဆိုချက်အတိုင်း WBA၊WBO လိုက်မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အန်နစ်နဲ့ ထိုးသတ် သွားဖို့အတွက် ဆွေးနွေးမှုပြုလုပ် နေပါတယ်"ဟု ပြောကြားခဲ့ ကြောင်း သိရသည်။

Ref : Fight Mag
Trs : AZL

# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သုံးကြိမ်ဆက် ၃၂ သင်းရှုံးထွက်အဆင့်မှ ထွက်ခွာခဲ့ရသည့် မှတ်တမ်းဆိုးကို ဂျာမနီအသင်းရရှိ

ဘာလင် ဇွန် ၃၀

ဂျာမနီအသင်းသည် ကမ္ဘာ့ဖလား ပြိုင်ပွဲ ၃၂ သင်းရှုံးထွက်အဆင့်ပွဲစဉ် အဖြစ် ပါရာဂွေးအသင်းနှင့် ကစား ခဲ့ရာ ပင်နယ်တီအဆုံးအဖြတ်တွင် ရှုံးနိမ့်ခဲ့သောကြောင့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆု ရရှိပြီးနောက်ပိုင်း သုံးကြိမ်ဆက် ၃၂ သင်းရှုံးထွက်အဆင့်မှ ထွက်ခွာ ခဲ့ရသည့်မှတ်တမ်းဆိုးကို ရရှိခဲ့ ကြောင်း Fotmob သတင်းဝက်ဘ် ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတွင် ချန်ပီယံဆုလေးကြိမ် ရရှိထားသည့် ဂျာမနီအသင်းသည် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ မက္ကဆီကို အသင်းနှင့် တောင်ကိုရီးယား အသင်းတို့ကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကာ ဆွီဒင်အသင်းတစ်သင်း ကိုသာ အနိုင်ရခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသကဲ့သို့ ၂၀၂၂ ကမ္ဘာ့ ဖလားတွင်လည်း ဂျပန်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့်ရှုံးခဲ့ကာ စပိန် အသင်းကိုသရေရလဒ်၊ ကော်စတာ ရီကာအသင်းကို လေးဂိုး နှစ်ဂိုး ဖြင့် အနိုင်ရခဲ့သော်လည်း ပြိုင်ပွဲ မှ ထွက်ခွာခဲ့ရပြီး ယခုပြိုင်ပွဲ တွင်လည်း အုပ်စုအဆင့်တွင် အုပ်စုပထမနေရာဖြင့် ၃၂ သင်း ရှုံးထွက်အဆင့် တက်ရောက်ခဲ့ပြီး ပါရာဂွေးအသင်းနှင့် တွေ့ဆုံခဲ့ရာ ပင်နယ်တီ အဆုံးအဖြတ်တွင် လေးဂိုး သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် အတွက် ၂၀၁၄ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ဖလားပြိုင်ပွဲ သုံးကြိမ်ဆက် ၃၂ သင်း ရှုံးထွက်အဆင့်မှ ထွက်ခွာ ခဲ့ရခြင်းဖြစ်သည်။

ဂျာမနီအသင်းသည် ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် ၁၉၅၄ ခုနှစ်မှ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲထိ ၁၆ ကြိမ်ပါဝင်ခဲ့ရာတွင် ၁၂ ကြိမ်ထိ ဆီမီးဖိုင်နယ်အဆင့် တက်ရောက် နိုင်ခဲ့ပြီး ကျန်လေးကြိမ်မှာ ကွာတားဖိုင်နယ်အဆင့်ထိ ရောက် ရှိခဲ့သော်လည်း ၂၀၁၄ ခုနှစ် ကမ္ဘာ့ ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့ပြီးနောက်ပိုင်း ကမ္ဘာ့ ဖလား ပြိုင်ပွဲတွင် ၃၂ သင်းရှုံးထွက် အဆင့်မှ ထွက်ခွာခဲ့ရခြင်း ဖြစ်သည်။

ထို့ပြင် ဂျာမနီအသင်းသည် နောက်ဆုံးကစားခဲ့သည့် ကမ္ဘာ့ ဖလားပြိုင်ပွဲ ၁၀ ပွဲဆက်တွင် လေးပွဲသာ အနိုင်ရရှိခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# ရန်ကုန်ယူနိုက်တက်အသင်းက နည်းပြသစ်အဖြစ် အာဂျင်တီးနားလူမျိုးနည်းပြ ဆီရယ်ရီကို ခန့်အပ်

ရန်ကုန် ဇွန် ၃၀

မြန်မာနေရှင်နယ်လိဂ်ထိပ်တန်း ကလပ် အသင်းတစ်သင်းဖြစ်သည့် ရန်ကုန်ယူနိုက်တက် အသင်းက လစ်လပ်နေသည့် အသင်းနည်းပြ ရာထူးအတွက် အာဂျင်တီးနား လူမျိုး နည်းပြဆီရယ်ရီကို ခန့်အပ် ခဲ့သည်ဟု အတည်ပြုကြေညာခဲ့ ကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက် အသင်း သည် လာမည့်နှစ် ဘောလုံးရာသီ သစ်အတွက် နည်းပြသစ်အဖြစ် နည်းပြ ဆီရယ်လီကိုခန့်အပ်ရန် အစောပိုင်းကတည်းက ကြိုးပမ်း ခဲ့ကာ ပြီးခဲ့သည့် ဖေဖော်ဝါရီလကတည်း က သဘောတူညီမှုရရှိခဲ့သော် လည်း ယခုအခါမှသာ တရားဝင်




စာချုပ်ချုပ်ဆိုပြီး ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

နည်းပြဆီရယ်ရီသည် ပရော် ဖက်ရှင်နယ် ကစားသမားဘဝက အာဂျင်တီးနားလိဂ်၊ မလေးရှား လိဂ်၊ အင်ဒိုနီးရှားလိဂ်တို့ အပြင် ယခင် မြန်မာနေရှင်နယ် လိဂ်ပြိုင်ပွဲဝင် အသင်းဟောင်း တစ်သင်းဖြစ်သည့် ဇေယျာရွှေမြေ အသင်းတို့တွင် ကစားခဲ့ဖူးသူ ဖြစ်သည်။

အလားတူ နည်းပြဘဝတွင် လည်း အာဂျင်တီးနား ယူ-၁၅ အသင်းအပြင် အီကွေဒေါကလပ် အသင်းများ၊ ဘိုလီးဗီးယားကလပ် အသင်းများကိုလည်း တာဝန်ယူ ကိုင်တွယ်ခဲ့ဖူးသူဖြစ်သည်။

နည်းပြ ဆီရယ်ရီသည် ရန်ကုန် ယူနိုက်တက်အသင်း နည်းပြ ဘဝ ပထမဆုံးပွဲစဉ်အဖြစ် လာအို ကလပ် အီဇရာအသင်းနှင့် ကစား မည့် အေအက်ဖ်စီဖလား ရှုံးထွက် အဆင့်ပွဲစဉ်ကို စတင်တာဝန်ယူ ကိုင်တွယ်သွားမည် ဖြစ်ကြောင်း သိရသည်။

STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)တွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



**ရန်ကုန် ဇွန် ၃၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃) ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့နှင့် ပုသိမ်မြို့တို့တွင် ကျင်းပခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၃)ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ပုသိမ်မြို့ ကိုးသိန်း အားကစားကွင်းတွင် ရောဝတီအသင်းနှင့် ISPE အသင်းတို့ကစားခဲ့ရာ ISPE အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၁ မိနစ်နှင့် ၄၈ မိနစ်တို့တွင် ရွှေရည်ထွန်းက သွင်းယူခဲ့ပြီး ရောဝတီအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၆၅ မိနစ်တွင် မေထက်လူက သွင်းယူခဲ့သည်။

အလားတူ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ဖွဲ့ကပင်ယူနိုက်တက် အသင်းတို့ကစားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက ခုနစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် တစ်မိနစ်နှင့် ၄၅ မိနစ်ပြည့်ပြီး အချိန်ပို နှစ်မိနစ်တို့တွင် ဝင်းစန္ဒာ၊ ပွဲချိန် ၁၁ မိနစ်နှင့် ၂၁ မိနစ်တို့တွင် မေစံပယ်ဖူး၊ ပွဲချိန် ၅၅ မိနစ်တွင် မာရီယာ၊ ပွဲချိန် ၆၉ မိနစ်တွင် ပင်မြင့်ယံ၊ ပွဲချိန် ၈၄ မိနစ်တွင် နှင်းဝင့်ဝါကျော်တို့က သွင်းယူခဲ့ကာ ဖွဲ့ကပင်အသင်းအတွက်သွင်းဂိုးကို ပွဲချိန် ၅၈ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဂလိုရီယာက သွင်းယူခဲ့ကြောင်း သိရသည်။ **STA**

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ဂျိုကိုဗစ်နှင့် ဂျန်နစ်ခ်ဆင်နာတို့ နိုင်ပွဲကိုယ်စီရရှိ

**လန်ဒန် ဇွန် ၃၀**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ကမ္ဘာ့အဆင့်(၁) အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ဆားဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်တို့သည် နိုင်ပွဲကိုယ်စီရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ဆားဘီးယား တင်းနစ်ကစားသမား ကက်မာနိုဗစ်နှင့် ယှဉ်ပြိုင်ခဲ့ပြီး ဂျန်နစ်ခ်ဆင်နာက (၄-၆၊ ၆-၃၊ ၆-၇၊ ၆-၂၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရကာ ဒုတိယအဆင့်သို့တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အလားတူ အခြားပွဲစဉ်တစ်ပွဲအဖြစ် ဂျိုကိုဗစ်က တရုတ်တင်းနစ်ကစားသမားဝူယီဘင်နှင့် ယှဉ်ပြိုင်ခဲ့ပြီး ဂျိုကိုဗစ်က (၆-၄၊ ၅-၇၊ ၆-၄၊ ၆-၄)ရလဒ်ဖြင့်အနိုင်ရကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့သည်။

ဆက်လက်ပြီး ဂျိုကိုဗစ်သည် ဒုတိယအဆင့်တွင် ဂရိတင်းနစ်ကစားသမား စတီဖာနို့စ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဂျန်နစ်ခ်ဆင်နာက ပေါ်တူဂီတင်းနစ်ကစားသမား ဘော်ဂတ်စ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : TSN**
**Trs : AZL**





# အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲနှင့် ၃၄ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာပိုက်ကျော်ခြင်းအသင်း ပဏာမကစားသမားစာရင်း ထုတ်ပြန်

**ရန်ကုန် ဇွန် ၃၀**

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲနှင့် ၃၄ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာပိုက်ကျော်ခြင်းအသင်းအတွက် ပဏာမကစားသမားစာရင်း ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲကို ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ၃၄ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကာ မြန်မာအမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းအသင်းများအနေဖြင့် အဆိုပါပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည့်အတွက် ကြိုတင်လေ့ကျင့်ပြင်ဆင်မှုများလုပ်ဆောင်ရန် ပဏာမကစားသမားစာရင်း ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ပဏာမ မြန်မာအမျိုးသား ပိုက်ကျော်ခြင်းအသင်း ကစားသမားစာရင်းတွင် သန့်ဇင်ထွန်း၊ ဇင်မင်းဦး၊ အောင်အောင်၊ ချစ်လွန်းပို၊ ရဲထက်၊ အောင်မျိုးကျော်၊ ရန်ပိုင်ဦး၊ ရှိုင်းဝဏ္ဏဇော်၊ ထူးအောင်ကျော်၊ ဇင်လင်းထူး၊ ဟန်ဝင်းထွဋ်၊ သက်ပိုင်စိုး၊ ကျော်မင်းသူ၊ ရှင်းသန့်၊ ထင်လင်းနောင်၊ ဇော်မင်းခန့်၊ အလင်းရောင်တို့ ပါဝင်လာခဲ့ကြသည်။

အလားတူ ပဏာမ မြန်မာအမျိုးသမီး ပိုက်ကျော်ခြင်းအသင်း ကစားသမားစာရင်းတွင် ယမုံဇင်၊ ချယ်ရီလင်းသစ်၊ ယဉ်ယဉ်ဌေး၊ စန်းသီတာမိုး၊ ဆုမွန်ကျော်၊ ဖူးဖူး၊ နေခြည်နွေး၊ နှင်းနှင်းဝေ၊ သီရိအောင်၊ နန့်မေသူထွေး၊ ရွှန်းလဲ့ဇင်၊ ကြည်ဖြူရွှန်းလဲ့၊ အိချမ်းမြေ့မောင်တို့ပါဝင်ခဲ့ကြကြောင်း သိရသည်။ **STA**

# အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

**ရန်ကုန် ဇွန် ၃၀**

မြန်မာနိုင်ငံကိုယ်စားပြု ရောဝတီအမျိုးသမီးအသင်း ဝင်ရောက်ကစားမည့် အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရောဝတီအမျိုးသမီးအသင်းသည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးခဲ့သည့်အတွက် ယခုနှစ်ဘောလုံးရာသီ အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခြေစစ်ပွဲအဆင့်မှ ဝင်ရောက်ကစားခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို ပြိုင်ပွဲဝင်အသင်း ၂၄ သင်းဖြင့် အသင်းလေးသင်းပါဝင်သည့် အုပ်စုခြောက်ခုဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုတစ်ခုချင်းစီတွင် အိမ်ရှင်နိုင်ငံတစ်နိုင်ငံက ကျင်းပသွားမည်ဖြစ်ကာ ရောဝတီအသင်းပါဝင်မည့်အုပ်စုကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲခြေစစ်ပွဲအဆင့် အုပ်စုမဲခွဲရန်အတွက် မဲအိုးနံပါတ်သတ်မှတ်ချက်တွင် ရောဝတီအသင်းသည် မဲအိုးနံပါတ်(၂)တွင် ကျရောက်နေပြီး အုပ်စုမဲခွဲမှုကို လာမည့် ဇူလိုင် ၂ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ခြေစစ်ပွဲအုပ်စုပွဲစဉ်များကို လာမည့် ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ် ဘောလုံးရာသီကလည်း အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ISPE အသင်းက ဝင်ရောက်ကစားခဲ့ပြီး အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့သော်လည်း နောက်ဆုံးအဆင့်တွင် ပြိုင်ပွဲမှထွက်ခွာခဲ့ရကြောင်း သိရသည်။ **STA**

# ပါရာဂွေးအသင်းက ဂျာမနီအသင်းကိုအနိုင်ရခဲ့သည့် ဇွန် ၃၀ ရက်ကို ပါရာဂွေးနိုင်ငံအစိုးရက တရားဝင် ရုံးပိတ်ရက်အဖြစ်သတ်မှတ်

**အဆန်စီယွန် ဇွန် ၃၀**

ပါရာဂွေးနိုင်ငံအစိုးရက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းရှုံးထွက်အဆင့်တွင် ဂျာမနီအသင်းကို ပင်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရပြီး ၁၆ သင်းရှုံးထွက်အဆင့် တက်ရောက်ခဲ့သည့် ပါရာဂွေးအသင်းကို ဂုဏ်ပြုသည့်အနေဖြင့် ဇွန် ၃၀ ရက်ကို အစိုးရရုံးပိတ်ရက်အဖြစ်သတ်မှတ်ခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ကစားခဲ့သည့် ပါရာဂွေးအသင်းနှင့် ဂျာမနီအသင်းတို့ပွဲစဉ်တွင် ပွဲချိန် မိနစ် ၉၀ အတွင်း တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်နေသည့်အတွက် အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားခဲ့ရာ သရေရလဒ်သာ ထွက်ပေါ်နေသည့်အတွက် ပင်နယ်တီအဆုံးအဖြတ် ရောက်ရှိခဲ့ပြီး ပါရာဂွေးအသင်းက နှစ်ကြိမ်သာလွဲချော်ခဲ့ကာ ဂျာမနီအသင်းက သုံးကြိမ်ထိ လွဲချော်ခဲ့သည့်အတွက် ပါရာဂွေးအသင်းက အနိုင်ရပြီး ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။



ပါရာဂွေးအသင်းနှင့် ဂျာမနီအသင်းတို့ပွဲစဉ်အပြီးတွင် ပါရာဂွေးနိုင်ငံမြို့တော် အဆန်စီယွန်မြို့တွင် ပရိသတ် ထောင်ပေါင်းများစွာက လမ်းမများထက်တွင် အောင်ပွဲခံမှုများ ပြုလုပ်ခဲ့ကြပြီးနောက် ဇွန် ၃၀ ရက်တွင် အစိုးရရုံးလုပ်ငန်းများအပါအဝင် အခြားလုပ်ငန်းများတွင် ပုံမှန်အတိုင်း လုပ်ဆောင်ရန် ခက်ခဲနိုင်သည့် အခြေအနေများကြောင့် ပါရာဂွေးအစိုးရကလည်း ချက်ချင်း ဇွန် ၃၀ ရက်ကို အစိုးရရုံးပိတ်ရက်ဖြစ်ကြောင်း သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

ပါရာဂွေးအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်တွင် ပြင်သစ်အသင်းနှင့် ဆွီဒင်အသင်းတို့မှ အနိုင်ရမည့်အသင်းနှင့် ဆက်လက်ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။

**Ref : B/R Football**
**Trs : STA**

# အောင်မြင်မှုရရှိရေး ခိုင်မာသောသန္နိဋ္ဌာန်ဖြင့် ကြိုးစားပေး

**မောင်သောင်းဝင်း(တမန်ဟောင်း)**

> **❖ စာမေးပွဲအောင်စာရင်းသည် ကျောင်းသားတစ်ဦး တစ်ယောက်ချင်းစီ၏ တစ်နှစ်တာကာလအတွင်း ကြိုးပမ်းအားထုတ်ခဲ့မှုများကို မှတ်ကျောက်တင်ပေးခြင်းဖြစ်သည်။ အောင်စာရင်းတွင် ဂုဏ်ထူးရရှိသည့် ဘာသာရပ်များကို ဖော်ပြထားလေ့ရှိသည်။ ထို့ကြောင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့်ကလေးများသည် ပို၍ပျော်ရွှင်ကြမည်ဖြစ်သည်။ အထူးသဖြင့် တစ်နိုင်ငံလုံးတွင် အဆင့် (၁) မှ အဆင့် (၁၀)အတွင်း ဝင်သည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့၏ ကြိုးပမ်းမှုရလဒ်အတွက် ကျေနပ်နေလိမ့်မည်ဖြစ်သည်။ မိဘများသည် သား၊ သမီးများအတွက် ဂုဏ်ယူကာ ပျော်လို့မဆုံး၊ ဂုဏ်ယူမဆုံး ဖြစ်နေကြမည်ကို မိဘချင်းကိုယ်ချင်းစာမိသည်။ ❖**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် G-12 ဖြေဆိုထားသောကျောင်းသား၊ ကျောင်းသူများအတွက် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇွန် ၂၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ စာမေးပွဲအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများသည် ပျော်လို့မဆုံးဖြစ်ကြသည်။ အထူးသဖြင့် မိဘများက ပို၍ပျော်ရွှင်ကြသည်။ ၎င်းတို့၏ ပျော်ရွှင်မှုများသည် အခြားသူများထံသို့ ပျံ့နှံ့သွားသည်။

**အောင်မြင်မှုရာခိုင်နှုန်း**

၂၀၂၆ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံး ကျောင်းသား၊ ကျောင်းသူ ၂၅၅၂၂၈ ဦးဖြေဆိုခဲ့ရာ ၁၃၃၆၇၃ ဦး အောင်မြင်ခဲ့သောကြောင့် အောင်ချက်ရာခိုင်နှုန်း ၅၂ ဒသမ ၃၇ ရာခိုင်နှုန်းရှိခဲ့သည်။ ဆိုရလျှင် စာမေးပွဲဖြေဆိုသူ ၁၀၀ တွင် ဦးရေ ၅၀ ကျော်ခန့် အောင်မြင်ခဲ့ခြင်းဖြစ်သည်။ တစ်နှစ်ထက်တစ်နှစ် အောင်ချက်ရာခိုင်နှုန်းတိုးတက်လာသည်မှာ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ သိပ္ပံဘာသာတွဲ၌ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် CAE ကိုယ်ပိုင်ကျောင်းမှ မသီရိစိုးသည် ၅၆၂ မှတ်ဖြင့် တစ်နိုင်ငံလုံးပထမရရှိခဲ့သည်။ ဝိပ္ပံဘာသာတွဲ၌ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) အမှတ် (၁၄) အခြေခံပညာ အထက်တန်းကျောင်းမှ မနီနီကျော်က အမှတ် ၅၃၀ ဖြင့် တစ်နိုင်ငံလုံးပထမရရှိခဲ့သည်။ ဝိဇ္ဇာဘာသာတွဲ၌ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ကျောက်တံခါး)မှ မစုမြတ်အောင်က ၄၉၈ မှတ်ဖြင့် တစ်နိုင်ငံလုံး ပထမရရှိခဲ့သည်။

**မုဒိတာပွားမိ**

အမှန်တော့ တစ်နှစ်ပတ်လုံး အားသွန်ခွန်စိုက်ကြိုးစားမှု၏ အသီးအပွင့်ရလဒ်များပင်ဖြစ်သည်။ ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။ ထိုကလေးများ၏ မိဘအုပ်ထိန်းသူများသည် များစွာဂုဏ်ယူမဆုံးဖြစ်နေမည်ဖြစ်သည်။ မိဘတိုင်းသည် မိမိတို့၏ သား၊ သမီးများကို လူတော်လူကောင်းများ၊ ပညာထူးချွန်သူများ၊ အောင်မြင်သူများ ဖြစ်စေချင်သည်မှာ မည်သူမျှငြင်း၍မရသော ပကတိအရှိတရားပင်ဖြစ်သည်။ ထိုကလေးများကို သင်ကြားပြသပေးခဲ့သော ဆရာ၊ ဆရာမများကိုလည်း များစွာကျေးဇူးတင်မိသည်။

စာမေးပွဲအောင်စာရင်းသည် ကျောင်းသားတစ်ဦးတစ်ယောက်ချင်းစီ၏ တစ်နှစ်တာကာလအတွင်း ကြိုးပမ်းအားထုတ်ခဲ့မှုများကို မှတ်ကျောက်တင်ပေးခြင်းဖြစ်သည်။ အောင်စာရင်းတွင် ဂုဏ်ထူးရရှိသည့် ဘာသာရပ်များကို ဖော်ပြထားလေ့ရှိသည်။ ထို့ကြောင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့်ကလေးများသည် ပို၍ပျော်ရွှင်ကြမည်ဖြစ်သည်။ အထူးသဖြင့် တစ်နိုင်ငံလုံးတွင် အဆင့် (၁) မှ အဆင့် (၁၀) အတွင်းဝင်သည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့၏ ကြိုးပမ်းမှုရလဒ်အတွက် ကျေနပ်နေလိမ့်မည်ဖြစ်သည်။ မိဘများသည် သား၊ သမီးများအတွက်ဂုဏ်ယူကာ ပျော်လို့မဆုံး၊ ဂုဏ်ယူမဆုံး ဖြစ်နေကြမည်ကို မိဘချင်းကိုယ်ချင်းစာမိသည်။ ထိုအောင်မြင်မှုများကိုလည်း လှိုက်လှိုက်လှဲလှဲ မုဒိတာပွားမိသည်။ မည်သို့ပင်ဆိုစေကာမူ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူအားလုံးအတွက် များစွာ ဂုဏ်ယူမိသည်။

**အောင်စာရင်းတွင် ပါမလာသော်လည်း**

ပညာသင်နှစ် အစအဆုံး စွမ်းစွမ်းတမံကြိုးစားခဲ့သော်လည်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းတွင် ပါမလာကြသူများလည်း ရှိနေကြမည်ဖြစ်သည်။ ဆိုလိုသည်မှာ စာမေးပွဲဖြေဆိုခါနီးအချိန်တွင် ကျန်းမာရေးနှင့် အခြားလူမှုရေးအခက်အခဲတစ်ခုခုကြောင့် ခြေချော်၊ လက်ချော် ဖြစ်သွားနိုင်သည်။ လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့် အခြေအနေတစ်ရပ်ကိုဖန်တီးလာသည်ဟု သဘောထားသင့်သည်။ အရာရာတိုင်းကို ပုံသေတွက်ကာ စိတ်ဓာတ်ကျဆင်းနေရန် မလိုပေ။ အနာဂတ်တွင် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများ တွေ့ရှိလာနိုင်သည်။ ဘဝကိုအပြုသဘောဆောင်စွာရှုမြင်ထားသင့်သည်။ စာမေးပွဲတစ်ခါ ကျရှုံးခြင်းသည် ဘဝတစ်ခုလုံးအတွက် ဆုံးရှုံးမှုကြီးမဟုတ်ပေ။ လာမည့်ပညာသင်နှစ်တွင် ဖိဖိစီးစီးသာ ကြိုးစားသွားမည်ဆိုလျှင် ဂုဏ်ထူးများစွာဖြင့်ပင် အောင်မြင်နိုင်ပါသေးသည်။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းတွင် ပါမလာသော်လည်း စိတ်ဓာတ်ကျနေစရာမလိုပေ။ ကြိုးစားလျှင် အောင်မြင်မှုအတွက် အခွင့်အလမ်းများစွာ ရှိနေပါသေးသည်။

**ဆန္ဒသာရှိမည်ဆိုလျှင်**

လက်ရှိစာမေးပွဲကျရှုံးမှုကို ဘဝအတွက် သင်ခန်းစာအဖြစ် သဘောထားရမည်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းတွင် ပါလာခြင်းမရှိသည့် ကျောင်းသား၊ ကျောင်းသူတစ်ဦးအနေဖြင့် ပထမဆုံးဆောင်ရွက်ရမည့်အလုပ်သည် ပြီးခဲ့သော တစ်နှစ်တာကာလအတွင်း လုပ်ဆောင်ခဲ့မှုများကို ပြန်လည်သုံးသပ်သွားရန်လိုအပ်သည်။ အမှတ်စာရင်းတောင်းကြည့်သင့်သည်။ အမှတ်စာရင်းတွင် မိမိအားနည်းချက်ရှိသော ဘာသာရပ်များကို ယခုနှစ်တွင် ပိုမိုလေ့ကျင့် ကျက်မှတ်သွားရမည်ဖြစ်သည်။ အားသာချက်ရှိပြီးသော ဘာသာရပ်များကို ဆက်လက်လေ့ကျင့်ကျက်မှတ်လိုက်မည်ဆိုလျှင် ယခုနှစ်တွင် ထူးချွန်စွာ အောင်မြင်နိုင်သည်။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများထဲတွင် အချို့သော ကျောင်းသား၊ ကျောင်းသူများသည် မျှော်မှန်းထားသော ဘာသာရပ်များ ဂုဏ်ထူးမထွက်သဖြင့် မှန်းချက်နှင့်လွဲနေသူများ ရှိကောင်းရှိနေမည်ဖြစ်သည်။ ထိုသူများကိုကြည့်ပြီး မိမိအနေဖြင့် ထိုသို့မဖြစ်ရလေအောင် ပိုမိုကြိုးစားသွားမည်ဆိုသော သန္နိဋ္ဌာန်ကို အခိုင်အမာချထားရန် လိုအပ်သည်။ မည်သည့်အရာတွင်မဆို အောင်မြင်လိုသည့် ဆန္ဒသာ အမှန်တကယ်ရှိနေမည်ဆိုလျှင် အဆုံးတစ်နေ့တွင် မိမိကြိုးစားမှုနှင့် ထိုက်တန်သော အောင်မြင်မှုကို ရရှိမည်ဖြစ်သည်။

**အခွင့်အလမ်းများစွာရှိ**

အချို့သော ကျောင်းသား၊ ကျောင်းသူများသည် တစ်ခါကျရှုံးရုံမျှဖြင့် စိတ်ဓာတ်ကျဆင်းသွားတတ်ကြသည်။ စိတ်ထင်ရာ လျှောက်လုပ်တတ်ကြသည်။ အပေါင်းသင်းမှားပြီး လွဲမှားသောနည်းလမ်းဖြင့် ထွက်ပေါက်ရှာခြင်းဖြစ်သည်။ အချို့ ကျောင်းသား၊ ကျောင်းသူများသည် စာမေးပွဲကျရှုံးရုံမျှဖြင့် လွဲမှားသော ဆုံးဖြတ်ချက်များ လုပ်ဆောင်တတ်သည်။ လူ့ဘဝသည် ရခဲလွန်းလှသည်။ ကြိုးစားရန် အချိန်ရှိသည်။ အောင်မြင်သူများကိုကြည့်ပါ။ ထိုသူများသည်လည်း တစ်ချိန်က ကျရှုံးဖူးမည်ဖြစ်သည်။ သို့သော် အောင်မြင်လိုသည့် ခိုင်မာသောဆန္ဒရှိသဖြင့် အကြိမ်ကြိမ်ကြိုးစား၊ အကြိမ်ကြိမ်ရုန်းကန်ထခဲ့ကြရသည်။ မိမိလည်း ကြိုးစားသွားမည်ဆိုလျှင် မအောင်မြင်စရာ အကြောင်းမရှိချေ။ မလျှော့သော ဇွဲလုံ့လဝီရိယတို့သာလိုသည်။ အောင်မြင်မှုသည် မိမိ၏လက် တစ်ကမ်းတွင်ရှိနေသည်ကို ယုံကြည်ထားရမည်ဖြစ်သည်။

စင်စစ်အားဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကျရှုံးခဲ့သူများသည် စိတ်ဓာတ်ကျဆင်းနေစရာမလိုပေ။ အဓိကလုပ်ဆောင်ရမည့်အချက်သည် စိတ်သစ်၊ ခွန်အားသစ်များနှင့် ကြိုးစားသွားရန်သာလိုအပ်သည်။ ပညာသင်နှစ်အစမှစ၍ တစ်နေ့စာတစ်နေ့ပြတ်အောင်သာ ကြိုးစားလေ့ကျင့် ကျက်မှတ်သွားမည်ဆိုလျှင် ယခုပညာသင်နှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲကို အလွယ်တကူဖြေဆို အောင်မြင်နိုင်မည်ဖြစ်သည်။ ဆိုရလျှင် အောင်မြင်မှုအတွက် အခွင့်အလမ်းများစွာရှိနေပါသေးသည်။ စနစ်တကျသာ လေ့လာသင်ယူ လေ့ကျင့်ကျက်မှတ်သွားလျှင် ဂုဏ်ထူးများစွာဖြင့်ပင် ထူးချွန်စွာအောင်မြင်နိုင်သည်။

**အောင်မြင်မှု၏ ဒေါက်တိုင်များ**

အောင်မြင်မှုရရှိသူတိုင်းသည်လည်း ဘဝခရီးလမ်းတစ်လျှောက်တွင် ကျရှုံးမှုများကို အကြိမ်ကြိမ်ရင်ဆိုင်ခဲ့ရမည်ဖြစ်သည်။ ကျရှုံးမှုများကို အောင်မြင်မှု၏လမ်းစ၊ အောင်မြင်မှု၏ဒေါက်တိုင်အဖြစ် အသုံးချသွားရန်သာလိုအပ်သည်။ တစ်နည်းအားဖြင့် ကျရှုံးမှုများသည် အောင်မြင်မှုအတွက် အခွင့်အလမ်းများနှင့် မောင်းနှင်အားများလည်းဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အမှန်တကယ် အောင်မြင်လိုသော စိတ်ဆန္ဒသာရှိမည်ဆိုလျှင် တန်ဖိုးရှိသောအချိန်ကိုမဖြုန်းဘဲ စနစ်တကျစီမံခန့်ခွဲ အသုံးချသွားရန်လိုအပ်သည်။ ဖုန်းသုံးစွဲချိန်၊ ဂိမ်းကစားချိန်၊ ရုပ်သံဇာတ်လမ်းတွဲ ကြည့်ချိန်အပြင် သူငယ်ချင်းများနှင့် အပျော်အပါး အသွားအလာအချိန်များကို လျှော့ချသွားရန်လိုအပ်သည်။ လာမည့်ပညာသင်နှစ်အတွက် ကြိုတင်ပြင်ဆင်စီစဉ်ခြင်း၊ ဦးစားပေးလေ့လာရန် လိုအပ်သည့် ဘာသာရပ်များကို ပိုမိုလေ့လာခြင်း၊ သင်ခန်းစာလေ့လာကျက်မှတ်မှုအချိန်တို့ကို ပြန်လည်ဆန်းစစ်ခြင်းများ လုပ်ဆောင်သွားရန်လိုအပ်သည်။

ဆိုရလျှင် ဇွန် ၂၈ ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းတွင်မပါရှိသူများသည် စိတ်ဓာတ်ကျဆင်းနေရန်မလိုပေ။ မိဘများ လက်ရှိအချိန်တွင် အောင်စာရင်းတွင် မပါသော သားသမီးများကို စိတ်ဓာတ်မကျအောင် အားပေးသွားသင့်သည်။ မိဘများသည် သားသမီးများကို စိတ်ဒဏ်ရာရရှိ အောင် လွန်လွန်ကဲကဲ ဖိအားမပေးဘဲ အားပေးနှစ်သိမ့်ကာ ယခုပညာသင်နှစ်တွင် ထူးထူးချွန်ချွန်အောင်မြင်ရေး ကြိုးစားပါက အခွင့်အလမ်းများစွာရှိနေသေးကြောင်း စိတ်ခွန်အားများ ပေးကြရမည်ဖြစ်သည်။ အမှန်တော့ ကျရှုံးမှုများကို သင်ခန်းစာယူ၍ အောင်မြင်မှုအတွက် ခိုင်မာသော သန္နိဋ္ဌာန်ဖြင့်သာ ကြိုးစားသွားမည်ဆိုလျှင် အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**-ပညာရေးဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းထုတ်ပြန်ချက်။**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# နှောင်ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ ထုတ်လွှင့်သွားမည်




ရန်ကုန် ဇွန် ၃၀

နှောင်ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ ဇူလိုင် ၅ ရက်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် နော်ဖော့အယ်ထားထံမှ သိရသည်။

အဆိုပါ နှောင်ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ ရွှေဒုံးဘီအောင်၏ ဝတ္ထုဇာတ်လမ်းကို လွင်မင်းအံ့က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ဩရသက ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ ၂၀၂၄ ခုနှစ် စက်တင်ဘာလတုန်းက ရုံတင်ထားတဲ့ ရုပ်ရှင်ကားပါ။ ဒီဇာတ်ကားမှာတော့ သစ်သစ်မေဆိုတဲ့ အချစ်အတွက် ဝဋ်ကြွေးကြီးတဲ့ မိန်းမတစ်ယောက်နေရာကနေ သရုပ်ဆောင်ထားပါတယ်။ နှောင်ဆိုတဲ့အတိုင်း ဘယ်လိုအရာတွေနဲ့ နှောင်ဖွဲ့ခံထားရသလဲဆိုတာ ဒီဇာတ်လမ်းလေး ထုတ်လွှင့်တဲ့အခါ အဖြေရှာကြည့်ဖို့ မမေ့နဲ့နော်"ဟု သရုပ်ဆောင် နော်ဖော့အယ်ထားက ပြောပြသည်။

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် နှောင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် နေတိုး၊ ဖြိုးငွေစိုး၊ တင်မောင်ဆန်းမင်းဝင်း၊ သူရိယ၊ ပိုးမမီသာ၊ နော်ဖော့အယ်ထားနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားပြီး၊ CANAL+ ZAT LENN Channel မှ ဇူလိုင် ၅ ရက် တနင်္ဂနွေနေ့ည ၇ နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Blair Witch Project ဇာတ်ကားသစ်ကို ၂၀၂၇ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ရုံတင်ရန်စီစဉ်ထား

နယူးယောက် ဇွန် ၃၀

Lionsgate ရုပ်ရှင်ကုမ္ပဏီသည် The Blair Witch Project ဇာတ်ကားသစ်ကို ၂၀၂၇ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း ဇွန် ၂၉ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသည် The Blair Witch Project (1999) ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါ ဇာတ်ကားနာမည်ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

The Blair Witch Project (1999) ဇာတ်ကားသည် မင်းသား ဂျိုရှုဝါလီယိုနာ့ဒ်နှင့် မိုက်ကယ်စီဗီလျံတို့ ပါဝင်သရုပ်ဆောင်ခဲ့သော ထိတ်လန့်သည်းဖို ဇာတ်ကားဖြစ်သည်။

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ The Blair Witch Project ဇာတ်ကားသစ်ကို ဒါရိုက်တာ ဒီလန်ကလပ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ခရစ်သောမတ်ဒီဗလင်က တာဝန်ယူ ရေးသားပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO




# တေးသံရှင် ဆုန်သင်းပါရ်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon - THOR Bar တွင် ပြုလုပ်မည်

ရန်ကုန် ဇွန် ၃၀

တေးသံရှင် ဆုန်သင်းပါရ်၏ Return of My Lady တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon – THOR Bar ၌ ဇူလိုင် ၇ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင်ဆုန်သင်းပါရ်ထံမှ သိရသည်။

တေးသံရှင် ဆုန်သင်းပါရ်၏ Return of My Lady တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်ဆုန်သင်းပါရ်၏ သီဆိုဖျော်ဖြေမှုများကို MERCURY IX တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးကူညီတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




"ပရိသတ်တွေ အမှတ်တရရှိနေမဲ့သီချင်းတွေကို ပြန်လည်သီဆိုပေးမဲ့ညတစ်ည ဖြစ်ပါတယ်။ အရင်တုန်းက ဘော်ဒါဟောင်းတွေအားလုံးကို ကိုယ့်ရဲ့အမှတ်တရတွေနဲ့အတူ တွဲပြီးရှိနေမဲ့ Return of My Lady ညကိုလာခဲ့ဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု တေးသံရှင် ဆုန်သင်းပါရ်က ပြောပြသည်။

အဆိုပါ Return of My Lady အမည်ရှိတစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို The Heart of Rangoon – THOR Bar ၌ ဇူလိုင် ၇ ရက် ည ၆ နာရီ မိနစ် ၃၀ တွင် စတင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဆုန်သင်းပါရ်ထံမှ သိရသည်။

ASH

# Killa ထိတ်လန့်သည်းဖိုဒရာမာဇာတ်ကား၌ အိုင်မာနီလူးဝစ်နှင့် တန်ယာရိုက်တို့ပါဝင်မည်

နယူးယောက် ဇွန် ၃၀

Killa အမည်ရှိ ထိတ်လန့်သည်းဖို ဒရာမာဇာတ်ကား၌ မင်းသမီး အိုင်မာနီလူးဝစ်နှင့် တန်ယာရိုက်တို့ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၂၉ ရက်သတင်းများအရ သိရသည်။

Killa ဇာတ်ကားသည် အမျိုးသမီးဘတ်စကက်ဘော အားကစားလောက၌ အောင်ပွဲခံလိုသူ အမျိုးသမီးငယ်တစ်ဦး ရင်ဆိုင်ရမည့် အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Killa ဇာတ်ကားကို စာရေးဆရာ ဒါရိုက်တာ လာစီဒန့်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း စာရေးဆရာ ဒါရိုက်တာ လာစီဒန့်ကပင် တာဝန်ယူ ရေးသားပေးထားကြောင်း သိရသည်။

Killa ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ် ဩဂုတ်လတွင် စတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။

Killa ဇာတ်ကား ရုံတင်ပြသမည့် အချိန်ကာလကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO





# ရုပ်ရှင်လောကသားများကို ဆန်၊ ဆီနှင့် စားသောက်ကုန်များ ပံ့ပိုးရန်အတွက် သရုပ်ဆောင်လွင်မိုးက ငွေကျပ် ၁၀ သိန်း လာရောက်လှူဒါန်း

ရန်ကုန် ဇွန် ၃၀

ရုပ်ရှင်လောကသားများကို ၁၈ ကြိမ်မြောက် ဆန်၊ ဆီနှင့် စားသောက်ကုန်များ လှူဒါန်းရန်အတွက် သရုပ်ဆောင် လွင်မိုးက ငွေကျပ် ၁၀ သိန်းကို ဇွန် ၂၉ ရက်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ လာရောက်လှူဒါန်းသွားကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းထံမှ သိရသည်။

ထိုကဲ့သို့ ရုပ်ရှင်လောကသားများကို ဆန်၊ ဆီနှင့် စားသောက်ကုန်များ လှူဒါန်းရာတွင် မြန်မာ့ရုပ်ရှင် လောကသားများဖြစ်ကြသည့် အုပ်ချုပ်၊ ဖြန့်ချိ၊ ဇာတ်ညွှန်း၊ တည်းဖြတ်၊ စက်မှု၊ ဇာတ်ပို့၊ ဇာတ်ရံ၊ အဓိကသရုပ်ဆောင်၊ ဒါရိုက်တာ၊ ဗီဒီယို၊ ပြဇာတ်၊ နောက်ခံတေးဂီတ၊ ထုတ်လုပ်သူတို့ကို အလှည့်အလိုက် သတ်မှတ်ရက်များအတိုင်း လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အစည်းအရုံးက ရုပ်ရှင်လောကသားတွေကို ကိုဗစ်ကာလကနေ စတင်ပြီးတော့ ဆန်၊ ဆီနဲ့စားသောက်ကုန်တွေကို ပံ့ပိုးလှူဒါန်းပေးခဲ့တာ အခုဆိုရင် ၁၈ ကြိမ်ရှိပါပြီ။ ဒီလှူဒါန်းမှုအတွက်လဲ ရုပ်ရှင်လောကသားတွေ၊ စေတနာရှင် အလှူရှင်တွေက အလှူငွေတွေကို လာရောက်လှူဒါန်းနေပါတယ်"ဟု ဦးကြည်စိုးထွန်းက ပြောပြသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်လောကသားများကို ၁၈ ကြိမ်မြောက်အဖြစ် ဆန်၊ ဆီနှင့်စားသောက်ကုန်များကို လှူဒါန်းရာတွင် ဇူလိုင် ၁ ရက်တွင် အုပ်ချုပ်၊ ဖြန့်ချိ၊ ဇာတ်ညွှန်း၊ ထုတ်လုပ်သူ၊ ရုပ်ရှင်နောက်ခံ တေးဂီတ၊ ပြဇာတ်၊ တည်းဖြတ်သူ၊ အဓိကသရုပ်ဆောင်နှင့် ဒါရိုက်တာများ၊ ဇူလိုင် ၂ ရက်တွင် စက်မှုအလွှာမှ အတတ်ပညာရှင်များ၊ ဇူလိုင် ၃ ရက်တွင် ဇာတ်ပို့ဇာတ်ရံများကို လှူဒါန်းပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# President of the Republic of the Union of Myanmar H.E. U Min Aung Hlaing and spouse Daw Kyu Kyu Hla to make State Visit to Lao People's Democratic Republic



**Nay Pyi Taw June 30**

At the invitation of President of the Lao People's Democratic Republic His Excellency Mr. Thongloun SISOULITH, President of the Republic of the Union of Myanmar His Excellency U Min Aung Hlaing and spouse Daw Kyu Kyu Hla will pay a State Visit to the Lao People's Democratic Republic in the near future.

During the visit, the President of Myanmar will meet and hold bilateral talks with the President of Lao PDR, and meet with the Prime Minister of Lao PDR and the President of National Assembly of Lao PDR. Additionally, the President of Myanmar will receive provincial leader. Furthermore, the itinerary includes visits to prominent sites and ancient pagodas. During the visit, the President will engage in cordial and open exchange of views to the further consolidation of the existing friendly relations and implementation of mutually beneficial cooperation in economic, cultural, and other areas between the two governments and peoples.

The President and spouse will be accompanied by Union Ministers and officials during the visit.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**Dated: June 2026**



# Sesame plantations thriving in Pwintbyu Township

**Pwintbyu June 30**

Sesane plantations irrigated by Mezali diversion weir are thriving in Pwintbyu Township of Magway Region.

In Pwintbyu Township, local farmers have been able to cultivate 57,625 acres of summer sesame across the entire township during the summer crop planting season using water from the Mezali Diversion Weir, with the aim of ensuring local edible oil sufficiency and increasing crop-based income. The cultivated summer sesame fields are thriving successfully as there is sufficient irrigation water and no pest or disease outbreaks. Local farmers are expecting good yields and better market prices during the harvest season.

"This year's summer crop planting season, we were able to cultivate 57,625 acres of sesame. At present, the sesame fields that have been cultivated are flourishing with abundant flowers and pods and are growing successfully. Regarding sesame cultivation, we have provided awareness and guidance on obtaining quality and pure seed varieties needed to improve yields and produce high-quality oil crops, adopting Good Agricultural Practices (GAP), and systematically using agricultural inputs and irrigation water. During the harvest period, we will also provide support and assistance with timely harvesting and threshing techniques to prevent yield losses," said Daw Moe Moe Wai, Head of the Department of Agriculture in Pwintbyu Township.

Daw Moe Moe Wai also said that if sesame is cultivated with good yields and quality, it can not only ensure sufficient local edible oil consumption but also generate income by selling surplus production, contributing to the improvement of social and economic livelihoods. Therefore, efforts must be made to expand sesame cultivation further.

Ye Win Naing (NyaungU)

# More than 3,000 acres of monsoon sesame planted in Sagaing Township

**Sagaing June 30**

Agricultural data from Sagaing Township Department of Agriculture in Sagaing Region stated that local farmers planted more than 3,000 acres of monsoon sesame in Sagaing Township this year.

During the 2026-2027 monsoon crop cultivation season, Sagaing Township has set a target to cultivate 24,633 acres of monsoon sesame, and planting activities have been carried out since May this year. As of today, 3,128 acres have already been planted.

"This year's monsoon crop cultivation season, Sagaing Township has set a plan to cultivate more than 24,000 acres of monsoon sesame. More than 3,000 acres have already been planted as of today. We are also making efforts to ensure that the targeted acreage is fully cultivated. We are carrying out activities to expand sesame cultivation, improve yields, and promote cultivation in accordance with Good Agricultural Practices (GAP)," said U Myo Thant Aung, Township Head of the Department of Agriculture in Sagaing Township.

This year, the Township Department of Agriculture in Sagaing Township has been providing awareness training to monsoon sesame growers on expanding sesame cultivation, proper cultivation methods, adopting GAP practices, using quality and pure seed varieties, and cultivating high-yielding varieties.

Crops cultivated and produced under the GAP system have advantages such as better quality and higher prices compared to crops produced using other cultivation methods. They can also be sold not only in domestic markets but also exported to international markets. Therefore, farmers who produce crops under the GAP system can gain greater benefits and improve their socio-economic livelihoods.

206

# Pale Township to grow more than 45,000 acres of rain-fed paddy this year

**Pale June 30**

The Township Agriculture Department stated that local farmers in Pale Township of Sagaing Region will grow more than 45,000 acres of rainfed paddy this year.

During the 2026-2027 monsoon crop cultivation season, Pale Township has set a target to cultivate 45,700 acres of rainfed paddy. The cultivation of monsoon paddy will be carried out from July to September this year.

"This year's monsoon crop cultivation season, Pale Township has planned to cultivate more than 45,000 acres of monsoon paddy. We will make efforts to ensure that the targeted acreage is fully cultivated. We will provide the necessary cultivation techniques and seeds for monsoon paddy farming. We will also conduct field activities to help farmers plant monsoon paddy on time," said Daw Khin Lay Nwe, Township Head of the Department of Agriculture in Pale Township.

It is reported that during this year's monsoon crop cultivation season, the Township Department of Agriculture and local farmers will work together to ensure that monsoon paddy is systematically cultivated without difficulties.

In Pale Township, farmers cultivating monsoon paddy will be provided with agricultural technical assistance, awareness on pest prevention, guidance to prevent crop damage and losses, and information on ensuring that harvested paddy reaches storage facilities under proper shelter in a timely manner.

It is also reported that staff from the Township Department of Agriculture will conduct field visits and provide agricultural technical guidance to ensure the success and good yields of the monsoon paddy fields cultivated in Pale Township this year. The support activities include selecting and using quality and pure seed varieties, monitoring pest infestations, conducting weeding and soil aeration, removing off-type plants, and applying fertilizers systematically.

206

# President's Office holds press conference



The press conference of the President's Office is in progress.

**Nay Pyi Taw June 30**

The President's Office held a press conference at the multipurpose hall of the President's Office this afternoon. Spokesperson of the President's Office Deputy Minister Dr Khaing Khaing Soe explained the efforts of the President on his trips to India and China and the undertakings of the government in the 100-day plan.

The Spokesperson of the President's Office explained that the President's visit to India was his first overseas trip. The visit was made at the invitation of Indian Prime Minister Shri Narendra Modi. During the trip, he met the President of India, the Prime Minister of India, and the National Security Advisor of India. They discussed matters related to education, health, information and technology, border region stability, drug eradication, and the fight against online fraud and gambling.

In addition, the Myanmar-India joint statement announced matters including the completion of the Kaladan Multi-Modal Transit Transport Project, the implementation of the India-Myanmar-Thailand Trilateral Highway, the increase of ICCR scholarships under the Mekong-Ganga programme for Myanmar students from 36 to 100 starting in 2026, and efforts to further facilitate and expand bilateral trade, including the Rupee-Kyat payment system introduced in May 2024, along with continued cooperation to make trade between the two countries smoother and more efficient.

During the visit, the President attended meetings on economic and banking cooperation, Myanmar-India trade and investment, and bilateral economic dialogues. He also visited an energy company and India's key Jawaharlal Nehru Port for observation. As outcomes of the visit, agreements were reached on diplomatic recognition with a neighbouring democratic major country, the promotion of economic, trade, and investment cooperation, the expedited implementation of the Kaladan Multi-Modal Transit Transport Project and the Trilateral Highway Project, as well as understandings on border area security and the principle that neither country will undertake actions that may affect the sovereignty of the other.

Similarly, the President, at the invitation of President Xi Jinping of the People's Republic of China, paid a state-level goodwill visit from 15 to 19 June. During the visit, he met President Xi Jinping, Chinese Premier Li Qiang, and Chairman of the National People's Congress Zhao Leji. The discussions mainly focused on enhancing comprehensive cooperation in various sectors for Myanmar's development, cooperation to achieve lasting peace in Myanmar, increasing Chinese investment in Myanmar, and promoting bilateral trade between Myanmar and China.

In addition, the President discussed Myanmar-China strategic partnership relations, security and rule of law, the promotion of economic and investment cooperation, and the maintenance of stability and peace in border areas. Discussions also covered the acceleration of the Belt and Road Initiative (BRI) and the China-Myanmar Economic Corridor (CMEC) projects. Myanmar reaffirmed its support for the "One China" policy, while the Chinese side strongly expressed its full support for the new Myanmar government.

As part of bilateral memorandums of understanding, agreements were signed on human resource development, agriculture, trade, media, humanitarian assistance, and the exchange of technology and knowledge, including space and artificial intelligence technologies, as well as cooperation in implementing GSI, GDI, GCI, and GGI initiatives. As part of the study tour, visits were made to industrial and technological enterprises, including the China Aerospace Science and Technology Corporation, railway construction projects, the Shanghai Lingang Special Area, electric vehicle production facilities, and manufacturing industries producing textiles and household goods from bamboo raw materials, as well as Unitree Robotics.

The President attended and officially opened the "Myanmar-China Investment and Trade Networking Summit". During the forum, more than 70 memorandums of understanding were signed between business communities of the two countries. Regarding the visit, a joint statement was issued on accelerating the building of a Myanmar-China community with a shared future. The visit achieved diplomatic success, strengthened friendship and economic cooperation, and reached agreements in areas including border stability and security, as well as sectors such as mining, the digital economy, artificial intelligence, renewable energy, railway construction, and mineral extraction.

She said that these visits by the President brought positive results and valuable opportunities for the State and the new government.

Moreover, the spokesperson clarified the progress achieved and ongoing implementation by ministries under the government's 100-day plan, school enrolment for the current academic year, the opening and operation of basic education schools, universities, degree colleges, and institutes, and student attendance, the pass rate of the 2026 matriculation examination, the operation of new DEMU train services by Myanma Railways within 100 days, as well as the website and social media accounts of the President's Office News and Information Bureau.

She replied to the questions raised by media personnel from internal and external news agencies on plans to operate the findings of natural gas deposit in Taninthayi Region, educational cooperation between China and Myanmar during the State visit of the President to China, strengthening the strategic relations, progress of Myitsone hydropower project, international relation measures, efforts in restoration of the internal peace, reduction of poverty during the 100-day plan, connectivity for those on the black list and their family members, and cooperation with international community in implementing the infrastructure projects in Myanmar. MNA

# Plan underway to grow more than 9,000 acres of rainfed sesame in Ayadaw Township

**Ayadaw June 30**

Ayadaw Township Agriculture Department in Sagaing Region mentioned that local farmers have planted more than 9,000 acres of rainfed sesame in the township this year.

During the 2026-2027 monsoon crop cultivation season, local authorities earmarked to cultivate 43,020 acres of rainfed sesame. Planting activities began in May this year, and 9,127 acres have already been planted as of today.

"This year's monsoon crop cultivation season, Ayadaw Township has planned to cultivate more than 40,000 acres of monsoon sesame. More than 9,000 acres have already been planted as of today. We are also making efforts to ensure that the targeted acreage is fully cultivated. We are carrying out activities to expand sesame cultivation, improve yields, and promote cultivation in accordance with Good Agricultural Practices (GAP)," said U Kyaw Soe, Head of the Department of Agriculture in Ayadaw Township.

It is reported that this year, the Township Department of Agriculture in Ayadaw Township has been providing awareness training to monsoon sesame growers on expanding sesame cultivation, proper cultivation methods, adopting GAP practices, using quality and pure seed varieties, and cultivating high-yielding varieties.

Crops cultivated and produced under the GAP system have advantages such as better quality and higher prices compared to crops produced using other cultivation methods. They can also be sold not only in domestic markets but also exported to international markets. Therefore, farmers who produce crops under the GAP system can gain greater benefits and improve their socio-economic livelihoods. 206



A monsoon sesame plantation is seen in Ayadaw Township.

# An Open Letter to the United Nations Secretary-General (1)

Dear Secretary-General of the United Nations,

As a citizen of a sovereign State, I am writing and sending this open letter to you. I am writing this letter as a private citizen who cannot bear to see my country being unjustly oppressed. I therefore apologise in advance if the language used is not diplomatic, as it may contain personal sentiments.

The matter I wish to bring to your attention concerns the narrative of the UN Secretary-General's Special Envoy for Myanmar, Ms Julie Bishop, whom you appointed on behalf of our country. Ms Julie Bishop has made one-sided and negative statements about Myanmar, and we will be responding to them.

Since Ms Julie Bishop took up her appointment as the Special Envoy to Myanmar, she has consistently maintained an unfair attitude towards the successive governments of Myanmar and its people and has consistently been heard echoing the calls of anti-government groups to prevent peace and stability in Myanmar. In particular, the brief made by Ms Julie Bishop at the informal meeting of the United Nations General Assembly's, held in New York on 19th June 2026, were entirely detached from the realities of Myanmar's current situation and focused solely on negative portrayals. It is regrettable to hear that she focused exclusively on negative portrayals, divorced from the actual realities of progress. The majority of the Myanmar public hold her actions in low regard because her statements are inaccurate.

Indeed, the position of the UN Special Envoy is a diplomatic one, and the political differences that are emerging in Myanmar, impartiality between relevant stakeholders for security conflicts and socio-economic development, I understand and believe that a neutral and diplomatic approach must be taken to facilitate a negotiated solution between the relevant stakeholders.

We ordinary people can see that the current Myanmar government, in line with Ms Julie Bishop's duties, is always welcoming and collaborating on constructive and transparent communication.

On every occasion that Ms Julie Bishop has visited Myanmar, the government has enthusiastically and meticulously arranged everything to demonstrate its willingness to cooperate with the United Nations. I heard that she met the Head of State on three separate occasions, and the Union Minister for Foreign Affairs also explained frankly and openly, presenting evidences and data to explain Myanmar's all-round development. Every time we see or hear the news of the meeting between the Head of State and Ms Julie Bishop, we, the people, feel encouragement and grateful for the assistance the United Nations is providing to ensure the stability and peace of my country.

**However, every time she leaves Myanmar, we have been deeply saddened to observe that Ms Julie Bishop's statements, press releases and actions, in her capacity as the Special envoy of Secretary-General, are not conducive to the stability and peace of Myanmar but are consistently negative, further complicating matters and inciting the escalation of problems.**

**As UN Secretary-General, it is unclear what precise objectives and responsibilities he has been given, but her actions and statements are completely at odds with the wishes of the Burmese people, and he is perceived merely as an unpleasant diplomat who brings no benefit to Myanmar.**

What makes this point even more apparent is that at the informal meeting on 19 June, based on her one-sided pessimistic stance and unsubstantiated information, she, as Special Envoy, was unfit as a professional diplomat, criticisms and accusations were made against the democratically elected government.

During her visit to Myanmar, she completely ignored the reasoned explanations from the head of state and other officials, and recognized the accusations from certain countries and individuals opposing the current government. They are nothing more than one-sided statements, drawing conclusions from baseless social media rumours with the intention of exerting political pressure on the democratically elected government.




Her unstatesmanlike remarks ignore the Myanmar government's support and cooperation with the United Nations, and further complicate an already complex situation rather than seeking a negotiated solution and is greatly damaging Myanmar's image. The people of Myanmar, upon hearing her one-sided statements, are also disheartened and have lost faith in her actions.

Her statements have also been categorically objected and dismissed by the Ministry of Foreign Affairs. To further clarify the reason for this denial, **the allegations that air strikes are being carried out indiscriminately are** in breach of the governing ground counter-terrorism operations. Rules of Engagement (ROE) and the precise conduct of counter-terrorism operations on the ground, which are hampered by allegations of indiscriminate air-dropped bombing. The atrocities committed by the so-called People Defence Forces (PDF) and certain EAO groups. It is having the effect of ignoring the atrocities and destruction of innocent civilians' lives and property by the so-called People's Defence Forces (PDF) and certain EAO groups, and further amplifying the terrorists' propaganda.

**Regarding the allegations by women's groups, including sexual violence related to the conflict**, As a UN member state, the Government of Myanmar has committed to upholding international standards to prevent and combat sexual violence in conflict and continues to work towards this end. In Myanmar's culture, all forms of sexual violence are traditionally unacceptable and opposed. Furthermore, the military and security forces have a zero-tolerance policy and all perpetrators are being prosecuted under the law.

The 24-hour Helpline (1566), a national reporting mechanism for taking action against perpetrators of crime, was launched on 25 October 2022. Between 2017 and 2026, over 2,300 cases of non-armed conflict sexual violence were reported, investigated, and prosecuted.

**The allegations concerning displaced persons and food insecurity are at odds with the realities on the ground**. The UN's figures on displaced persons (IDP) figures are inflated and at odds with the situation on the ground. Internally displaced persons in Myanmar are only temporarily displaced and, as soon as conditions permit, they return to their home areas. Furthermore, as Myanmar has maintained food security and is continuously developing its agricultural sector, allegations of food insecurity are unfounded.The entire population of Myanmar is fully aware of this.

**The most outrageous of her allegations was to describe Myanmar as the "global epicentre of cybercrime". The people of Myanmar regard it as a reckless and baseless allegation. Who is masterminding the cybercrime activities taking place in Myanmar, Where they are primarily occurring, and to what extent the Myanmar government is taking them seriously and suppressing them decisively and effectively, can be seen clearly and distinctly from the daily news reports.**

**With a sense of responsibility to prevent drug and arms trafficking not only within Myanmar but also from reaching the region, Cybercrime-related online fraud, human trafficking and cross-border crimes, Myanmar also intensifying international cooperation. Ms Julie Bishop can easily see and hear this.** It is unclear what purpose is being served by sensationalising and portraying cybercrime occurring internationally as if it were centred in Myanmar. Without offering any solution on how to tackle this issue together, they are portraying Myanmar as a safe haven for online fraudsters. It would be a sign of the UN Special Rapporteur's dishonesty to blame Myanmar, which is being used as a proxy for online fraudsters, without offering a solution for how to tackle the problem together.

The next point is the call for the release of Aung San Suu Kyi. The message to be made clear here is that although Aung San Suu Kyi is a politician, her imprisonment is not for political reasons. the deliberate commission of undeniable electoral fraud in the 2020 election, she is serving a sentence imposed in accordance with the criminal law, having been tried for offences including corruption, which was uncovered, and for mismanagement in breach of existing legislation and election fraudulence. She is merely an individual defendant serving a sentence in accordance with the court's ruling, in line with the principle that no one is above the law. In deference to her age and out of the State's goodwill and compassion, the has been given as much relieves as possible, and her prison sentence has been commuted to house arrest with adequate healthcare arrangements provided.

Therefore, this is a clear presentation to the Secretary-General to show that Ms Julie Bishop's allegations are factually incorrect, divorced from the real situation on the ground, and merely pessimistic and negative statements.

According to reports about her personal conduct, Ms. Julie Bishop has a history of bullying with her colleagues during her time at the Australia National University (ANU) and the severe physical and mentally bullying by her and her team Dr Liz Allen lost her much-wanted baby and suffered psychological trauma, and was driven to the point of suicide as a result of the bullying. I have heard that criticism is emerging that appointing such a person as a Special Envoy was a wrong decision by the United Nations.

It is a matter for consideration whether appointing a socially disadvantaged individual as a special envoy for Myanmar could prove detrimental to the country, or whether it might lead to a positive outcome. As someone with a history of bullying, it is a valid concern whether she can genuinely address Myanmar's conflicts with sincerity.

Julie Bishop's actions are more about "business-like manoeuvres" than genuinely resolving the Myanmar issue. (Business-like tactics) to conceal the truth and prolong the conflict. Instead of resolving the conflict, she is using "diplomatic flowery language" (Diplomatic doublespeak) to conceal the truth and avoid 'fanning the flames' that would only worsen the conflict. I also urge you to be careful not to ignore the justice for the people of Myanmar, prioritising international economic gains and personal fame over humanitarianism.

Why would a major global organisation like the United Nations select someone with such evidence of ethical misconduct? It raises the question: was it a failure of due diligence on the UN's part, or was it a deliberate turning of a blind eye? If her appointment is a political ploy by certain powerful nations to burden and pressure Myanmar for their own vested interests, then the UN's credibility is I would also like to caution against it reaching an all-time low in history.

**The key qualities a UN Special Envoy should possess are diplomatic expertise, along with 'ethics and empathy'.**

**How can justice be delivered for the people who desire peace and stability, when the very person accused of perpetrating the abuses is the one being investigated? This is the question I wish to ask regarding justice for the people of Myanmar.**

In conclusion, I would like to state, as a citizen, my strong support for Myanmar's continued commitment to working in partnership with regional partners such as the United Nations and ASEAN. Furthermore, Myanmar's commitment to its own leadership, I would like to assure you that Myanmar will steadfastly pursue domestic peace, stability and development through Myanmar Own, Myanmar Led processes. I would like to add that this open letter represents the sentiments of the people who desire peace and stability.

**Min Khant**

# Tatmadaw columns recapture a defence post of joint terrorist insurgent groups and Kanan Village temporarily controlled by terrorists on Kalay-Tamu Road




File photo showing military columns recapturing Kanan Village, which had been temporarily occupied by terrorists.



File photo showing military columns recapturing Kanan Village, which had been temporarily occupied by terrorists.

**Nay Pyi Taw June 30**

The Tatmadaw is carrying out regional development undertakings under the guidance of the government and with the cooperation of local people, alongside its national defense and security duties to ensure regional peace, tranquility, public safety, and socioeconomic development. Amid these efforts, it is also striving to regain control of and reopen the entire Kalay-Tamu Road, which is vital for Myanmar-India border trade.

Tatmadaw troops were organized into separate columns to conduct step-by-step area security operations aimed at regaining full control of the Kalay-Tamu Road. Advancing harmoniously along their routes starting from 7 June, the columns pushing from Kalay recaptured towns and villages along the road one after another, liberating Khampat on 20 June. Meanwhile, the columns advancing from Tamu regained control of the areas in and around Yanlinpaing village. News about the abovementioned military gains was already released.

The Tatmadaw columns then accelerated their security operations to regain control of the Kalay-Tamu Road at the earliest possible time. The forces advancing from Kalay while conducting security operations found suspicious buildings at the place about 2000 meters north of Kyundaw Yayshin Village on 29 June. When they made a tactical approach, they engaged with terrorist insurgents and captured the buildings, which were used as the based by the enemy. During the skirmish terrorist insurgents fled in disarray after suffering heavy casualties. While clearing the area in detail, the forces seized a house with a corrugated iron roof and wooden walls, where terrorist insurgents lived, and four temporary ten-person capacity buildings with thatch roof and wooden walls.

The security forces continued their security operations along the road, capturing Kanan Village, used by the terrorist insurgents as their base and residence, today. After the engagement, the forces captured enemy bodies, arms and accessories.

The terrorist insurgents while temporarily controlling the village, built bunkers at local people's homes, religious buildings, public buildings, without considering the interest of the village people. They also erect bunkers on either side of public roads, planting explosive devices in the compounds of homes and on roads, and digging trenches inside the premises. They had turned the village into their fortified defence post.



Weapons, ammunition and related equipment seized from terrorists during operations in Kanan Village.

The security forces will undertake rehabilitation activities, including the tasks of clearing the mines mercilessly and wickedly planted by terrorists, repairing the roads and bridges damaged by the terrorists, and taking necessary measures to reopen schools for ensuring a safe return of the local people.

Tatmadaw columns continue their necessary security operations with greater momentum to regain control of and reopen the Kalay-Tamu Road and to restore the socioeconomic life of the locals. 100

# Qatar says U.S. envoys in Doha, no direct talks with Iran planned

**Doha June 30**

Qatar confirmed on Tuesday that U.S. President Donald Trump's special envoys Steve Witkoff and Jared Kushner are in Doha but will not hold direct meetings with Iranian officials.

Qatari Foreign Ministry spokesperson Majed Al-Ansari said at the weekly press briefing that the U.S. delegation would instead meet with mediators to discuss progress in implementing the recently signed memorandum of understanding (MoU) between the United States and Iran.

Al-Ansari also noted that the 6 billion U.S. dollars in frozen Iranian assets have yet to be transferred to Tehran.

The remarks came amid conflicting accounts from Washington and Tehran over the nature of the latest contacts in Doha, with the United States describing the discussions as part of the implementation process for the MoU, while Iran has denied that direct negotiations with U.S. officials are scheduled.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ရှေ့ဖုံးမှအဆက်

အိန္ဒိယနိုင်ငံသို့သွားရောက်ရသည့် ပထမအကြောင်းရင်းမှာ အိန္ဒိယနိုင်ငံတွင် ကျင်းပမည့် ကြောင်ကြီးမျိုးနွယ်ဝင်များထိန်းသိမ်းစောင့်ရှောက်ရေးဖိုရမ်သို့ သွားရောက်ရန် စီစဉ်ခဲ့ပါကြောင်း၊ သို့သော်လည်း အာဖရိကနိုင်ငံများတွင် ဖြစ်ပွားခဲ့သည့် အီဘိုလာရောဂါကြောင့် ယင်းနိုင်ငံများမှ ခေါင်းဆောင်များမလာရောက်နိုင်တော့သဖြင့် အဆိုပါဖိုရမ်ကိုရွှေ့ဆိုင်းလိုက်ပါကြောင်း၊ သို့သော်လည်း အိန္ဒိယသမ္မတကြီးက မြန်မာနိုင်ငံသမ္မတကြီးကို ချစ်ကြည်ရေးခရီးလာရောက်ရန် ဖိတ်ခေါ်သည့်အတွက် သွားရောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ချစ်ကြည်ရေးခရီးစဉ်ကို မေ ၃၀ ရက်မှ ဇွန် ၃ ရက်ထိ ငါးရက်ကြာ သွားရောက်ခဲ့ပါကြောင်း၊ ငါးရက်တာကာလအတွင်း အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီနာရင်ဒရာမိုဒီ၊ အိန္ဒိယနိုင်ငံသမ္မတ၊အိန္ဒိယနိုင်ငံအမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်တို့နှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ဒေလီမြို့တွင် ဒေသအာဏာပိုင်များနှင့် တွေ့ဆုံပြီးနောက် မွမ်ဘိုင်းမြို့သို့လည်း သွားရောက်ခဲ့ပါကြောင်း၊ ယင်းခရီးစဉ်တွင် ပညာရေးပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါကြောင်း၊ အိန္ဒိယနိုင်ငံသည် IT နည်းပညာများ၊ ပညာရေးပိုင်းဆိုင်ရာများ ဘက်စုံဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံကြီးဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံတည်ဆောက်ရေး၊ ဆေးဝါးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံတွင် ဆေးဝါးစက်ရုံလာရောက် တည်ဆောက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ပါကြောင်း၊ အိန္ဒိယနိုင်ငံသည် နည်းပညာနှင့်ပတ်သက်ပြီး ရှေ့တန်းရောက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် သတင်းအချက်အလက်နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးခဲ့ပါကြောင်း၊ မြန်မာ-အိန္ဒိယ နှစ်ဖက်နယ်စပ်ဒေသမတည်ငြိမ်မှုများရှိနေသည့်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေသည့်လုပ်ငန်းများ အတားအဆီး အနှောင့်အယှက်အဟန့်အတားဖြစ်နေသည့် အကြောင်းရင်းများနှင့် စပ်လျဉ်း၍ နယ်စပ်ဒေသတည်ငြိမ်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါကြောင်း။

ထို့ပြင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးကိစ္စရပ်များကို နှစ်နိုင်ငံခေါင်းဆောင်များဆွေးနွေးခဲ့ပါကြောင်း၊ ခရီးစဉ်အတွင်း နှစ်နိုင်ငံပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ယင်းထုတ်ပြန်ချက်တွင် အဓိကအားဖြင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်းအပြီးသတ်ရန် ဆွေးနွေးခဲ့ပါကြောင်း၊ ယင်းကိစ္စအပေါ် အိန္ဒိယနိုင်ငံသမ္မတ၊ ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့အားလုံးက အလေးထားပြီး ဆွေးနွေးခဲ့ပါကြောင်း၊ နောက်တစ်ခုမှာ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်း အမြန်ဆုံး အပြီးသတ်အကောင်အထည်ဖော်နိုင်ရေးကိုလည်း အိန္ဒိယနိုင်ငံ သမ္မတ၊ ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့အားလုံးက အလေးနက်ထားပြောကြားခဲ့ပါကြောင်း။

ပညာရေးနှင့်ပတ်သက်ပြီး ယခု ၂၀၂၆ ခုနှစ်မှစတင်ပြီး မဲခေါင်-ဂင်္ဂါပညာသင်ဆုကို မိမိတို့နိုင်ငံအနေဖြင့် ပုံမှန်အားဖြင့် ၃၆ ဆုသာရရှိပါကြောင်း၊ယခုနှစ်မှစတင်ပြီး ၁၀၀ ထိ



နိုင်ငံတော်သမ္မတရုံး၏ သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။

တိုးမြှင့်ပေးရန်ပြောကြားခဲ့ပါကြောင်း၊ ၂၀၂၆ ခုနှစ်ကစတင်ခဲ့သည့် ရူပီးနှင့် ကျပ်ငွေပေးချေရေးကိစ္စ ထိရောက်စွာအကောင်အထည်မဖော်နိုင်သည့်ကိစ္စကို ယခုအချိန်မှစတင်ပြီး အကောင်အထည်ဖော်ရန် ရူပီးနှင့်ကျပ်ငွေပေးချေသည့်စနစ်များ အဆင်ပြေစေရန် အိန္ဒိယနိုင်ငံ Reserve Bank of India ၏ ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် သဘောတူညီမှုများ ရရှိခဲ့ပါကြောင်း။

နယူးဒေလီမြို့၌ပြုလုပ်သည့် ဆွေးနွေးပွဲတွင် စီးပွားရေးလုပ်ငန်းရှင်များတက်ရောက်ခဲ့ပါကြောင်း၊ ၎င်းတို့အနေဖြင့် စိတ်ပူသည့်ကဏ္ဍများကိုမေးမြန်းခဲ့ပါကြောင်း၊ လုံခြုံရေးအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုတွင် အကျိုးအမြတ်ကိစ္စများ မေးမြန်းခဲ့ပါကြောင်း၊ ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတကိုယ်တိုင်တက်ရောက်ပြီး မေးမြန်းသည့်မေးခွန်းများကို သေသေချာချာဖြေကြားပေးခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများလာရောက်လုပ်ကိုင်ပါက ဝန်းကျင်ကောင်းတစ်ခုကို ရင်းနှီးမြှုပ်နှံမှုများအတွက် ဖန်တီးပေးမည်ဆိုသည်ကိုလည်း နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်ဖြေကြားပေးခဲ့ပါကြောင်း၊ မွမ်ဘိုင်းတွင်လည်း မိမိတို့ဘက်က UMFCCI အဖွဲ့များနှင့် အိန္ဒိယနိုင်ငံမှ ရင်းနှီးမြှုပ်နှံမည့် စီးပွားရေးလုပ်ငန်းရှင်များ ဆွေးနွေးပြီး သဘောတူညီမှုများရရှိခဲ့ပါကြောင်း၊ တချို့စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အခြေအနေပေးပါကဆောင်ရွက်နိုင်မည့်ရင်းနှီးမြှုပ်နှံမှုငွေပမာဏကိုပင် ပြောကြားခဲ့ပါကြောင်း။

လေ့လာရေးခရီးစဉ်တွင် အိန္ဒိယနိုင်ငံ MPC Limited ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် စွမ်းအင်ကုမ္ပဏီကို သွားရောက်လေ့လာခဲ့ပါကြောင်း၊ ယင်းစက်ရုံတွင် ခေတ်ရှေ့ပြေးနေသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးမျိုး ထုတ်လုပ်နိုင်သည့်စနစ်များကို Research center သဘောမျိုးပြုလုပ်သည့်နေရာဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွက် အကျိုးသက်ရောက်စေမည့် အနေအထားများကို များစွာတွေ့ရှိခဲ့ပါကြောင်း၊ သို့ဖြစ်၍ ရှေ့ဆက်ပြီး ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန်ကိုလည်း ကမ်းလှမ်းခဲ့မှုများ ရှိပါကြောင်း။

ထို့ပြင် ဂျဝါဟာလာနေရူးဆိပ်ကမ်းကိုလည်း သွားရောက်လေ့လာခဲ့ပါကြောင်း၊ ရေကြောင်းအရ မိမိတို့နိုင်ငံအနောက်ပိုင်းနှင့် ချိတ်ဆက်မည့်အနေအထားများကို သွားရောက်လေ့လာခဲ့ပါကြောင်း၊ ယခုဆိုလျှင် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံ၊ သန်းပေါင်း ၁၄၀၀ ကျော်ရှိသည့် အင်အားကြီးနိုင်ငံ၊ ဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံ၊ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်ပြီး ဒီမိုကရေစီနိုင်ငံကြီးလည်းဖြစ်ပါကြောင်း၊ ယင်းကဲ့သို့သောနိုင်ငံကြီးက မိမိတို့နိုင်ငံ၏ သမ္မတကြီးကို နွေးနွေးထွေးထွေး လှိုက်လှိုက်လှဲလှဲကြိုဆိုပြီး ခရီးစဉ်တစ်လျှောက်လုံး ဂရုတစိုက်ရှိခဲ့မှုသည် သံတမန်ရေးအရ၊ နိုင်ငံရေးအရ အောင်မြင်မှုဖြစ်ပါကြောင်း။

စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်အတွက် သဘောတူညီချက်များ များစွာရရှိခဲ့ပါကြောင်း၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အချုပ်အခြာအာဏာကို လုံးဝမထိပါးစေဘဲ အိန္ဒိယနိုင်ငံကို ထိပါးစေမည့်ကိစ္စများ မြန်မာ့မြေပေါ်တွင် မဖြစ်ပေါ်စေရေး၊ မြန်မာနိုင်ငံကိုထိပါးမည့်ကိစ္စများ အိန္ဒိယမြေပေါ်တွင်မဖြစ်ပေါ်စေရေးကို အလေးထားဆွေးနွေးခဲ့ပါကြောင်း၊ ကုလားတန်မြစ် ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်းကို အမြန်ဆုံးအပြီးသတ်နိုင်ရေး ဆောင်ရွက်သွားနိုင်ရန်၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုသည့် သဘောတူညီမှုရရှိခဲ့ပါကြောင်း။

တရုတ်နိုင်ငံခရီးစဉ်မှာ တရုတ်သမ္မတကြီး မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက် State Visit(နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်)အနေဖြင့် ဇွန် ၁၅ ရက်မှ ၁၉ ရက်ထိ ငါးရက်ကြာသွားရောက်ခဲ့ပါကြောင်း၊ ခရီးစဉ်တွင် သမ္မတကြီးအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၊ ဝန်ကြီးချုပ် မစ္စတာလီချန်း၊ တရုတ်အမျိုးသားကွန်ဂရက်(NPC)ဥက္ကဋ္ဌ မစ္စတာကျောက်လဲ့ကျိတို့နှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ရှန်ဟိုင်းတွင်လည်း ရှန်ဟိုင်းအုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ အလားတူသက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံခဲ့ပါကြောင်း။

သမ္မတကြီး၏ ခရီးစဉ်သည် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ဖြစ်သည့်အတွက် နိုင်ငံတော်အဆင့် ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံသမ္မတကြီးအတွက် ဂုဏ်ယူစရာဖြစ်ပါကြောင်း၊ ခရီးစဉ်အတွင်း တရုတ်-မြန်မာ မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးကိုအလေးထားပြီး ဆွေးနွေးခဲ့ပါကြောင်း၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဒေသ အမြန်ဆုံးတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးကောင်းမွန်ရေး ဆွေးနွေးခဲ့ကြပြီး စီးပွားရေးနှင့်ပတ်သက်၍လည်း နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးကိုလည်း ဆွေးနွေးခဲ့ပါကြောင်း၊ Belt and Road Initiative(BRI)နှင့် မိမိတို့နိုင်ငံထဲတွင် ဆောင်ရွက်မည့် CMEC စီမံကိန်းများ အမြန်ဆုံးပြန်လည်စတင်နိုင်ရေး၊ လုံခြုံရေးအခြေအနေအကြောင်းကြောင်းကြောင့် ရပ်ဆိုင်းထားသည့်လုပ်ငန်းများ အမြန်ဆုံးစတင်နိုင်ပြီး အဆိုပါစီမံကိန်းများအပြီးသတ်နိုင်ရေးကိုလည်း ဆွေးနွေးခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ခိုင်ခိုင်မာမာပြောကြားခဲ့သည်မှာ တရုတ်နိုင်ငံတစ်နိုင်ငံတည်းမူဝါဒကို အပြည့်အဝထောက်ခံပါကြောင်းဆိုသည်ကို ထပ်လောင်းအတည်ပြုခဲ့ပါကြောင်း။

တရုတ်နိုင်ငံအနေဖြင့် အာမခံချက်ပေးသည်မှာ မြန်မာအစိုးရသစ်ကိုကြိုဆိုကြောင်း၊ ရွေးကောက်ပွဲကိုလည်း ကြိုဆိုသည့်အပြင် တက်လာသည့်အစိုးရကိုလည်း ကြိုဆိုကြောင်း၊ ထောက်ခံကြောင်း၊ လက်ရှိ မိမိတို့အစိုးရကဆောင်ရွက်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း ထောက်ခံကြောင်း၊ ရှေ့ဆက်ပြီးလည်း အပြည့်အဝထောက်ခံအားပေးသွားမည်ကို အခိုင်အမာပြောခဲ့ပါကြောင်း၊ အဓိကဆွေးနွေးခဲ့သည့် အကြောင်းအရာဖြစ်ပါကြောင်း။

ငါးရက်တာကာလအတွင်း G to G (Government-to-Government) MoU ၁၈ ခု ရေးထိုးနိုင်ခဲ့ပြီး ယင်းတွင်ကဏ္ဍစုံပါဝင်ပါကြောင်း၊ သွားရောက်သည့်ရည်ရွယ်ချက်တွင်ပါဝင်သော အကြောင်းအရာများအားလုံးကို ပေါက်မြောက်အောင်လည်း ယခုခရီးစဉ်တွင် MoU များထိုးနိုင်ခဲ့ပါကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကောင်းမွန်ရေးအတွက်လည်း ပါဝင်ပါကြောင်း၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ သတင်းမီဒီယာအပိုင်းနှင့် မိမိနိုင်ငံ၏သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် Training များ၊ မိမိနိုင်ငံတွင်လာရောက်၍ ဖလှယ်မည့်နည်းပညာများ၊ လုပ်ငန်းစဉ်များ၊ ချစ်ကြည်ရေးလုပ်ငန်းစဉ်များ ပါဝင်ပါကြောင်း။

ထို့ပြင် လူသားချင်းစာနာထောက်ထားမှုနှင့် အာကာသအစီအစဉ်ဖြစ်ပါကြောင်း၊ ယင်းအာကာသအစီအစဉ်နှင့် ပတ်သက်၍ ပညာတော်သင်များစေလွှတ်ပြီး ပညာရပ်များကိုလေ့လာရန် ဆွေးနွေးခဲ့ပါကြောင်း၊ တရုတ်-မြန်မာပညာရှင်များ ပူးပေါင်းပြီး စိုက်ပျိုးရေး၊ မိုးလေဝသ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စ၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ဂြိုဟ်တုတစ်လုံးလွှတ်တင်ရန်နှင့် ပညာရှင်များ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ပါကြောင်း။

GSI, GDI, GCI, GGI လေးချက်ကိုလည်း တရုတ်နိုင်ငံက Initiative, Global Initiative စတင်ပြီး ဆောင်ရွက်နေသည့် ယင်းလုပ်ငန်းစဉ်များတွင် MoU ထိုးခဲ့ပါကြောင်း၊ တရုတ်သည် ကျန်နိုင်ငံများအားလုံးနှင့် လေးခုစလုံးတွင် MoU ထိုးခြင်းမျိုးမရှိပါကြောင်း၊ အချို့နိုင်ငံများက နှစ်ခုသို့မဟုတ်တစ်ခုသာရေးထိုးပါကြောင်း၊ အပြန်အလှန်အားဖြင့် တရုတ်နိုင်ငံက ဆောင်ရွက်နေသည့် Global Initiative လေးခုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဆိုသည့်အနေအထားမျိုးကို ပြသနိုင်ခဲ့ပါကြောင်း။

တရုတ်နိုင်ငံသည် စက်မှုနည်းပညာနှင့် AI မည်မျှတိုးတက်သည်ကို အားလုံးသိပြီးဖြစ်ပါကြောင်း၊ အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်းသို့ သွားရောက်လေ့လာခဲ့ပါကြောင်း၊ တရုတ်နိုင်ငံသို့လာရောက်သည့် အာဆီယံခေါင်းဆောင်များထဲတွင် မြန်မာနိုင်ငံသမ္မတကြီးက ပထမဆုံးဖြစ်သည်ဟုသိရပါကြောင်း၊ မိမိတို့နိုင်ငံထဲတွင်လည်း ရထားလမ်းများ ဖောက်လုပ်မည်ဖြစ်သည့်အတွက် CRCC(ရထားလမ်းဆောက်လုပ်ရေး)ကိုသွားရောက်လေ့လာခဲ့ပါကြောင်း၊ တရုတ်မှ မြန်မာကျောက်ဖြူထိ သွားမည့်ရထားလမ်းအပြင် ပြည်တွင်းတွင် တခြားရထားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ရန်လည်း ဆွေးနွေးခဲ့ပါကြောင်း၊ ရှန်ဟိုင်းရှိ Lingang Special Area တွင်လည်း မြို့ပြဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့ဆောင်ရွက်မည်ကို အသေးစိတ်လေ့လာခဲ့ပါကြောင်း၊ Leapmotor လျှပ်စစ် EV ကားစက်ရုံကိုလည်း သွားရောက်လေ့လာခဲ့ပါကြောင်း၊ ဝါးပင်မှတစ်ဆင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် သွားရောက်လေ့လာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် စက်ရုံလာရောက်တည်ထောင်ပြီး ကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်ရန်အတွက် ပူးပေါင်းဆောင်ရွက်မည့်သဘောတူညီချက်များ ရရှိခဲ့ပါကြောင်း။

Unitree Robotics(စက်ရုပ်နည်းပညာ) ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာခဲ့ပြီး အသုံးပြုမည့်နေရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါကြောင်း၊ မိမိနိုင်ငံမှ သင်တန်းသားများ စေလွှတ်နိုင်ရေးဆွေးနွေးခဲ့ဖြစ်ပြီး မကြာခင်

အကောင်အထည်ဖော်လာနိုင်မည့် အခြေအနေရှိပါကြောင်း၊ ရှန်ဟိုင်းမြို့တွင် မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုညီလာခံ(Shanghai Summit)သို့ တရုတ်ဘက်မှ စီးပွားရေးလုပ်ငန်းရှင် ၄၀၀ ကျော်နှင့် မြန်မာဘက်မှ ၂၀၀ ကျော် စုစုပေါင်း ၆၀၀ ကျော် တက်ရောက်ခဲ့ပါကြောင်း၊ တရုတ်နိုင်ငံ၏ State-owned Enterprise ကြီးများ၊ Belt and Road Initiative(BRI)တွင် ပါဝင်နေသောကုမ္ပဏီကြီးများ တက်ရောက်ခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးမည်ကို ရှင်းလင်းပြောကြားပြီး ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့ပါကြောင်း၊ ယင်း Summit တွင် ပြခန်းပေါင်း ၃၅ ခု ပြသခဲ့ပြီး မြန်မာနှင့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များအကြား B2B MoU ပေါင်း ၇၀ ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် တရုတ်-မြန်မာ



နေပြည်တော်မှုခင်းနှင့်သတင်းစုံဂျာနယ်မှ ဦးမင်းမောင် မေးမြန်းစဉ်။

အေးအတူပူအမျှ အသိုက်အဝန်းတည်ထောင်ရန် ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့ပါကြောင်း။

ခရီးစဉ်များနှင့်စပ်လျဉ်း၍ သုံးသပ်ချက်အနေဖြင့် အိန္ဒိယသည် ကမ္ဘာ့လူဦးရေအများဆုံးသန်း ၁၄၀၀ ကျော်ရှိပြီး တရုတ်သည် လူဦးရေ သန်း ၁၄၀၀ ကျော်ဖြင့် ဒုတိယအများဆုံးဖြစ်ကာ စစ်ရေး၊ စီးပွားရေး၊ နည်းပညာအင်အားကြီး နိုင်ငံများဖြစ်ပါကြောင်း၊ နိုင်ငံကြီးများနှင့် ဆက်ဆံနိုင်ခြင်းသည် နိုင်ငံတကာဆက်ဆံရေး၊ သံတမန်ရေးနှင့် နိုင်ငံရေးအရ အောင်မြင်မှုဖြစ်ပြီး ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို ဆက်လက် ထိန်းသိမ်းနိုင်ခဲ့ပါကြောင်း၊ အေးအတူပူအမျှ အသိုက်အဝန်းကိုလည်း ဆွေးနွေးခဲ့သည့်နေရာတိုင်းတွင် နိုင်ငံ့ခေါင်းဆောင်များ၊ ပါတီခေါင်းဆောင်များ အဓိကဆွေးနွေးကြပါကြောင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်၊ ကုန်သွယ်မှုမြှင့်တင်ရန်၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက်လည်း ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ MoU၊ B to B၊ G to G ရေးထိုးနိုင်ခြင်းသည် မိမိတို့နိုင်ငံအတွက် လူဦးရေသန်း ၁၀၀၀ ကျော်ရှိသည့် ဈေးကွက်ကြီးပွင့်သွားပါကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း။

သတ္တုတွင်း၊ ဒစ်ဂျစ်တယ်၊ AI၊ လျှပ်စစ်နှင့် ပြည့်ဖြိုးမြဲစွမ်းအင်၊ ရထားလမ်းဖောက်လုပ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုများရရှိခဲ့ပါကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များလည်း တိုးမြှင့်သွားရန် သဘောတူညီမှုများရရှိခဲ့ပါကြောင်း၊ ပြီးခဲ့သည့် ခရီးစဉ်နှစ်ခုကို သုံးသပ်ကြည့်မည်ဆိုပါက အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သို့သွားရောက်သည့် ရည်ရွယ်ချက်ပေါက်မြောက်အောင်မြင်ခဲ့သကဲ့သို့ ရလဒ်များသည်လည်း အားရကျေနပ်ဖွယ်ရှိပါကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရသစ်၏ အစကောင်း၊ အဖွင့်ကောင်းဖြစ်သည်ဟု ခရီးစဉ်နှစ်ခုအပေါ် သုံးသပ်၍ရပါကြောင်း။

အစိုးရသစ် ရက် ၁၀၀ စီမံကိန်း(100-Day Plan) တိုးတက်မှုအခြေအနေနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများအားလုံးသည် ရက် ၁၀၀ စီမံချက်တွင် ဆောင်ရွက်မည့် လုပ်ငန်းများကို ပြင်ဆင်ခဲ့ပါကြောင်း၊ ရက် ၁၀၀ စီမံချက်တွင် တချို့က လုပ်ငန်းကြီးများဖြစ်သည့်အတွက် တစ်ခု၊ နှစ်ခုရှိပြီး တချို့မှာဆောင်ရွက်မည့် လုပ်ငန်းအသေးများရှိပါကြောင်း၊ စီမံချက်အရေအတွက်နှင့်



မြန်မာသံတော်ဆင့်ဂျာနယ်မှ ဦးကျော်စွာဝင်း မေးမြန်းစဉ်။

ပြီးစီးမှု ရာခိုင်နှုန်းကို ဖော်ပြထားပါကြောင်း၊ ယင်းဆောင်ရွက်မှုအခြေအနေများ အသေးစိတ်အချက်အလက်များရှိပါကြောင်း၊ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ရမည့်စီမံကိန်းအရေအတွက်နှင့် ပြီးစီးမှုရာခိုင်နှုန်းများမှာ ယေဘုယျအားဖြင့် ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါကြောင်း၊ အချို့ကဏ္ဍများတွင် ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ပြီး ဥပမာအားဖြင့် ပို့ဆောင်ရေးတွင် ၉၃ ရာခိုင်နှုန်း၊ ပြည်ထဲရေးတွင် ၁၀၀ ရာခိုင်နှုန်း၊ သိပ္ပံနှင့်နည်းပညာ၊ ဥပဒေရေးရာတို့တွင် ၉၈ ရာခိုင်နှုန်းထိ ပြီးစီးမှုများရှိနေပါကြောင်း၊ အချို့ကဏ္ဍများလည်း အကောင်အထည်ဖော်ဆဲအနေအထားမျိုးတွေ့ရှိရပါကြောင်း။

နိုင်ငံတော်သမ္မတကြီး အစည်းအဝေးတိုင်းတွင် တစိုက်မတ်မတ်ပြောကြားသည့်ကိစ္စသည် ပညာရေးကဏ္ဍဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေအထားသည်ပညာရေးအားနည်းသည့်အတွက် မြှင့်တင်ရန်လိုအပ်ပါကြောင်း၊ ပညာရေးမြှင့်တင်ရန်အတွက် ပညာရေးဝန်ကြီးဌာနကလည်း ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်ရောက်ရန် အရေးကြီးပါကြောင်း၊ လွန်ခဲ့သော ငါးနှစ်တာအတွင်း မတည်ငြိမ်မှုများနှင့် ပဋိပက္ခများကြောင့် ကျောင်းများပိတ်ထားခဲ့ရသဖြင့် ကျောင်းများအမြန်ပြန်ဖွင့်နိုင်ရန်၊ ဆရာ၊ ဆရာမများရရှိရန်နှင့် ကျောင်းသားများ ကျောင်းတက်နိုင်မည့်ပတ်ဝန်းကျင်ဖန်တီးရန် အစိုးရက ကြိုးပမ်းနေပါကြောင်း။

မေ ၂၅ ရက်မှ ၃၁ ရက်ထိ ကျောင်းအပ်နှံရေးရက်သတ္တပတ်အဖြစ် သတ်မှတ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မအပ်နှံနိုင်သေးသူများအတွက် ကျောင်းအပ်လက်ခံမှုကို ဩဂုတ် ၃၁ ရက်ထိ(သုံးလသက်တမ်း) တိုးမြှင့်ပေးထားပါကြောင်း၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်(ဇွန် ၂၉ ရက်ထိ စာရင်းအရ) ကျောင်းသားဦးရေ ၇ ဒသမ ၂၇၅ သန်းရှိပြီး ကိန်းဂဏန်းသည် ဆက်လက်တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ယခင်နှစ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ၇ ဒသမ ၂၅၃ သန်းရှိခဲ့သဖြင့် ယခုနှစ်တွင် ကျောင်းသားဦးရေပိုမိုတိုးတက်လာသည်ကိုတွေ့ရပါကြောင်း၊ ကျောင်းအပ်နှံပြီးသူများအနက် လက်ရှိအမှန်တကယ်ကျောင်းတက်ရောက်မှုနှုန်းမှာ ၉၈ ဒသမ ၆၅ ရာခိုင်နှုန်းရှိပါကြောင်း။

မြန်မာနိုင်ငံတွင် အခြေခံပညာကျောင်းပေါင်း ၅၁၀၀၀ ကျော်ရှိသည့်အနက် ကျောင်းပေါင်း ၃၅၀၀၀ ကျော်ဖွင့်လှစ်နိုင်ပါကြောင်း၊ ကျန်သည့် ၃၀ ရာခိုင်နှုန်းကိုလည်း ဆက်လက်ဖွင့်လှစ်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် ပညာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်



ဆင်ဟွာသတင်းဌာနမှ ဒေါ်အိမွန်ကျော် မေးမြန်းစဉ်။

ရွက်နေပါကြောင်း၊ သုံး၊ လေးနှစ်တာကာလအတွင်း ပဋိပက္ခများဖြစ်ပွားခဲ့သည့်အတွက် ကျောင်းများ ပိတ်ခဲ့ရပါကြောင်း၊ လုံခြုံရေးအခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများကြောင့် ကျောင်းမသွားနိုင်ကြပါကြောင်း၊ သို့သော်လည်း ကလေးများသည် အသက်ကြီးလာပြီး အတန်းငယ်နေကြပါကြောင်း၊ ယင်းကလေးများသည် Self study သို့မဟုတ် နည်းလမ်းတစ်ခုခုဖြင့် ပညာရေးကိုမြှင့်တင်နေသည့် ကလေးများရှိပါကြောင်း၊ ယင်းကလေးများ၏ အသက်အရွယ်နှင့်အတန်းများသည် အခြေအနေအကြောင်းကြောင်းကြောင့် မကိုက်ညီသည့်အနေအထားမျိုးဖြစ်နေပါကြောင်း၊ ထို့ကြောင့် Placement testကိုဆောင်ရွက်ပြီး အဆင့်နှင့်ကိုက်ညီသည့် အတန်းကိုဝင်ရောက်ဖြေဆိုရန်ဖြစ်ပါကြောင်း၊ သို့သော် အထက်တန်းသည် ပြင်ပဖြေဖြင့် ဝင်ရောက်ဖြေဆို၍ရသဖြင့် မူလတန်းနှင့် အလယ်တန်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်သိန်း ခြောက်သောင်းကျော် စာရင်းသွင်းပြီး တစ်သိန်းလေးသောင်းကျော် ဝင်ရောက်ဖြေဆိုခဲ့ပါကြောင်း၊ မနက်ဖြန်အောင်စာရင်းထွက်မည်ဖြစ်ပါကြောင်း။

ထို့ပြင် တက္ကသိုလ်ဒီဂရီကောလိပ်၊ သိပ္ပံကျောင်းများ ကျောင်းသား၊ ကျောင်းသူအရေအတွက် ၇၃ ရာခိုင်နှုန်း ကျောင်းတက်သည်ကို တွေ့ရပါကြောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံစုစုပေါင်း ၂၂၃ ကျောင်းတွင် ၂၁၆ ကျောင်း ဖွင့်လှစ်နိုင်ပါကြောင်း၊ တွဲဖက်ဖွင့်ထားသည့် ကျောင်း ၁၃ ကျောင်းရှိပါကြောင်း၊ လုံးဝမဖွင့်လှစ်နိုင်သည့်ကျောင်း ခုနစ်ကျောင်းသာရှိပါကြောင်း၊ဇွန် ၂၉ရက်က ထုတ်ပြန်သွားသည့် Grade 12 ၁၂ တန်း အောင်စာရင်းဖြစ်ပါကြောင်း၊ ဖြေဆိုသူ နှစ်သိန်း ငါးသောင်း ငါးထောင်ရှိပြီး အောင်မြင်သည့်ဦးရေ တစ်သိန်း တစ်သောင်း သုံးထောင်ကျော်ဖြစ်သည့်အတွက် ၅၂ ဒသမ ၃၇ ရာခိုင်နှုန်း အောင်မြင်ပါကြောင်း၊ ယခင်နှစ်များထက် ရာခိုင်နှုန်းတိုးတက်လာသည်ကို တွေ့ရပါကြောင်း။

နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ အတွင်း ပြည်သူများအကြား စိတ်ဝင်စားမှုမြင့်တက်လျက်ရှိသည့် ပို့ဆောင်ရေးဝန်ကြီးဌာန၏ မြန်မာ့မီးရထား DEMU ရထားဖြစ်ပါကြောင်း၊ DEMU ရထားသည် သန့်ရှင်းပြီး Aircon များပါဝင်ကာ အချိန်အားဖြင့် တိကျပါကြောင်း၊ ယခုနောက်ပိုင်းတွင် ထပ်မံ၍ မန္တလေး-ရန်ကုန် တိုးချဲ့ပြီး ပြေးဆွဲနေပြီဖြစ်ပါကြောင်း၊ ယင်းရထား၏ အားသာချက်သည် ငွေကျပ် နှစ်သောင်းကျော်သာပေးရပြီး ရန်ကုန်မြို့လယ်ခေါင်၊ မန္တလေးမြို့လယ်



Myanmar Transparency News သတင်းအေဂျင်စီမှ ဦးကြည်နိုင် မေးမြန်းစဉ်။

ခေါင်ရောက်သွားပါကြောင်း၊ စရိတ်စကများလည်းများစွာသက်သာပြီး သွားရေးလာရေးတွင်လည်း သက်သောင့်သက်သာရှိပါကြောင်း၊ မနက်ဖြန်ဆိုလျှင် ရန်ကုန်-မော်လမြိုင်-ရန်ကုန်နေ့ချင်းပြန် စတင်ပြေးဆွဲမည်ဖြစ်ပါကြောင်း၊ စီမံချက်ထဲတွင် အောင်မြင်သည့် လုပ်ငန်းစဉ်တစ်ခုဟု ပြော၍ရပါကြောင်း၊ နေပြည်တော်-ရန်ကုန် တိုးချဲ့ရန်ဆောင်ရွက်နေပါကြောင်း။

နိုင်ငံတော်သမ္မတရုံးသတင်းနှင့် ပြန်ကြားရေးဗျူရိုကို PPIB ဟုခေါ်ပါကြောင်း၊ ယင်းကိုမိတ်ဆက်ရသည့် ရည်ရွယ်ချက် နှစ်ခုရှိပါကြောင်း၊ ပထမတစ်ခုမှာ Website ထဲတွင် သတင်းမှန်များဖော်ပြပေးလျက်ရှိပါကြောင်း၊ PPIB နှင့်ပတ်သက်၍ Website၊ Telegram၊ YouTube၊ TikTok တို့ရှိပါကြောင်း၊၊ လေးခုစလုံး စတင်လည်ပတ်နေပြီဖြစ်ပါကြောင်း၊ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီရယူနိုင်ပါကြောင်း၊ ည ၆ နာရီ၊ ၇ နာရီ၊ ၈ နာရီ သတင်းထိ စောင့်စရာမလိုဘဲ ခရီးစဉ်နှင့်ပတ်သက်ပါကလည်း ဆောင်ရွက်နေစဉ်ကာလအတွင်း သတင်းများကို တင်ဆက်ပေးနေပါကြောင်း။

မိမိအနေဖြင့် မေးမြန်းလာသည့် မေးခွန်းများကို မြန်မြန်ဖြေနိုင်သည့်ကိစ္စဖြစ်ပါက ချက်ချင်းဖြေပေးမည်ဖြစ်ပြီး အချက်အလက်စုဆောင်းရမည့် ကိစ္စဆိုပါက အချက်အလက်စုဆောင်းပြီး ပြန်လည်ဖြေကြားပေးမည်ဖြစ်ပါကြောင်း။

သတင်းထုတ်ပြန်ရေးနှင့် ပတ်သက်၍ နှစ်ဖွဲ့ ရှိပါကြောင်း၊ တစ်ဖွဲ့မှာ နိုင်ငံတော်သမ္မတရုံး သတင်းထုတ်ပြန်ရေးအဖွဲ့ဖြစ်ပါကြောင်း၊ သမ္မတကြီး၏ မူဝါဒ၊ နိုင်ငံတွင်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ စီမံကိန်းများ၊ နိုင်ငံတော်အဆင့်ကိစ္စရပ်များ သိရှိလိုပါက မိမိကိုဆက်သွယ်ပြီး မေးမြန်းနိုင်ပါကြောင်း၊ ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များနှင့် အခြားသိလိုသည့် အကြောင်းအရာများကို သိရှိလိုပါက ပြည်ထောင်စုအစိုးရသတင်းထုတ်ပြန်ရေးအဖွဲ့ရှိပြီး ယင်းအဖွဲ့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ပြည်တွင်း၊ပြည်ပ သတင်းဌာနများမှ မေးမြန်းသည့်မေးခွန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

နေပြည်တော်မှုခင်းနှင့် သတင်းစုံဂျာနယ်မှ ဦးမင်းမောင်က တနင်္သာရီတိုင်းဒေသကြီးအတွင်းတွေ့ရှိထားသော ကမ္ဘာတွင် ဒုတိယအကြီးဆုံးသဘာဝဓာတ်ငွေ့သိုက်ကြီးကို မည်သည့်အချိန်တွင် မည်သည့်နိုင်ငံများနှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေနှင့်စပ်လျဉ်းသည့် မေးခွန်းကိုဖြေကြားရာတွင် သတင်းစာများ၌လည်း ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ လေ့လာဆဲဖြစ်ပြီး မည်သူနှင့်ဆောင်ရွက်မည်ကို မသိရသေးကြောင်း၊ ရှာဖွေတွေ့ရှိပြီး Test လုပ်နေသည့် အဆင့်သာရှိသေးကြောင်း၊ ဘယ်လောက်ထွက်ရှိနိုင်မည်ကို တရားဝင်ကြေညာခဲ့ပြီးထွက်နိုင်ခြေရှိသည့် Feasibility Study အနေအထားသာရှိပါသေးကြောင်း၊ Test Run အဆင့်သာရှိသေးပြီး အသေးစိတ် အချက်အလက်များသိရသည့် အချိန်တွင် နိုင်ငံနှင့် ပြည်သူများ၏အကျိုးစီးပွားဖြစ်သည့်အတွက် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

မြန်မာသံတော်ဆင့်ဂျာနယ် အယ်ဒီတာချုပ် ဦးကျော်စွာဝင်းက နိုင်ငံတော်သမ္မတကြီး၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည့်အချက်များကို သိရှိလိုခြင်းမေးခွန်းအပေါ်ဖြေကြားရာတွင် နှစ်နိုင်ငံပူးတွဲကြေညာချက်၌ ပညာရေး၊ယဉ်ကျေးမှု၊ ခရီးသွားလာရေး၊ ကျန်းမာရေးနှင့် လူငယ်ရေးရာကိစ္စရပ်များ၌ ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်၊အစိုးရအချင်းချင်း(G to G)လက်မှတ်ရေးထိုးခဲ့သည့် အစီအစဉ်များထဲတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကိုရေးထိုးခဲ့ပါကြောင်း၊ အာကာသယာဉ်စေလွှတ်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဆွေးနွေးခဲ့သကဲ့သို့ အာကာသပညာရပ်ဆိုင်ရာ ဘာသာရပ်များကိုလေ့လာနိုင်ရန်အတွက် ကျောင်းသား၊ ကျောင်းသူများကို စေလွှတ်မည့်ကိစ္စကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပါကြောင်း၊ တရုတ်နိုင်ငံသည် AI ကဏ္ဍတွင် အလွန်ဖွံ့ဖြိုးတိုးတက်နေသောကြောင့် နိုင်ငံတော်သမ္မတကိုယ်တိုင် AI နည်းပညာကဏ္ဍတွင် မြန်မာနိုင်ငံနှင့် အထူးပူးပေါင်းဆောင်ရွက်ပေးရန် ဆွေးနွေးခဲ့ကြောင်း၊ ထို့ပြင် အဆင့်မြင့်နည်းပညာရပ်များသင်ယူနိုင်ရန်အတွက် ပညာသင်များ စေလွှတ်သွားမည့် အစီအစဉ်လည်းပါဝင်ကြောင်း ဖြေကြားသည်။

စာမျက်နှာ ၁၉ သို့

# ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ အိတ်ဖွင့်ပေးစာ(၁)

မင်းခန့်

**လေးစားအပ်ပါသော ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ခင်ဗျား**

အဆွေတော်ထံသို့ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုမှ သာမန်ပြည်သူတစ်ဦးအနေနဲ့ ဒီအိတ်ဖွင့်ပေးစာကို ရေးသားပေးပို့လိုက်ပါတယ်။ သာမန်ပြည်သူတစ်ဦးအနေနဲ့ ကိုယ့်နိုင်ငံအပေါ် တရားမျှတမှုမရှိစွာ ဖိနှိပ်ခံနေရတာကိုမခံချင်လို့ ဒီစာကို ရေးရခြင်းဖြစ်လို့ စကားလုံးအသုံးအနှုန်းတွေမှာ သံတမန်မဆန်ဘဲ ပုဂ္ဂိုလ်ရေးခံစားချက်များပါနိုင်ကြောင်း ကြိုတင်မေတ္တာရပ်ခံလိုပါတယ်။

အဆွေတော်ကို တင်ပြလိုတဲ့အကြောင်းအရာကတော့ ကျွန်တော်တို့နိုင်ငံအတွက် အဆွေတော်ခန့်အပ်ထားတဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်မစ္စဂျူလီဘစ်ရှော့ပ် (Ms. Julie Bishop) ရဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး မျှတမှုမရှိဘဲ တစ်ဖက်သတ်ဆန်ဆန် အဆိုးမြင်(Narrative)ပြောကြားချက်များကို တုံ့ပြန်တင်ပြသွားမှာဖြစ်ပါတယ်။

> **မြန်မာနိုင်ငံကနေပြန်သွားပြီးတိုင်း မစ္စဂျူလီဘစ်ရှော့ပ်ရဲ့ပြောကြားချက်တွေ၊ ထုတ်ပြန်ချက်တွေ၊ လုပ်ဆောင်ချက်တွေဟာ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် အပြုသဘောမဆောင်ဘဲ အမြဲတမ်းအဆိုးမြင်သဘောနဲ့ ပိုမိုရှုပ်ထွေးပြီး ပြဿနာပိုကြီးထွားရန် လှုံ့ဆော်မှုတွေသာဖြစ်နေတာကို ဝမ်းနည်းဖွယ်ရာမြင်တွေ့ကြားသိနေရပါတယ်။**
>
> **အဆွေတော်အတွင်းရေးမှူးချုပ်ကြီးအနေနဲ့ ဘယ်လိုရည်ရွယ်ချက်နဲ့ ဘာတာဝန်တွေပေးထားသလဲ တိတိကျကျမသိရှိပေမယ့် သူ့ရဲ့လုပ်ဆောင်ချက်တွေ၊ ပြောဆိုချက်တွေဟာ မြန်မာပြည်သူတွေရဲ့ လိုလားချက်နဲ့လုံးဝကွဲလွဲနေပြီး မြန်မာနိုင်ငံအတွက် ကောင်းကျိုးမပေးတဲ့ သံတမန်တစ်ဦး (Unpleasant Diplomat) အဖြစ်သာမြင်တွေ့ခံစားနေရပါတယ်။**

မစ္စဂျူလီဘစ်ရှော့ပ်ဟာ အဆွေတော်ခန့်အပ်ခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်အဖြစ်တာဝန်စယူချိန်ကစပြီး ယနေ့အချိန်အထိ မြန်မာနိုင်ငံအစိုးရအဆက်ဆက်နဲ့ မြန်မာပြည်သူလူထုအပေါ် သဘောထားမမှန်ဘဲ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းမှုမရှိစေရေးအတွက် အစိုးရဆန့်ကျင်ရေးအုပ်စုတွေရဲ့ လှုံ့ဆော်မှုတွေကိုပဲ တစိုက်မတ်မတ်ပြောဆိုနေတာကို ကြားသိနေရပါတယ်။ အထူးသဖြင့် ၂၀၂၆ ခုနှစ် ဇွန်လ ၁၉ ရက်နေ့က နယူးယောက်မြို့မှာ ကျင်းပခဲ့တဲ့ ကုလသမဂ္ဂအထွေထွေညီလာခံ အလွတ်သဘောအစည်းအဝေးမှာ မစ္စဂျူလီဘစ်ရှော့ပ်ရဲ့ ပြောကြားချက်တွေဟာ လက်ရှိမြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှုပကတိအရှိတရားနဲ့ကင်းကွာပြီး အနုတ်သဘောဆောင်တဲ့ ပုံရိပ်တွေကိုသာအထူးပြုပြောကြားသွားတာ စိတ်မကောင်းစရာကြားသိရပါတယ်။ သူပြောကြားတဲ့အကြောင်းအရာတွေဟာ မှန်ကန်မှုမရှိလို့ ပြည်သူအများစုက သူ့ရဲ့ လုပ်ဆောင်ချက်တွေကို အထင်အမြင်သေးလျက်ရှိပါတယ်။

အမှန်စင်စစ် ကုလသမဂ္ဂအထူးကိုယ်စားလှယ်ရာထူးဟာ သံတမန်ရေးဆိုင်ရာတာဝန်ဖြစ်ပြီး မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေးဆိုင်ရာ သဘောထားကွဲလွဲမှုတွေ၊ လုံခြုံရေးဆိုင်ရာပဋိပက္ခတွေနဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတွေအတွက် သက်ဆိုင်ရာ Stakeholders တွေအကြား ဘက်မလိုက်မှု၊ ကြားနေမှုနဲ့ သံတမန်ဆန်ဆန်စေ့စပ်ညှိနှိုင်းအဖြေရှာပေါင်းစပ်ပေးရမယ်လို့ နားလည်ယုံကြည်ပါတယ်။

လက်ရှိမြန်မာအစိုးရအနေနဲ့လည်း မစ္စဂျူလီဘစ်ရှော့ပ်ရဲ့ လုပ်ငန်းတာဝန်အရ အပြုသဘောဆောင်ပြီး ပွင့်လင်းမြင်သာတဲ့ ဆက်သွယ်ဆောင်ရွက်မှုတွေကို အမြဲတမ်းလက်ကမ်းကြိုဆိုပြီး ပူးပေါင်းဆောင်ရွက်နေတာ ကျွန်တော်တို့လို သာမန်ပြည်သူတွေ မြင်တွေ့ကြားသိနေရပါတယ်။

မစ္စဂျူလီဘစ်ရှော့ပ် မြန်မာနိုင်ငံကို လာရောက်ခဲ့တဲ့ ခရီးစဉ်တိုင်းမှာ အစိုးရအနေနဲ့ ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပြသလိုတဲ့အတွက် စိတ်အားတက်ကြွစွာနဲ့ အစစအရာရာ အဆင်ပြေအောင် စီစဉ်ပေးခဲ့သလို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် သုံးကြိမ်တိတိ တွေ့ဆုံခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးကလည်း ရင်းနှီးပွင့်လင်းစွာ မြန်မာနိုင်ငံရဲ့ ဘက်စုံဖြစ်ပေါ်တိုးတက်မှုများကို အထောက်အထား အချက်အလက်တွေနဲ့ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရပါတယ်။

နိုင်ငံတော်အကြီးအကဲနဲ့ မစ္စဂျူလီဘစ်ရှော့ပ်တို့ တွေ့ဆုံတဲ့သတင်းတွေ မြင်တွေ့ကြားသိရတိုင်း ကျွန်တော်တို့ပြည်သူတွေအနေနဲ့ ကျွန်တော့်နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ကုလသမဂ္ဂရဲ့ ကူညီဆောင်ရွက်ပေးနေမှုများကို ကျေးဇူးတင်ရှိပြီး စိတ်အားတက်ကြွနေကြပါတယ်။

**ဒါပေမဲ့ မြန်မာနိုင်ငံကနေ ပြန်သွားပြီးတိုင်း မစ္စဂျူလီဘစ်ရှော့ပ်ရဲ့ ပြောကြားချက်တွေ၊ ထုတ်ပြန်ချက်တွေ၊ လုပ်ဆောင်ချက်တွေဟာ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် အပြုသဘောမဆောင်ဘဲ အမြဲတမ်းအဆိုးမြင်သဘောနဲ့ ပိုမိုရှုပ်ထွေးပြီး ပြဿနာပိုကြီးထွားရန် လှုံ့ဆော်မှုတွေသာဖြစ်နေတာကို ဝမ်းနည်းဖွယ်ရာမြင်တွေ့ကြားသိနေရပါတယ်။**

**အဆွေတော်အတွင်းရေးမှူးချုပ်ကြီးအနေနဲ့ ဘယ်လိုရည်ရွယ်ချက်နဲ့ ဘာတာဝန်တွေပေးထားသလဲ တိတိကျကျမသိရှိပေမယ့် သူ့ရဲ့လုပ်ဆောင်ချက်တွေ၊ ပြောဆိုချက်တွေဟာ မြန်မာပြည်သူတွေရဲ့ လိုလားချက်နဲ့ လုံးဝကွဲလွဲနေပြီး မြန်မာနိုင်ငံအတွက် ကောင်းကျိုးမပေးတဲ့ သံတမန်တစ်ဦး (Unpleasant Diplomat) အဖြစ်သာ မြင်တွေ့ခံစားနေရပါတယ်။**

ဒီအချက်ကို ပိုမိုထင်ရှားစေတာကတော့ ဇွန်လ ၁၉ ရက်နေ့က အလွတ်သဘော အစည်းအဝေးမှာ သူ့ရဲ့ တစ်ဖက်သတ် အဆိုးမြင်သဘောထားနဲ့ ခိုင်မာမှုမရှိတဲ့ အချက်အလက်တွေအပေါ် အခြေခံပြီး အထူးကိုယ်စားလှယ်အဖြစ် သံတမန်မပီသစွာ တည်ဆဲအစိုးရကို ဝေဖန်ပုတ်ခတ်စွပ်စွဲပြောဆိုမှုတွေဖြစ်ပါတယ်။

မြန်မာနိုင်ငံကိုရောက်ရှိစဉ် နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေရဲ့ ကျိုးကြောင်းဆီလျော်စွာ ရှင်းလင်းပြောကြားချက်တွေကို လုံးဝလျစ်လျူရှုခဲ့ပြီး လက်ရှိတည်ဆဲအစိုးရကိုဆန့်ကျင်နေတဲ့ နိုင်ငံတချို့နဲ့ လူပုဂ္ဂိုလ်တွေရဲ့ အခြေအမြစ်မရှိ လူမှုကွန်ရက်ပေါ်မှ သတင်းအမှားတွေကိုကောက်ချက်ဆွဲပြီး လက်ရှိရွေးကောက်ခံအစိုးရကို နိုင်ငံရေးအရ ဖိအားပေးလိုတဲ့သဘောနဲ့ တစ်ဖက်သတ်ပြောဆိုချက်တွေသာဖြစ်ပါတယ်။

သူ့ရဲ့သံတမန်မဆန်တဲ့ပြောကြားချက်တွေဟာ မြန်မာအစိုးရက ကုလသမဂ္ဂကိုပံ့ပိုးပူးပေါင်းဆောင်ရွက်နေမှုတွေအပေါ် မျက်ကွယ်ပြုပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းထက် ပဋိပက္ခအခြေအနေတွေ ပိုမိုရှုပ်ထွေးနိုင်သလို မြန်မာနိုင်ငံရဲ့ပုံရိပ်ကို များစွာထိခိုက်နေစေပါတယ်။ သူ့ရဲ့ တစ်ဖက်သတ်ပြောဆိုချက်တွေကိုကြားသိရတဲ့ မြန်မာပြည်သူတွေအနေနဲ့လည်း စိတ်နှလုံးညှိုးနွမ်းပြီး သူ့ရဲ့လုပ်ဆောင်ချက်တွေကို အယုံအကြည်ကင်းမဲ့စေပါတယ်။

> **ဆိုက်ဘာရာဇဝတ်မှုနဲ့ဆက်နွယ်တဲ့ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှုနဲ့ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ၊ မူးယစ်ဆေးနဲ့ လက်နက်မှောင်ခိုမှုတွေကိုလည်း မြန်မာနိုင်ငံအတွင်းမှာသာမက ဒေသတွင်းမရောက်ရှိစေရေး တာဝန်သိမှုနဲ့ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို အရှိန်အဟုန်နဲ့ လုပ်ဆောင်နေကာ မစ္စဂျူလီဘစ်ရှော့ပ် အလွယ်တကူမြင်တွေ့ကြားသိနိုင်ပါတယ်။**

သူ့ရဲ့ပြောကြားချက်တွေကို နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ပြတ်သားစွာငြင်းပယ်လိုက်ပြီး ပယ်ချထားကြောင်း သိရှိရပါတယ်။ ဒီလိုငြင်းပယ်ရတဲ့ အကြောင်းရင်းကိုထပ်မံရှင်းပြရရင် **ခွဲခြားမှုမရှိဘဲ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်နေကြောင်း စွပ်စွဲချက်တွေဟာ** မြေပြင်မှာအကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွေကို တိုက်ပွဲဝင်စည်းမျဉ်းများ (Rules of Engagement – ROE) နဲ့အညီ တိကျစွာ လိုက်နာဆောင်ရွက်နေမှုအပေါ် အဟန့်အတားဖြစ်စေပါတယ်။ People Defence Forces (PDF) အမည်ခံအကြမ်းဖက်သမားတွေနဲ့ အချို့သော EAO အဖွဲ့တွေရဲ့ ရက်စက်ကြမ်းကြုတ်မှု၊ အပြစ်မဲ့ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကိုဖျက်ဆီးနေမှုတွေကို မျက်ကွယ်ပြုပြီး အကြမ်းဖက်သမားတွေရဲ့ ဝါဒဖြန့်ချိမှုတွေကို ထပ်လောင်းဝါဒဖြန့်ပေးနေတဲ့ သဘောသက်ရောက်နေပါတယ်။

**ပဋိပက္ခနှင့်ဆက်နွယ်တဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအပါအဝင် အမျိုးသမီးအဖွဲ့များ၏ စွပ်စွဲချက်များနှင့်ပတ်သက်ပြီး** မြန်မာနိုင်ငံအစိုးရက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအနေနဲ့ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကာကွယ်တားဆီးရေးအတွက် နိုင်ငံတကာစံနှုန်းတွေကို လိုက်နာဖို့ ကတိကဝတ်ပြုထားပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ယဉ်ကျေးမှုမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံအားလုံးကို အစဉ်အလာအရ လက်မခံဘဲ ဆန့်ကျင်ပါတယ်။ ဒါ့အပြင် တပ်မတော်နဲ့ လုံခြုံရေးတပ်ဖွဲ့တွေဟာ လုံးဝခွင့်မလွှတ်တဲ့မူဝါဒ (Zero-tolerance policy) ကိုကျင့်သုံးပြီး ကျူးလွန်သူအားလုံးကို တည်ဆဲဥပဒေအရ အရေးယူအပြစ်ပေးလျက်ရှိနေပါတယ်။

ပြစ်မှုကျူးလွန်သူတွေကို အရေးယူနိုင်ဖို့ အမျိုးသားအဆင့်တိုင်ကြားမှုယန္တရားဖြစ်တဲ့ ၂၄ နာရီ အကူအညီပေးရေးလိုင်း (Helpline – 1566) ကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၇–၂၀၂၆ ခုနှစ်အတွင်း လက်နက်ကိုင်ပဋိပက္ခနဲ့မသက်ဆိုင်တဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်စဉ်ပေါင်း ၂၃၀၀ ကျော်ကို တိုင်ကြားစုံစမ်းစစ်ဆေးပြီး တရားစွဲဆိုအရေးယူနိုင်ခဲ့ပါတယ်။

**နေရပ်စွန့်ခွာသူများနှင့် စားနပ်ရိက္ခာမလုံလောက်မှုဆိုင်ရာစွပ်စွဲချက်များဟာ မြေပြင်ပကတိ အရှိတရားနဲ့ များစွာကွဲလွဲနေပါတယ်။** ကုလသမဂ္ဂက ထုတ်ပြန်တဲ့ နေရပ်စွန့်ခွာသူ (IDP) စာရင်းဟာ ဖောင်းပွနေပြီး မြေပြင်အခြေအနေနဲ့ ကွဲလွဲနေပါတယ်။ မြန်မာနိုင်ငံရှိ နေရပ်စွန့်ခွာမှုတွေဟာ ယာယီသဘောသာဖြစ်ပြီး အခြေအနေပေးတာနဲ့ မိမိတို့အရပ်ဒေသသို့ ပြန်လည်အခြေချလျက်ရှိပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံဟာ စားနပ်ရိက္ခာဖူလုံမှုကို ထိန်းသိမ်းထားနိုင်ပြီး စိုက်ပျိုးရေးကဏ္ဍကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးအောင် ဆောင်ရွက်နေတဲ့အတွက် စားနပ်ရိက္ခာမလုံလောက်မှု စွပ်စွဲချက်ဟာ အခြေအမြစ်မရှိဘူးဆိုတာ မြန်မာပြည်သူလူထုတစ်ရပ်လုံး သိရှိနားလည်ကြပါတယ်။

**သူ့ရဲ့စွပ်စွဲပြောဆိုချက်တွေထဲက အဆိုးဝါးဆုံးပြောဆိုချက်ကတော့ မြန်မာနိုင်ငံကို "ဆိုက်ဘာရာဇဝတ်မှု၏ ကမ္ဘာလုံးဆိုင်ရာဗဟိုချက်" ဆိုပြီး ပြောဆိုခဲ့ခြင်းဖြစ်ပါတယ်။ မဆင်မခြင် ပရမ်းပတာ စွပ်စွဲပြောဆိုချက်အဖြစ် မြန်မာပြည်သူများက သတ်မှတ်ပါတယ်။**

**စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

**မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ ဆိုက်ဘာရာဇဝတ်မှုခင်းတွေကို ဘယ်သူတွေက ဦးစီးလုပ်ဆောင်နေသလဲ၊ ဘယ်လိုနေရာတွေမှာ အဓိကဖြစ်ပေါ်နေသလဲ၊ မြန်မာအစိုးရအနေနဲ့ ဘယ်လောက်ထိ အလေးထားပြီး ပြတ်ပြတ်သားသား၊ ထိထိရောက်ရောက်နှိမ်နင်းနေသလဲဆိုတာ နေ့စဉ်ထုတ်ပြန်နေတဲ့သတင်းတွေအရ ရှင်းလင်းပြတ်သားစွာမြင်တွေ့ရမှာဖြစ်ပါတယ်။**

**ဆိုက်ဘာရာဇဝတ်မှုနဲ့ဆက်နွယ်တဲ့ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှုနဲ့ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ မူးယစ်ဆေးနဲ့ လက်နက်မှောင်ခိုမှုတွေကိုလည်း မြန်မာနိုင်ငံအတွင်းမှာသာမက ဒေသတွင်းမရောက်ရှိစေရေး တာဝန်သိမှုနဲ့ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို အရှိန်အဟုန်နဲ့ လုပ်ဆောင်နေကာ မစ္စဂျူလီဘစ်ရှော့ပ် အလွယ်တကူမြင်တွေ့ကြားသိနိုင်ပါတယ်။** ဘယ်လိုရည်ရွယ်ချက်နဲ့ပုံကြီးချဲ့ပြီး နိုင်ငံတကာမှာဖြစ်ပေါ်နေတဲ့ ဆိုက်ဘာရာဇဝတ်မှုတွေကို မြန်မာနိုင်ငံမှာ ဗဟိုချက်ဆိုပြီး စွပ်စွဲပြောဆိုမှုကို နားမလည်နိုင်အောင်ဖြစ်နေရပါတယ်။ ဒီပြဿနာကို ဘယ်လိုပူးပေါင်းဖြေရှင်းသင့်ကြောင်း အဖြေမထုတ်ပေးဘဲ အွန်လိုင်းလိမ်လည်မှုလုပ်ဆောင်နေတဲ့ ရာဇဝတ်သားတွေရဲ့ ကြားခံနယ်မြေ (Proxy)အဖြစ် အသုံးချခံနေရတဲ့ မြန်မာနိုင်ငံကို အပြစ်ပုံချနေတာကတော့ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ရဲ့ မရိုးသားမှုလို့ဆိုရပါလိမ့်မယ်။ နောက်တစ်ချက်ကတော့ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လည်လွှတ်ပေးရန် တောင်းဆိုခဲ့တဲ့ အချက်ဖြစ်ပါတယ်။ ဒီနေရာမှာ ရှင်းရှင်းလင်းလင်း အသိပေးလိုတဲ့ သတင်းစကားကတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံရေးသမားဖြစ်ပေမယ့် သူပြစ်ဒဏ်ကျခံနေရခြင်းဟာ နိုင်ငံရေးလုပ်လို့ မဟုတ်ဘူးဆိုတဲ့ အချက်ဖြစ်ပါတယ်။ ငြင်းလို့မရတဲ့ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲ မဲမသမာမှုကို ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်ခဲ့မှု၊ လက်ပူးလက်ကြပ်ဖော်ထုတ်ရရှိတဲ့ အဂတိလိုက်စားမှုနဲ့ တည်ဆဲဥပဒေတွေကို ချိုးဖောက်ပြီး မှားယွင်းတဲ့ စီမံခန့်ခွဲမှုများကြောင့် တည်ဆဲဥပဒေနဲ့အညီ တရားရင်ဆိုင်ခဲ့ပြီး တရားရုံးရဲ့ ဆုံးဖြတ်ချက်အရ ပြစ်ဒဏ်ကျခံနေရခြင်းသာဖြစ်ပါတယ်။ ဥပဒေရဲ့အထက်မှာ ဘယ်သူမှမရှိစေရဆိုတဲ့ ဥပဒေရဲ့ စီရင်ချက်အတိုင်း ပြစ်ဒဏ်ကျခံနေရတဲ့သူ တရားခံတစ်ဦးပဲဖြစ်ပါတယ်။ အသက်အရွယ်ကို စာနာထောက်ထားပြီး နိုင်ငံတော်ရဲ့ စေတနာ၊ မေတ္တာအရ အတတ်နိုင်ဆုံးလိုက်လျောပြီး သူကျခံနေရတဲ့ ထောင်ဒဏ်ကို နေအိမ်အကျယ်ချုပ်ပြောင်းလဲပေးပြီး လုံလောက်တဲ့ကျန်းမာရေးစောင့်ရှောက်မှုများ စီစဉ်ပေးထားခြင်းဖြစ်ပါတယ်။

ဒါကြောင့် မစ္စဂျူလီဘစ်ရှော့ပ်ရဲ့ စွပ်စွဲပြောကြားချက်တွေဟာ အချက်အလက်တွေအရလွဲမှားခြင်း၊ ပကတိမြေပြင်အခြေအနေအမှန်တွေနဲ့ကင်းကွာခြင်း၊ အဆိုးမြင်သဘောနဲ့ အနုတ်သဘောဆောင်ပြောကြားခြင်းတွေသာဖြစ်ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကြီး သိရှိနိုင်ဖို့ ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။

သူ့ရဲ့ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျင့်စရိုက်နဲ့ပတ်သက်ပြီး ကြားသိရတဲ့သတင်းတွေအရ မစ္စဂျူလီဘစ်ရှော့ပ်ဟာ လုပ်ဖော်ကိုင်ဖက်တွေအပေါ် အနိုင်ကျင့်စော်ကားခဲ့တဲ့ သမိုင်းကြောင်းရှိကြောင်းနဲ့ ဂျူလီဘစ်ရှော့ပ် ဩစတြေးလျအမျိုးသားတက္ကသိုလ် (Australia National University -ANU)မှာ တာဝန်ထမ်းဆောင်စဉ်က သူနဲ့ သူ့ရဲ့အဖွဲ့သားတွေရဲ့ စိတ်ခံစားချက်ပိုင်းဆိုင်ရာ ပြင်းထန်စွာအနိုင်ကျင့်မှု (Bullying) ဒဏ်ကြောင့် ဒေါက်တာ လစ်ဇ်အယ်လန် (Dr. Liz Allen) က ရင်သွေးလေး ဆုံးရှုံးခဲ့ရတဲ့အပြင် စိတ်ဒဏ်ရာတွေရရှိပြီး ကိုယ့်ကိုယ်ကိုယ်သတ်သေဖို့အထိ ဆိုးရွားစွာခံစားခဲ့ရကြောင်း၊ အဲဒီလိုပုဂ္ဂိုလ်တစ်ဦးကို အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းမှာ ကုလသမဂ္ဂရဲ့ မှားယွင်းသော ဆုံးဖြတ်ချက်ဖြစ်ကြောင်း ဝေဖန်မှုတွေ ထွက်ပေါ်နေတာကို ကြားသိရပါတယ်။

လူမှုရေးဆိုင်ရာ အားနည်းချက်ရှိနေတဲ့ လူတစ်ယောက်ကို မြန်မာနိုင်ငံအတွက် အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားခြင်းဟာ မြန်မာနိုင်ငံအတွက် အဆိုးဖြစ်စေနိုင်သလား၊ အကောင်းဘက်ကို ဦးတည်နိုင်သလားဆိုတာ စဉ်းစားစရာဖြစ်နေပါတယ်။ ကိုယ်တိုင်က အနိုင်ကျင့်တတ်တဲ့ စရိုက်ရှိသူတစ်ဦးအနေနဲ့ မြန်မာ့ပဋိပက္ခတွေကို ဖြေရှင်းရာမှာ စိတ်ရင်းမှန်နဲ့ ဆောင်ရွက်နိုင်ပါ့မလားဆိုတဲ့ သံသယမှာ ခိုင်လုံတဲ့အချက်ဖြစ်ပါတယ်။

ဂျူလီဘစ်ရှော့ပ်လုပ်ဆောင်ချက်တွေဟာ မြန်မာ့အရေးကို အမှန်တကယ်ဖြေရှင်းပေးဖို့ထက် "စီးပွားရေးဆန်ဆန်ကစားကွက်များ" (Business-like tactics)အဖြစ် အသုံးချခံရမှာကို စိုးရိမ်ရပါတယ်။ သူက ပဋိပက္ခကိုပြေငြိမ်းစေမယ့်အစား "သံတမန်ရေးရာစကားလုံးအလှများ" (Diplomatic doublespeak)ကို အသုံးချကာ အမှန်တရားကိုဖုံးကွယ်ပြီး ပဋိပက္ခကို ပိုမိုဆိုးရွားလာစေမယ့် "မီးထိုးပေးခြင်း" မျိုးကို မလုပ်ဆောင်မိစေဖို့အသိပေးလိုပါတယ်။ အထူးသဖြင့် လူသားချင်းစာနာမှုထက် နိုင်ငံတကာကရရှိလာမယ့် စီးပွားရေးအကျိုးအမြတ်နဲ့ ပုဂ္ဂိုလ်ရေးထင်ပေါ်ကျော်ကြားမှုကိုသာ ဦးစားပေးပြီး မြန်မာပြည်သူတို့ရဲ့ တရားမျှတမှုကိုမျက်ကွယ်မပြုမိစေရေးသတိပြုဖို့လည်း တိုက်တွန်းလိုပါတယ်။

ကုလသမဂ္ဂလို ကမ္ဘာ့အဖွဲ့အစည်းကြီးတစ်ခုက ဒီလိုကိုယ်ကျင့်တရားဆိုင်ရာ စွပ်စွဲချက် အထောက်အထားတွေရှိနေသူကို ဘာကြောင့်ရွေးချယ်ခဲ့ပါသလဲ။ ကုလသမဂ္ဂရဲ့ စိစစ်မှုအားနည်းခြင်းလား၊ ဒါမှမဟုတ် သိလျက်နဲ့ "မျက်ကွယ်ပြုခြင်း" (Turning a blind eye) လားလို့ မေးခွန်းထုတ်စရာရှိလာပါတယ်။ သူ့ကိုတာဝန်ပေးအပ်မှုဟာ အင်အားကြီးနိုင်ငံအချို့ရဲ့ ကိုယ်ကျိုးစီးပွားအတွက် မြန်မာနိုင်ငံအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေဖို့နဲ့ ဖိအားပေးကျပ်တည်းစေဖို့ရည်ရွယ်တဲ့ နိုင်ငံရေးကစားကွက်တစ်ခုဖြစ်နေရင် ကုလသမဂ္ဂရဲ့ ဂုဏ်သိက္ခာဟာ သမိုင်းမှာ အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိသွားမှာကိုလည်း သတိပြုစေလိုပါတယ်။

**ကုလသမဂ္ဂရဲ့ အထူးကိုယ်စားလှယ်တစ်ဦးမှာရှိသင့်တဲ့ အဓိကအရည်အချင်းဖြစ်တဲ့ သံတမန်ရေးရာကျွမ်းကျင်မှုအပြင် "ကိုယ်ကျင့်တရားနဲ့စာနာနားလည်မှု" သာဖြစ်သင့်ပါတယ်။**

**ကိုယ်တိုင်က အနိုင်ကျင့်မှုတွေပြုလုပ်ခဲ့တယ်လို့ စွပ်စွဲခံထားရသူတစ်ဦးဟာ တည်ငြိမ်အေးချမ်းမှုကို လိုလားတဲ့ပြည်သူတွေအတွက် တရားမျှတမှုကို ဘယ်လိုရှာဖွေပေးနိုင်မှာလဲဆိုတဲ့မေးခွန်းကို မြန်မာပြည်သူတွေရဲ့တရားမျှတမှုအတွက် မေးမြန်းလိုပါတယ်။**

နိဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံက ကုလသမဂ္ဂနဲ့ အာဆီယံတို့လို ဒေသတွင်းမိတ်ဖက်တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ ဆက်လက်ကတိပြုထားမှုကို ပြည်သူတစ်ဦးအနေနဲ့ ထောက်ခံကြောင်းအလေးအနက်ပြောကြားလိုပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံက မြန်မာ့ဦးဆောင်မှု၊ မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်တွေကတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မဆုတ်မနစ်ဆက်လက်လျှောက်လှမ်းသွားမှာဖြစ်ကြောင်း အဆွေတော်ကို အခိုင်အမာအသိပေးပြောကြားလိုပါတယ်။ အခုအိတ်ဖွင့်ပေးစာဟာ တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ ပြည်သူတွေရဲ့ဆန္ဒသဘောထားတွေကို ကိုယ်စားပြုပါကြောင်း ထပ်လောင်းပြောကြားလိုက်ပါတယ်။ ။

**စာမျက်နှာ ၁၇ မှအဆက်**

ဆင်ဟွာသတင်းဌာနမှ သတင်းထောက် ဒေါ်အိမွန်ကျော်၏ မြန်မာနိုင်ငံအနေဖြင့် လက်ရှိ တရုတ်-မြန်မာ ဆက်ဆံရေးအပေါ် မည်သို့မြင့်မားသည့် မဟာဗျူဟာအမြင်ကရှုမြင်ပြီး မည်သို့ တိုးတက်အောင် ဆောင်ရွက်နေမှုနှင့် စပ်လျဉ်းသည့် မေးခွန်းကိုဖြေကြားရာတွင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် နှစ်ပေါင်းများစွာ ချစ်ကြည်ရင်းနှီးစွာ အတူတကွ ချစ်ချစ်ခင်ခင်နေထိုင်လာခဲ့သည့် အိမ်နီးနားချင်းကောင်းနိုင်ငံတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်ကိုလက်ကိုင်ထားပြီး အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ပိုမိုခိုင်မာအောင် ဆက်လက်လုပ်ဆောင်နေသကဲ့သို့ ခရီးစဉ်တွင်လည်း အေးအတူပူအမျှ အသိုက်အဝန်းထူထောင်ရန် နှစ်ဖက်သဘောတူညီခဲ့ကြကြောင်း၊ တရုတ်နိုင်ငံက ဦးဆောင်သည့် Global Initiatives များတွင် မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝပူးပေါင်းပါဝင်ဆောင်ရွက်နေပြီး ယင်းသည် နှစ်နိုင်ငံအကြား ရေရှည်စီမံကိန်းအတွက် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဖြစ်ကြောင်း၊ GDI,GSI အပါအဝင် သဘောတူညီချက် စာလွှာလေးခုလုံးတွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသည် တရုတ်နိုင်ငံ၏ Multi-polar World Order အစီအစဉ်တွင် မြန်မာနိုင်ငံက အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေခြင်းကို ပြသနေခြင်းဖြစ်ကြောင်း။

ထို့ပြင် SCO ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများတွင်လည်း မြန်မာနိုင်ငံ၏ အခန်းကဏ္ဍကို အဆင့်မြှင့်တင်ရန်နှင့် ပူးပေါင်းပါဝင်နိုင်ရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ တစ်ဆင့်ချင်း သတင်းထုတ်ပြန်မှုများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ One China Policy ကို အပြည့်အဝထောက်ခံသည်ကို ထပ်လောင်း အတည်ပြုပြောကြားခဲ့ကြောင်း။

BRI နှင့် CMEC စီမံကိန်းများသည် မြန်မာနိုင်ငံအတွင်းမှဖြတ်၍ တရုတ်နိုင်ငံအနောက်ဘက်ထွက်ပေါက် အိန္ဒိယသမုဒ္ဒရာနှင့် အာဖရိကတိုက်သို့သွားရန် အတိုဆုံး လမ်းကြောင်းဖြစ်သောကြောင့် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် အရေးပါသည့် နေရာတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွက် တရုတ်နိုင်ငံသည် နယ်စပ်ဒေသနှင့်ပတ်သက်၍ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းစဉ်များနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာ အထောက်အကူပြုနိုင်သည့် အနေအထားတွင် ရှိပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှသာ နှစ်နိုင်ငံ၏ ရည်မှန်းချက်ပန်းတိုင်များကို အောင်မြင်စွာ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံနှင့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး၊ သံတမန်ဆက်ဆံရေး ၇၆ နှစ်၊ အေးအတူပူအမျှ အသိုက်အဝန်း၊ မြန်မာနိုင်ငံအပေါ်ထားရှိသည့် သဘောထားနှင့်ပတ်သက်၍ အဓိက နှစ်ချက်ဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဟု တရုတ်နိုင်ငံသမ္မတကြီးကိုယ်တိုင်နှင့် ဝန်ကြီးချုပ်တို့က ကတိပြုပြောကြားခဲ့ပါကြောင်း၊ ထို့ပြင် ကုလသမဂ္ဂ၊ အာဆီယံမျက်နှာစာတွင် မြန်မာနိုင်ငံကို နိုင်ငံတကာတွင် တန်းတူရည်တူ ညီမျှစွာပါဝင်နိုင်ရေးအတွက် တရုတ်နိုင်ငံဘက်က အစဉ်တစိုက် ကူညီဆောင်ရွက်သွားမည်ဖြစ်ပြီး ခိုင်ခိုင်မာမာထောက်ခံရပ်တည်ပေးသွားမည်ဖြစ်ကြောင်းကို အလေးအနက်ပြောကြားခဲ့ကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ခွဲခြား၍မရဘဲ အတူတကွ ပူးပေါင်းဆောင်ရွက်ပြီး ရည်မှန်းချက်ချင်း အတူတူသွားနေသည့် မဟာဗျူဟာမြောက် တရုတ်-မြန်မာ ဆက်ဆံရေးအဆင့် ဖြစ်ကြောင်း ဖြေကြားသည်။

Myanmar Transparency News သတင်းအေဂျင်စီမှ အကြီးတန်းသတင်းထောက် ဦးကြည်နိုင်က မြစ်ဆုံစီမံကိန်း ပြန်လည်လုပ်ဆောင်ရန် ကချင်ပြည်နယ်တွင် ဆွေးနွေးပွဲများဆောင်ရွက်နေပြီး ဆက်လက် လုပ်ဆောင်မည်ဆိုပါက ပြည်သူလူထု၏ စိုးရိမ်မှုများအပေါ် မည်သို့ ဆောင်ရွက်သွားမည်ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ခရီးစဉ်အတွင်း မြစ်ဆုံစီမံကိန်းပြန်စရန် ဆွေးနွေးခဲ့သည်များရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ ရည်မှန်းချက်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းက ၂၀၃၀ ပြည့်နှစ်တွင် ၁၀၀ ရာခိုင်နှုန်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်မီးရရှိရန် ရည်မှန်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းစီမံကိန်းက ယခုမှ လုပ်ဆောင်ခြင်းမဟုတ်ကြောင်း၊ အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီးက မြစ်ဆုံစီမံကိန်းကို ယခင်ကတည်းက အကောင်အထည်ဖော်နိုင်ခဲ့မည်ဆိုပါက ယခုအချိန်တွင် တစ်နိုင်ငံလုံး မီးထိန်ထိန်လင်းနေမည်ဖြစ်ပြီး မီးလင်းခြင်းနှင့်အတူ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဟု ပြောကြားခဲ့ကြောင်း။

မြစ်ဆုံစီမံကိန်း ဆောင်ရွက်ရန်နေရာ ခုနစ်ခုရှိပြီး ဧရာဝတီမြစ်ဆုံမြစ်ညာမြစ်ဝှမ်းစီမံကိန်း တစ်ခုတည်းတင်ကို မဂ္ဂါဝပ် ၅၆၀၀ ထွက်ရှိမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတွက် မဂ္ဂါဝပ်တစ်သောင်းကျော် လိုအပ်သည့်အတွက် ကျန်သည့် ခြောက်ခုနှင့် ပေါင်းပါက မိမိတို့နိုင်ငံအတွက် ရာနှုန်းပြည့်လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ပြည်သူများ၏ စိုးရိမ်ပူပန်မှုများရှိသကဲ့သို့ နိုင်ငံတော်သမ္မတကြီးကလည်း စိုးရိမ်ပူပန်ပါကြောင်း၊ ထို့ကြောင့် စီမံကိန်းနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတကြီး ယာယီသမ္မတ တာဝန်ယူထားစဉ်ကာလက ဒေသခံပြည်သူများ သဘောမတူပါက စီမံကိန်းအောင်မြင်ရန် မလွယ်ကူကြောင်း၊ ဒေသခံပြည်သူများ၏ သဘောထားရယူရန် လမ်းညွှန်ခဲ့ပါကြောင်း၊ သက်ဆိုင်ရာဒေသခံကော်မတီများ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ၂၀၂၆ ဇန်နဝါရီလတွင် ၂၄ ဦးနှင့်ဖွဲ့စည်းပြီး ဒေသခံပြည်သူလူထုနှင့် မြေပြင်တွင်တွေ့ဆုံဆွေးနွေးပွဲများဆောင်ရွက်ခဲ့ပါကြောင်း၊ ဆွေးနွေးပွဲရလဒ်များထွက်ရှိခဲ့ပြီး မထုတ်ပြန်ရသေးပါကြောင်း၊ ဆွေးနွေးပွဲရလဒ်များကို အကျဉ်းချုပ်ပြီးပြောရမည်ဆိုပါက ဆွေးနွေးခဲ့သူများအားလုံးက လျှပ်စစ်မီးလိုချင်ကြကြောင်း၊ ဒေသခံများအားလုံးလည်း လျှပ်စစ်မီးလိုချင်ကြောင်း။

သို့သော် ဒေသခံတချို့တွင် သတင်းအမှားများရရှိနေကြောင်း၊ စီမံကိန်းဆောင်ရွက်လိုက်ပါက ယင်းစီမံကိန်းဝန်းကျင်ရှိ ဒေသခံများ၏ အသက်အိုးအိမ်စည်းစိမ်များအတွက် စိုးရိမ်ပူပန်မှုများရှိပါကြောင်း၊ ယင်းအတွက် ကောင်းကျိုးဆိုးကျိုးမည်မျှဖြစ်နိုင်သည်ကို မိမိတို့အသေးစိတ်ဆန်းစစ်လေ့လာနေကြောင်း၊ စီမံကိန်းတိုင်းတွင် အကောင်း၊ အဆိုးရှိနိုင်သည့်အတွက် Check and balance လုပ်ပြီး အကောင်းရာခိုင်နှုန်းများပါက စီမံကိန်းကို အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း။ ယင်းစီမံကိန်းသည် အကြမ်းဖျင်းအားဖြင့် ကောင်းကျိုးများစွာရှိသကဲ့သို့ ဆိုးကျိုးလည်းအနည်းငယ်ရှိနိုင်ပါကြောင်း၊ ရှိနိုင်သည့် ဆိုးကျိုးကိုလည်း အကောင်းဆုံးနှင့် အနည်းဆုံးဖြစ်အောင် ပညာရှင်များဖြင့်တွက်ချက်ပြီး တရားဝင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကျင်းပ



**နေပြည်တော် ဇွန် ၃၀**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကွန်ကရစ်တံတားတည်ဆောက်ပေးနိုင်ရေး၊ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ ဆရာ၊ ဆရာမများ ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်ရေး၊ ကျောင်းမြေနေရာကို ဂရန်မြေအဖြစ်သတ်မှတ်ပေးနိုင်ရေး၊ ကျောင်းအဆောက်အအုံ တည်ဆောက်ပေးနိုင်ရေး၊ ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်တစ်ခု တည်ဆောက်ပေးနိုင်ရေး၊ ဆရာအတတ်သင်သိပ္ပံ၊ ပညာရေးကောလိပ် ဖွင့်လှစ်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ကိုးခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစိုင်းဝန်းဆမ်၏ **မိုင်းခတ်မြို့နယ် ပွေဖယ်ရွာမှ ပါဝီကျေးရွာသွားလမ်း ၃/၀ မိုင် မြေလမ်းပေါ်တွင် အရှည်ပေ ၂၀ ကွန်ကရစ်တံတားတစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိလျှင် မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက အဆိုပါလမ်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှင့် မြေလမ်း ၃/၀ မိုင် ဖောက်လုပ်ထားသည့် လမ်းဖြစ်ပြီး ကျေးရွာ သုံးရွာ၊ အိမ်ခြေ ၁၆၀ နှင့် လူဦးရေ ၈၀၀ တို့ကို အကျိုးပြုလျက်ရှိပါကြောင်း၊ အဆိုပါလမ်းပိုင်းပေါ်ရှိ ပေ ၂၀ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို နိုင်ငံတော်၏ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေ သို့မဟုတ် ပြည်နယ်ရန်ပုံငွေမှ အဆိုပြုလျာထား ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်၏ **တာချီလိတ်မြို့ အောက်မိုင်းဟဲကျေးရွာအုပ်စုသွား လမ်းမကြီးကို အရှည် ၂၂ မိုင်ကျော်ခန့် အကျယ်ပေ ၂၀ ရှိ မြေသားလမ်းမှ ကတ္တရာလမ်းအဆင့်သို့ ပြုပြင်ပေးရန်အစီအစဉ်ရှိ၊ မရှိနှင့် ယင်းလမ်းမကြီးကောင်းမွန်စေရန် မည်သို့စီမံဆောင်ရွက်ပေးသွားမည်တို့ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက အဆိုပါလမ်းပိုင်းသည့် တာချီလိတ်ခရိုင် တာချီလိတ်-ဘိုရှီး-မိုင်းခုတ် ၆၉/၅ မိုင် လမ်းပိုင်းတွင်ပါဝင်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ကတ္တရာလမ်းခင်းရန်နှင့် တံတားများ ဆောက်လုပ်ရန် အင်ဂျင်နီယာအကြိုလုပ်ငန်းဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးသို့ လုပ်ငန်းအပ်နှံခဲ့ကာ မြေပြင်တွင် စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ကျေးရွာ ၁၇ ရွာ၊ အိမ်ခြေ ၁၁၆၇ အိမ်နှင့် လူဦးရေ ၆၁၈၄ ဦး တို့ကို အကျိုးပြုလျက်ရှိသည့်အတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း၊ ပြည်နယ်ရန်ပုံငွေဖြင့်လည်းကောင်း နှစ်စဉ်အပိုင်းလိုက် အဆိုပြုလျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင် ခေါ် ဦးဒီလုံး၏ **နမ့်စန်မြို့နယ်အတွင်းရှိ နမ့်စန်- မိုးနဲသွားလမ်းမကြီး ကတ္တရာလမ်း ၁၉ ဒသမ ၅ မိုင်အနက် ဆောင်ရွက်ရန် ကျန်ရှိသော ကတ္တရာလမ်း ၁၆ မိုင်ကို ဆောင်ရွက်ပေးနိုင်ပါရန် သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက နမ့်စန်-မိုးနဲသွားလမ်းမကြီး လွိုင်စန့်ရွာလမ်းခွဲမှ နားရိုင်းရွာဟောင်းလမ်းသည် နယ်စပ်ရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသည့် ကျေးရွာချင်းဆက်လမ်းဖြစ်ပြီး ကျေးရွာ ရှစ်ရွာ၊ အိမ်ခြေ ၁၀၄၃ အိမ်နှင့် လူဦးရေ ၄၈၈၂ ဦးတို့ကို အကျိုးပြုလျက်ရှိပါကြောင်း၊ အဆိုပါလမ်း ၁၉/၄ မိုင်ပေါ်တွင် ပြင်/ထိန်းလုပ်ငန်းအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို ၁/၀ မိုင်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၂/၄ မိုင် စုစုပေါင်း ကတ္တရာထပ်ပိုးလွှာ ၃/၄ မိုင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကတ္တရာပြင်/ထိန်းလုပ်ငန်းဆောင်ရွက်ရန် ၁၆/၀ မိုင် ကျန်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကတ္တရာထပ်ပိုးလွှာ သုံးဖာလုံခင်းခြင်း လုပ်ငန်းကို ဆောင်ရွက်ရန် ရန်ပုံငွေခွင့်ပြုပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် လမ်းပိုင်းများကိုလည်း လာမည့်ဘဏ္ဍာနှစ်များတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်နယ်ရန်ပုံငွေမှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးဆင်ဆုန်း၏ **ခေါင်လန်ဖူးမြို့နယ် မထီစွတ်-ဒါဘန်-မရန်ထ- ဆရဲဖာနှင့် အဘွမ်ထန်လမ်းပိုင်း ၃၅ မိုင်မှ ကျန်ရှိသောလမ်းပိုင်း ၂၁ မိုင်ကို ဆက်လက်ဖောက်လုပ်ရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက အဆိုပါလမ်းပိုင်း ၃၅ မိုင်အနက် နယ်စပ်ရေးရာဝန်ကြီးဌာနက ပြည်ထောင်စုရန်ပုံငွေဖြင့် မြေသားလမ်းကို ၁၄ မိုင်ထိဆောင်ရွက်ခဲ့ပြီး ကျေးရွာ ၁၂ ရွာ၊ အိမ်ခြေ ၅၄၂ အိမ်နှင့် လူဦးရေ ၃၅၀၈ ဦး တို့ကို အကျိုးပြုလျက်ရှိပါကြောင်း၊ အဆိုပါလမ်းပိုင်းသို့ ဆက်သွယ်ထားသည့် ခေါင်လန်ဖူး-ဆရမ်ဖာလမ်း ၁၂/၄ မိုင်သည် မိမိဝန်ကြီးဌာနက ဖောက်လုပ်လျက်ရှိသည့် လမ်းပိုင်းဖြစ်ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ထိ ၇/၄ မိုင် ဖောက်လုပ်ခဲ့ပြီး ဖောက်လုပ်ရန် ၅/၀ မိုင် ကျန်ရှိသည့်အတွက် ခေါင်လန်ဖူး-ဆရမ်ဖာလမ်းပိုင်း ပြီးစီးအောင်ဖောက်လုပ်ပြီးမှသာ မထီစွတ်-ဒါဘန်-မရန်ထ-ဆရဲဖာနှင့် အဘွမ်ထန်လမ်းပိုင်းကို ဆက်လက်ဖောက်လုပ်ရမည်ဖြစ်ပြီး လက်ရှိအခြေအနေအရ မြစ်ကြီးနား-ပူတာအိုလမ်းပိုင်းသည် လုံခြုံရေးအခြေအနေအရ စက်သုံးဆီနှင့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်သို့ သယ်ယူပို့ဆောင်ရန်အတွက် ကန့်သတ်ချက်များရှိနေသည့်အတွက် ကျန်ရှိသည့် ၂၁/၀ မိုင်ကို ခေါင်လန်ဖူး-ဆရမ်ဖာလမ်းပိုင်း ဖောက်လုပ်ပြီးချိန်နှင့် မြစ်ကြီးနား-ပူတာအိုလမ်းပိုင်း လုံခြုံရေးကောင်းမွန်သည့်အချိန်များတွင် ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး သင့်လျော်သည့်ဘဏ္ဍာနှစ်တွင် လျာထား ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းကိုင်မဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းမွှေး၏ **မိုင်းကိုင်မြို့နယ်တွင် ကျောင်း ၁၉ ကျောင်းမှ ဆရာ၊ ဆရာမများ လစ်လပ်နေခြင်း၊ ဆရာတစ်ဦးတည်းသာ တာဝန်ထမ်းဆောင်နေရခြင်းများကြောင့် လစ်လပ်နေသောနေရာများကို အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွင်း ဆရာ၊ ဆရာမများ လုံးဝလစ်လပ်နေသည့်ကျောင်း ၁၉ ကျောင်းရှိပြီး အဆိုပါကျောင်းများတွင် တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူမှု မဆုံးရှုံးစေရန်အတွက် မြို့နယ်အတွင်းရှိ ကျောင်းအုပ်စုအလိုက် ဆရာအင်အားပြည့်မီသော ကျောင်းများမှ ဆရာ၊ ဆရာမများကို အဆိုပါကျောင်းများတွင် တွဲဖက်သင်ကြားရန် ဆောင်ရွက်ထားရှိပါကြောင်းနှင့် ဆရာလစ်လပ်လျက်ရှိသော ကျောင်းများတွင် ယခင်နှစ်များအတိုင်း ဆက်လက်တွဲဖက် တာဝန်ထမ်းဆောင်စေပြီး ကျောင်းနေအရွယ်ကလေးသူငယ်များ၏ပညာရေးနှောင့်နှေးမှုမရှိစေရန် ပညာရေးဒီဂရီကောလိပ်များမှ သင်တန်းဆင်းဆရာ၊ ဆရာမများကို သတ်မှတ်မှုနှင့်အညီ လစ်လပ်နေရာများ ဖြည့်ဆည်းခန့်ထားပေးခြင်းနှင့် ရာထူးတိုး၊ ပြောင်းကိစ္စများဆောင်ရွက်ချိန်တွင် လျှောက်ထားသူရှိပါက ဦးစားပေးခန့်ထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ **မြန်မာနိုင်ငံအနှံ့ ကျေးလက်ကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ၊ ဆရာမများအတွက် လုံခြုံစိတ်ချရသော ဝန်ထမ်းအိမ်ရာများ နှစ်အလိုက် စီမံကိန်းချ၍ ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အခြေခံကျောင်း၊ ရုံးများတွင် ဝန်ထမ်းအိမ်ရာများကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အခြေခံပညာကျောင်း၊ ရုံး ၃၅ ခုအတွက် ဝန်ထမ်းအိမ်ရာ ၃၅ လုံး တည်ဆောက်ရန် ခွင့်ပြုရန်ပုံငွေရရှိထားပြီးဖြစ်သည့်အတွက် ဝန်ထမ်းအိမ်ရာများ စီစဉ် ဆောက်လုပ်ပေးလျက်ရှိပါကြောင်း၊ လာမည့်ဘဏ္ဍာနှစ်များတွင်လည်း ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ လက်တွေ့မြေပြင်အခြေအနေများကိုစိစစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ် ဦးစားပေးအစီအစဉ်အရ ဆက်လက်လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးတေဇကျော်၏ **အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်ရှိ အမက(၁၆) အမည်ပေါက်နှစ် ၃၀ ဂရန်မြေပေါ်တွင် ရပ်ကွက်လမ်းအဖြစ် အသုံးပြုနေမှုကို ဆက်လက်အသုံးပြုမည်ဆိုပါက ကျောင်းမြေနေရာကို ဂရန်မြေအဖြစ် သတ်မှတ်ပေးရန်နှင့် မြို့အင်္ဂါရပ်နှင့်ညီသော ကျောင်းအဆောက်အအုံများ ဆောက်လုပ်ပေးနိုင်ခြင်းရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ယခုလက်ရှိသင်ကြားလျက်ရှိသည့်မြေနေရာသည် မန္တလေးမြို့တော်စည်ပင်သာယာပိုင်မြေဖြစ်ပြီး ၁၉၅၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့သည့် ကျောင်းဖြစ်ပါကြောင်း၊ လက်ရှိကျောင်းမြေနေရာသည် အလျား ၁၀၆ ပေ၊ အနံ ၃၆ ပေရှိသော်လည်း မန္တလေးမြို့တော် စည်ပင်သာယာရေးပိုင်လမ်းမြေဖြစ်နေခြင်း၊ လျှပ်စစ်ဓာတ်အား မိန်းကြိုးကြီးများ ကျောင်းအလယ်ဗဟိုမှ ဖြတ်သန်းသွားခြင်းများ ရှိနေသော်လည်း ပညာရေးဌာနပိုင်မြေ မဟုတ်သည့်အတွက် ကျောင်းဆောင်ပြုပြင်ခြင်း၊ အသစ်ထပ်မံဆောက်လုပ်ခြင်းများပြုလုပ်ရန် အခက်အခဲရှိပါကြောင်း၊ အမက(၁၆) ကျောင်းအမည်ပေါက် နှစ် ၃၀ ဂရန်ရရှိထားသော ၁၁ -၁၂ လမ်းကြား၊ ၈၇ - ၈၈ လမ်းကြား၊ ဦးပိုင်အမှတ်(၉/ဈ) အလျား ၁၈၅ ပေ၊ အနံ ၄၃ ပေရှိ မြေနေရာကို ရပ်ကွက်လမ်းအဖြစ် အသုံးပြုထားသောကြောင့် ကျောင်းဆောင်ဆောက်လုပ်ရန် အခက်အခဲရှိနေပါသဖြင့် ခြစ်ညည်းရိုးကာရံရန်အတွက် မြေတိုင်းတာပေးနိုင်ပါရန် ဌာနမှူး၊ မြေယာဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသို့ တင်ပြထားပြီးဖြစ်ပါကြောင်း။

ရပ်ကွက်လမ်းအဖြစ် အသုံးပြုထားသည့် ဌာနပိုင်မြေပေါ်တွင် ကျောင်းဆောင်အသစ်ဆောက်လုပ်ရန် ရည်ရွယ်ချက်ဖြင့် အဆိုပါမြေကို ကနဦးခြစ်ညည်းရိုးကာရံနိုင်ရေးအတွက် မြေတိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်ရမည်ဖြစ်သည့်အတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသို့ ထပ်မံ၍ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ဌာနပိုင် (ကျောင်းပိုင်) မြေနေရာအဖြစ် သတ်မှတ်ထားသည့် မြေနေရာတွင်သာ အဆောက်အအုံ ဆောက်လုပ်ခွင့်ရှိပါသဖြင့် ရပ်ကွက်လမ်းအဖြစ် အသုံးပြုလျက်ရှိသည့် ဌာနပိုင်မြေကို မြေတိုင်းတာခြင်းနှင့် ခြစ်ညည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက မြို့အင်္ဂါရပ်နှင့်ညီသော ကျောင်းအဆောက်အအုံကို ဘတ်ဂျက်လျာထားမှုအတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာယာဝတီမဲဆန္ဒနယ်မှ ဦးဝင်းဇော်ဦး၏ **သာယာဝတီခရိုင်မြို့တွင် ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်တစ်ခု ဆောက်လုပ်ပေးရန်နှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တက္ကသိုလ်တစ်ခု ဖွင့်လှစ်ပေးလိုလျှင် ဖွင့်လှစ်မည့်ဒေသနှင့် အနီးဆုံးတက္ကသိုလ်အကွာအဝေး၊ လမ်းပန်းဆက်သွယ်ရေး၊ အနီးဆုံးတက္ကသိုလ်တွင် ကျောင်းသားဝင်ဆံ့အင်အား(Full Capacity) ပြည့်မီမှု၊ အိပ်ဆောင် Hostel ပေးနိုင်မှု၊ အနီးဆုံးတက္ကသိုလ်တွင် သင်ကြားသည့် အထူးပြုဘာသာရပ်များနှင့် မတူညီသော အထူးပြုပညာရပ်နယ်ပယ်များ သင်ကြားမှု၊ လူသားအရင်းအမြစ်နှင့် အရည်အသွေးမြှင့်တင်မှုအထူးအစီအစဉ်အရ လိုအပ်မှု၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ အရေအတွက်၊ ပထမနှစ်တက်ရောက်မည့် ကျောင်းသားအရေအတွက်၊ နှစ်စဉ်တက်ရောက်မည့် ကျောင်းသားအရေအတွက်၊ နောင် ငါးနှစ်တွင် ဖြစ်ပေါ်လာမည့် ခန့်မှန်းကျောင်းသားဦးရေ (Projection)၊ အထူးပြုဘာသာရပ် တစ်ခုစီတွင် တက်ရောက်မည့် ကျောင်းသားဦးရေ၊ ဆရာ၊ ကျောင်းသားအချိုး၊ ဆရာတစ်ဦး၏ တစ်ပတ်သင်ကြားချိန် (Workload)၊ သင်ကြားရေးဆရာ

**စာမျက်နှာ ၂၂ သို့**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာဥပဒေသင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဇွန် ၃၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ B-annex ခန်းမ၌ပြုလုပ်သည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ဥပဒေသင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကော်မတီများမှ ဥက္ကဋ္ဌများ၊အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကဏ္ဍဆိုရာတွင် လွှတ်တော်၏ လုပ်ငန်းဆောင်တာများ ပွင့်လင်းမြင်သာရေး၊ ပြည်သူကိုကိုယ်စားပြုရေး၊ နိုင်ငံတကာ လွှတ်တော်များ၏ စံချိန်စံညွှန်းနှင့်အညီဖြစ်စေရေး၊ ဆက်သွယ်ဆက်ဆံမှု နယ်ပယ် ကြီးမားကျယ်ပြန့်ရေးနှင့် ဒီမိုကရေစီ၏ ပြယုဂ်အဖြစ် ခေတ်မီသည့် လွှတ်တော်ဖြစ်အောင် တစ်စချင်း၊ တစ်စချင်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် လွှတ်တော်၏ လုပ်ငန်းဆောင်တာများကို အဓိကပံ့ပိုး ကူညီသွားကြမည့် လွှတ်တော်ကိုယ်စားလှယ်များ၏ သက်ဆိုင်ရာ ဘာသာရပ်စွမ်းရည်၊ ကျင့်ဝတ်သိက္ခာစသည်များကိုပါ ပိုမိုတိုးတက်ကောင်းမွန်အောင် ရည်ရွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုသင်တန်း၏ ရည်ရွယ်ချက်မှာ လွှတ်တော်၏ ဥပဒေပြုရေး၊ ကိုယ်စားပြုရေးနှင့် စောင့်ကြည့်ထိန်းကျောင်း ပူးပေါင်းဆောင်ရွက်ရေး တာဝန်များကို ခေတ်စနစ်နှင့်အညီ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်သော အရည်အချင်းပြည့်ဝသည့် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန်ဖြစ်ကြောင်း။

မိမိတို့ ဥပဒေပြုရေးမဏ္ဍိုင်သည် နိုင်ငံအတွက်အရေးပါသည့် မဏ္ဍိုင်တစ်ရပ်ဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးသည် ဥပဒေ၏အကာအကွယ်အောက်တွင် နိစ္စဓူဝလုပ်ငန်းဆောင်တာများကို စိတ်အေးချမ်းသာစွာဆောင်ရွက်နိုင်ရန်နှင့် ဥပဒေနှင့်အညီဖြစ်စေရန် စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုသင်တန်းကို ကနဦးအဆင့် သင်တန်းသား ၈၈ ဦးဖြင့် သုံးရက်တာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ဘာသာရပ်များအနေဖြင့်လည်း ဥပဒေကြမ်းရေးဆွဲခြင်း ရေးထုံးရေးနည်းများ ဥပဒေဆိုင်ရာ အတွေးအခေါ်များနှင့် သိမှတ်ဖွယ်ရာများကို မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍများပါပေါင်းစပ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Case Study အဖြစ် ဥပဒေသုံးခုကိုလည်း လက်တွေ့ဆန်းစစ်လေ့လာနိုင်ရန် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုသင်တန်းသည် ဥပဒေသင်တန်းဖြစ်၍ ဥပဒေကြမ်းကော်မတီ တစ်ခုတည်းနှင့်သာ သီးခြားသက်ဆိုင်ခြင်းမဟုတ်ဘဲ လွှတ်တော်၏ ကော်မတီအသီးသီးတွင်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ ပါဝင်နေသောကြောင့် အားလုံးနှင့် သက်ဆိုင်သည့် သင်တန်းတစ်ခုဖြစ်ကြောင်း၊ မိမိတို့အားလုံး၏ အရည်အသွေးတိုးမြှင့်ရေးကို လေ့ကျင့်ရေးနှင့် တည်ဆောက်ရမည်သာဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်ကို တစ်ဆင့်ထက်တစ်ဆင့် ပိုမိုပြည့်စုံကောင်းမွန်လာအောင် သင်တန်းများက များစွာအထောက်အကူပြုမည်ဟုလည်း ယုံကြည်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သင်တန်းပြီးဆုံးချိန်တွင် သင်တန်းအပေါ် တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို နောင်သင်တန်းများတွင် အားနည်းချက်၊ လိုအပ်ချက်မရှိစေရေးအတွက် ပြန်လည်တင်ပြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဥပဒေပညာရှင် ဒေါ်သန်းသန်းရီက မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ၄/၂၀၁၉ နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ ၁/၂၀၁၉ ဥပဒေရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပို့ချရာ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဓာတ်အားလိုင်းကြိုးများ အစားထိုးလဲလှယ်မည်ဖြစ်သည့်အတွက် ယာယီဓာတ်အားပြတ်တောက်မည်

**နေပြည်တော် ဇွန် ၃၀**

မကွေးတိုင်းဒေသကြီးအတွင်းရှိတည်ဆောက်ပြီးနှင့်တည်ဆောက်ဆဲ ဓာတ်အားပေး စက်ရုံစီမံကိန်းများ၏ ဓာတ်အားထုတ်လုပ်မှုများကို နိုင်ငံတော်ဓာတ်အားစနစ်ကွန်ရက်သို့ ပိုမိုသယ်ဆောင်နိုင်ရန်၊ ဓာတ်အားစနစ်တည်ငြိမ်စေရန်နှင့် ဗို့အားတိုးတက် ကောင်းမွန်စေရန်တို့အတွက် ၁၃၂ ကေဗွီ မကွေး-တောင်တွင်းကြီး ဓာတ်အားလိုင်း၏ လက်ရှိACSR ဓာတ်အားလိုင်းကြိုးကို ဝန်အားနှစ်ဆကျော်အထိ တိုးမြှင့်သယ်ဆောင်နိုင်သည့် နည်းပညာမြင့် ဖိုင်ဘာအူတိုင် အလူမီနီယံဓာတ်အားလိုင်းကြိုးဖြင့် ဓာတ်အားပိတ်၍ အစားထိုးလဲလှယ်ခြင်း လုပ်ငန်းများကို ၂၀၂၆ ခုနှစ် မေ ၂၂ ရက်မှ ဇွန် ၂၈ ရက်ထိ ဆောင်ရွက်ခဲ့ရာ လုပ်ငန်းတစ်ရပ်လုံး၏ ၅၄ ဒသမ ၇၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့သည်။

တိုင်အမှတ် (၁၁၄) နှင့် (၁၁၅) ကြားနှင့် တိုင်အမှတ် (၁၁၈) နှင့် (၁၁၉) ကြားတို့တွင် ဓာတ်အားလိုင်းကြိုး အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါလုပ်ငန်းဆောင်ရွက်မည့် ဓာတ်အားလိုင်းအပိုင်းအောက်ရှိ ၆၆ ကေဗွီ တောင်တွင်းကြီး-သစ်ရာကောက် ဓာတ်အားလိုင်းကို ၂၀၂၆ ခုနှစ် ဇူလိုင် ၃ ရက်မှ ၅ ရက်ထိ နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီထိဓာတ်အားပိတ်ထားမည်ဖြစ်သည်။

ထိုသို့လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း မြင်ကွန်းမြို့၊ မိကျောင်းရဲမြို့နှင့် သစ်ရာကောက်မြို့တို့အတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာများ ယာယီဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူမိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှ တစ်ဆင့်ကြိုတင် အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

(သတင်းစဉ်)

## ၃၀-၆-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၆,၁၃၉,၂၀၃.၉၂ | ၈,၉၅၇,၄၈၅.၀၇ | ၄၇,၆၁၄,၄၁၈.၉၃ | ၂၀၀,၀၀၀.၀၀ |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဂျုံ၊ တိရစ္ဆာန်အစာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုညဒသမ ၈၄ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

**စာမျက်နှာ ၂၀ မှအဆက်**

လိုအပ်ချက်၊ အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်၊ တက္ကသိုလ်အင်္ဂါရပ် (University Characteristics)များ၊ နိုင်ငံတကာ အဆင့်မီ သင်ကြားသင်ယူမှုနည်းစနစ်များ၊ နည်းပညာအထောက်အကူပြု ပစ္စည်းများ ပြည့်စုံအောင်ဖြည့်ဆည်းရေး အစရှိသည့် လိုအပ်ချက်များကို ထည့်သွင်းစီမံဆောင်ရွက်ရခြင်း ဖြစ်သည့်အတွက် စနစ်တကျ တွက်ချက်ဆောင်ရွက်ရပါကြောင်း။

ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)ရှိ ပြည်ခရိုင်၊ သာယာဝတီခရိုင်၊ နတ်တလင်းခရိုင်တို့ရှိ မြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူများသည် ပြည်တက္ကသိုလ်တွင် တက်ရောက် ပညာသင်ယူလျက်ရှိသည့်အတွက် သာယာဝတီခရိုင်မြို့၌ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တစ်ခု ချထားဆောက်လုပ်ရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်းနှင့် နောင်လိုအပ်သောအချိန်တွင် ဖွင့်လှစ်နိုင်ရေးအတွက် သာယာဝတီခရိုင်မှအဆင့်မြင့်ပညာဆည်းပူးသူကျောင်းသား၊ ကျောင်းသူ များစွာပေါ်ထွက်လာရေးကို မိဘပြည်သူများက တိုက်တွန်းပေးပါရန် မေတ္တာရပ်ခံလိုပါကြောင်း၊ သာယာဝတီခရိုင်မှ ပြည်တက္ကသိုလ် တက်ရောက်လိုသော ကျောင်းသား၊ကျောင်းသူ တစ်ဦးတိုင်း တစ်ယောက်တိုင်းအတွက် အစိုးရအိပ်ဆောင် Hostel ချထားပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြန်အောင်မဲဆန္ဒနယ်မှ ဦးအောင်ဝင်းဆွေ၏ **ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့တွင် ဆရာအတတ်သင်သိပ္ပံ၊ ပညာရေးကောလိပ် ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်ပညာရေးဒီဂရီကောလိပ်၊ မြောင်းမြပညာရေးဒီဂရီကောလိပ်နှင့် ဘိုကလေးပညာရေးဒီဂရီကောလိပ်တို့ကို ဖွင့်လှစ်ထားပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့သည် ၆၉ မိုင်ကွာဝေးပြီး မော်တော်ယာဉ်ဖြင့် နှစ်နာရီခွဲခန့် ခရီးအတွင်းတည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများက ပြည်ပညာရေးဒီဂရီကောလိပ်သို့ တက်ရောက်ခွင့်လျှောက်ထားပါက တက်ရောက်ခွင့်ပြုလျက်ရှိပါကြောင်း၊ ပြည်ပညာရေးဒီဂရီကောလိပ်နှင့် ပုသိမ်ပညာရေးဒီဂရီကောလိပ်၏ စာသင်ဆောင်နှင့် အိပ်ဆောင်ဝင်ဆံ့အင်အားအရ လက်ရှိအခြေအနေတွင် Full Capacity ပြည့်မီစေရန် ကျောင်းသားအင်အား ထပ်မံလက်ခံသင်ကြားပေးနိုင်သော အနေအထားတွင်ရှိနေသည့်အတွက် မြန်အောင်မြို့တွင် ဆရာအတတ်သင်သိပ္ပံ၊ ပညာရေးကောလိပ် ဖွင့်လှစ်ပေးရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်းနှင့် နောင်တွင် မြန်အောင်ခရိုင်မှ ဆရာအတတ်ပညာဆည်းပူးလိုသော ကျောင်းသား၊ ကျောင်းသူအရေအတွက်နှင့် နောင်ဖြစ်ပေါ်လာမည့် ခန့်မှန်းကျောင်းသားဦးရေ (Projection) များပြားလာပြီး ပညာရေးဒီဂရီကောလိပ်အသစ်တစ်ခုတည်ထောင်ရန် လိုအပ်လာချိန်တွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဇူလိုင် ၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# AI ခေတ်၏ စိန်ခေါ်မှုနှင့် လူငယ်များအတွက် အခွင့်အလမ်း ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကျင်းပ



**နေပြည်တော် ဇွန် ၃၀**

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ၊ နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီနှင့် Naypyitaw State Academy ပူးပေါင်းဆောင်ရွက်ကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့ မွန်းလွဲပိုင်းတွင် Naypyitaw State Academy ၌ကျင်းပရာ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ လူငယ်ကိုယ်စားလှယ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်းတို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး စကားဝိုင်းဆွေးနွေးမည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် လူငယ်များက "AI ခေတ်၏ စိန်ခေါ်မှုနှင့်လူငယ်များအတွက် အခွင့်အလမ်း" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ငါးဦးက အသိပညာပေးဆွေးနွေးရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက မေးခွန်းများမေးမြန်းဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို လက်ခံတွေ့ဆုံ



**မန္တလေး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်း ဦးဆောင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ယနေ့မွန်းလွဲပိုင်းက လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ပြန်လည်ထူထောင်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကုန်စည်များ သယ်ယူပို့ဆောင်နိုင်ရေး ဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေး ပြောကြားခဲ့သည်။

မန္တလေးမြို့သို့ လေ့လာရေးခရီးစဉ်ဖြင့် ရောက်ရှိနေသော ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးနန်းတွင်း မြနန်းစံကျော် ရွှေနန်းတော်ကြီးနှင့် မန္တလေးတောင်တော်တို့သို့ သွားရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## ❍ ရှေ့တန်းပြန်မှ

အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲ ရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(၅၀၁)**

## ထူးခြားသည့် နေ့အပူချိန်များ

(၃၀ - ၆ - ၂၀၂၆)

| | | | | |
|---|---|---|---|---|
| ချောက် | ၃၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၈ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| သီပေါ | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

## ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇွန် ၃၀**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းတာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဇူလိုင် ၃ ရက်၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area)ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## ☆ မြားပစ်ပြိုင်ပွဲမှ

ဆုချီးမြှင့်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးညီညီ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး Recurve နှင့် Compound Ranking Round ပြိုင်ပွဲ၊ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီး အတိုးတက်ဆုံး အားကစားသမားဆုရရှိကြသူများ၊ ၁၅ မီတာ Recurve တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ မီတာ ၃၀ Compound တစ်ဦးချင်း ပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ မီတာ ၃၀ Recurve တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိကြသူများကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ❖ ရင်ချင်းဆက်အမြွှာမှ

ပြောင်းရွှေ့၍ လိုအပ်သည်များပြင်ဆင်ခဲ့ပြီး ဇွန် ၁၁ ရက် အသက် ၂ နှစ် ၅ လရှိချိန်တွင် ကလေးဆေးရုံကြီး(ရန်ကုန်)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး(မန္တလေး)၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတို့မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများဖြင့် ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ကလေးဆေးရုံကြီး(ရန်ကုန်)တွင် ယခုခွဲစိတ်ကုသမှုအပါအဝင် ရင်ချင်းဆက်အမြွှာခွဲစိတ်ကုသမှု ကိုးကြိမ်၊ ကလေးဆေးရုံကြီး(မန္တလေး)တွင် သုံးကြိမ်ကို ပြည်တွင်းမှ ဆေးပညာရှင်များဖြင့် ခွဲစိတ်ကုသမှုပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ❑ မိုးထစ်ချုန်းရွာမည်မှ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းနှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်လာနိုင်သည့် လေထုမငြိမ်မသက်မှုတို့ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

**● သိမ်းပိုက်ရရှိမှု**

နယ်မြေလုံခြုံရေး လုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ကလေးမြို့ဘက်မှ ချီတက်လာသောတပ်မတော်စစ်ကြောင်းသည် ကလေး-တမူးလမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများ အဆင့်ဆင့်ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ပြီး ဇွန် ၂၀ ရက်တွင် ခါမ်းပါတ်မြို့ကိုလည်းကောင်း၊ တမူးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ရန်လင်းဖိုင်ကျေးရွာနှင့် အဆိုပါဒေသ တစ်ဝိုက်ကိုလည်းကောင်း ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့သည့် သတင်းများကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။



ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းကို အမြန်ဆုံး ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ကလေးမြို့ဘက်မှ ချီတက်လာသော စစ်ကြောင်းသည် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ဇွန် ၂၉ ရက်တွင် ကျွန်းတောရေရှင်ကျေးရွာ၏ မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာသို့ရောက်ရှိစဉ် မသင်္ကာဖွယ် အဆောက်အအုံများ တွေ့ရှိသဖြင့် စစ်နည်းဗျူဟာမြောက် ချီတက်ရှင်းလင်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့်ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ၎င်းတို့ အခြေပြုနေထိုင်သည့်စခန်းကို သိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေး သွားခဲ့ကြောင်း သိရသည်။

အဆိုပါနေရာကို အသေးစိတ်ရှင်းလင်းခဲ့ရာ အကြမ်းဖက်သမားများနေထိုင်သည့် သွပ်မိုးပျဉ်ကာ လူနေအိမ် တစ်လုံး၊ ၁၀ ဦး ခန့်နေထိုင်သည့် သက်ငယ်မိုးထရံကာ ယာယီတဲ လေးလုံး၊ စားချက်ဆောင်များ၊ အချုပ်ခန်းများကို သိမ်းပိုက်ရရှိခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် အဆိုပါ ကလေး-တမူး လမ်းကြောင်း တစ်လျှောက်ကို နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့တွင် အကြမ်းဖက်သမားများ စစ်စခန်းအဖြစ်အသုံးပြု၍ အခြေချဝင်ရောက်နေထိုင်သည့် ကနန်ကျေးရွာကို ထပ်မံသိမ်းပိုက်ရရှိခဲ့ပြီး အလောင်း၊ လက်နက်နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းပိုက်ရရှိခဲ့သည်။

အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် ကနန်ကျေးရွာကို ယာယီစိုးမိုးထားစဉ် ဒေသခံပြည်သူလူထု၏ကိုယ်ကျိုးစီးပွားကို မငဲ့ကွက်ဘဲကျေးရွာရှိ ပြည်သူများ၏နေအိမ်များ၊ဘာသာရေးအဆောက်အအုံများ၊ ပြည်သူပိုင်အဆောက်အအုံများ၊ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် လမ်းဘေးဝဲယာများတွင် ဘန်ကာများတည်ဆောက်၍ လည်းကောင်း၊ ကျေးရွာများအတွင်း ပြည်သူလူထု နေအိမ်ဝင်းများအတွင်းနှင့် လမ်းမများပေါ်တွင် မိုင်းများထောင်ထား၍လည်းကောင်း၊ ခြံဝင်းများအတွင်း ခံစစ်ကျင်းများ တူးဖော်၍လည်းကောင်း၊ အခိုင်အမာ ခံစစ်ဆင်၍ စစ်စခန်းများအဖြစ် အသုံးချထားသည်ကို တွေ့ရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်စဉ် အန္တရာယ်ကင်းရှင်းစေရေးအတွက် အကြမ်းဖက်သမားများ၏ ယုတ်မာရိုင်းစိုင်းစွာ ထောင်ထားသည့်မိုင်းများကိုရှင်းလင်းပေးခြင်း၊ အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် လမ်း၊ တံတားများကို ပြန်လည်မွမ်းမံပြုပြင်ပေးခြင်း၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး လိုအပ်သည်များ ဆောင်ရွက်ပေးခြင်းစသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါ ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းကို အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်ကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ အမြန်ဆုံးဖော်ဆောင်ပေးနိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)





တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် ကနန်ကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





ကနန်ကျေးရွာ ရှင်းလင်းစဉ် အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရရှိသည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

## ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့် တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာ

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ အလှဆင်နံပါတ်ပြားများတပ်ဆင်၍ အသုံးပြုနေသည်ကိုလည်းကောင်း၊ လုပ်ငန်းသုံးယာဉ်များနှင့် စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ စီမံကိန်းများနှင့် လုပ်ငန်းခွင်များတွင် တရားမဝင်အသုံးပြုနေသည်ကိုလည်းကောင်း တွေ့ရှိရပါသည်။ အဆိုပါမော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ပထမပိုင်းအနေဖြင့် ကုန်သွယ်ရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀.၆.၂၀၂၆ ရက် နောက်ဆုံးထား၍ နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ကနဦးမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်သည်ထိ မှတ်ပုံတင်လုပ်ငန်းများ လာရောက်ဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ဒုတိယပိုင်းအနေဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသော ယာဉ်များသည် ၃၁.၁၂.၂၀၂၆ ရက် နောက်ဆုံးထား၍ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ပြီးပြတ်အောင်ဆောင်ရွက်ကြရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန







# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

နေပြည်တော် ဇွန် ၃၀

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် ရေ၀တီ ရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ပြုလုပ်ရာ နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးနှင့် အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ကွပ်ကဲမှုဌာနချုပ်မှူးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ကွပ်ကဲမှုဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းကို တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

အဆိုပါလက်ဝှေ့ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် ဇွန် ၂၆ ရက်မှ ယနေ့ထိကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။(ဝ၀၁)

# တိုက်ကြီးမြို့နယ် သနပ်ချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇွန် ၃၀

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သနပ်ချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့ရှိ ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ YGW ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၌အခြေပြု၍ သာသနာ့နယ်ဝင်သီလရှင် တစ်ပါးနှင့် ဒေသခံပြည်သူ စုစုပေါင်း ၉၉ ဦးတို့ကို အရိုးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဝ၀၁)

## ၂၀၂၆ ခုနှစ် ဇွန် ၃၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးအား အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ပိုမိုတိုးတက်လာသော သံတမန်လမ်းကြောင်းနှင့် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းတိုးတက်ရေးအနာဂတ်"**ခေါင်းစဉ်ဖြင့်၁-၇-၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၈-၇-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ကြိုတင်ကန့်သတ်ချက်မရှိသော နိုင်ငံတော်သမ္မတကြီးရဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဖိတ်ခေါ်ခြင်းမှာ EAO တွေရဲ့ ငြိမ်းချမ်းရေးခံယူချက်အစစ်မှန်ကို မြင်တွေ့နိုင်မည်လား"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၁၀ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၁၀ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

**နေပြည်တော် ဇွန် ၃၀**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၁၀ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr.Nguyen Xuan Loc နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန် ၃၀ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ဦးရေ ၁၄၇၃၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၆၃ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၇ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၅၀၅ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်ကကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဗ၀၁)

# မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မန္တလေး ဇွန် ၃၀**

သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ထိန်းသိမ်းစေရန်၊ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့် ရာသီဥတုကို လက်ဆင့်ကမ်းနိုင်စေရန်၊ အရိပ်အာဝါသရရှိစေရန် ရည်ရွယ်ချက်များဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းခွဲရုံအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ တာဝန်ရှိသူများသည် မန္တလေးခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်များမှ အရာထမ်း၊ အမှုထမ်းများနှင့်အတူ ပျိုးပင်ကို စုပေါင်းစိုက်ပျိုးခဲ့ပြီး ဝန်ထမ်းများ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့အတူ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ကွပ်ကဲမှုအောက်ခရိုင်၊ မြို့နယ်များတွင်လည်း ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်တည်းကျင်းပ၍ ရတနာတန်းဝင် ကျွန်းပင်၊ နှစ်ရှည်ပင်၊ အရိပ်ရလေကာပင်၊ သီးပင်၊ စားပင်များနှင့် ပန်းအလှပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း တစ်ခုလုံးအနေဖြင့် ယနေ့တွင် ပျိုးပင် ၇၉၁ ပင် စိုက်ပျိုးခဲ့ပြီး ရှင်သန်အောင်မြင် ဖြစ်ထွန်းရေးအတွက် ဆက်လက်ထိန်းသိမ်းပြုစု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဇေဟိန်း



# မိုင်းဆတ်မြို့နယ်တွင် ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၉၆၀ တန်ဖိုးရှိ ကက်တမင်းများဖမ်းဆီးရမိ



အိုက်ရှန်းကို ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



Mr. Chairat Visitsri (ချိုင်းလက်ဝစ်စစ်စီ)ကို ဖမ်းဆီးရမိသည့် ကက်တမင်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၃၀**

မိုင်းဆတ်မြို့နယ်တွင် ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၉၆၀ တန်ဖိုးရှိ ကက်တမင်းများဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၇ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ မိုင်းဆတ်မြို့နယ် မိုင်းထလမ်းကျေးရွာအုပ်စု မိုင်းကန်းကျေးရွာအနီး မိုင်းတွမ်း-တာချီလိတ်သွားကားလမ်းတွင် မိုင်းဆတ်မြို့နယ် မိုင်းထလမ်းကျေးရွာနေ အိုက်ရှန်း ၄၃ နှစ် မောင်းနှင်လာသော TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၈၀)ဖမ်းဆီးရမိသဖြင့် အိုက်ရှန်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ ဇွန် ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့ တာလေ့ရပ်ကွက်အနီးတွင် လမ်းလျှောက်လာသူ ထိုင်းနိုင်ငံ နတ်ခွန်းစဝမ်မြို့ ပါက်နမ့်ဖိုရပ်ကွက်နေ Mr. Chairat Visitsri (ချိုင်းလက်ဝစ်စစ်စီ) ၂၈ နှစ်ကို စစ်ဆေးရှာဖွေရာ ကက်တမင်း ရှစ်ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၁၂၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၉၆၀) ဖမ်းဆီးရမိသဖြင့် Mr. Chairat Visitsri ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်–

၁။ သာသနာ့ဝန်ထမ်းများ။
၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

## ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်း တို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ငွေတံဆိပ်၊ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှယာယီရွှေ့ဆိုင်း နိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် –

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
၂။ နိုင်ငံ့ဝန်ထမ်းများ။
၃။ ပညာသင်ကြားနေသူများ။
၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
၆။ ထောင်ဒဏ်ကျခံနေသူများ။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလ အတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့် ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။။
( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံး တစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ်နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့် ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇–၃၄၀၄၉၁၁၊ ၀၆၇–၃၄၀၄၉၂၂၊ ၀၆၇–၃၄၀၄၉၃၃၊ ၀၆၇–၃၄၀၄၉၄၄၊ ၀၆၇–၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၁
( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇–၄၅၅၀၄၈၈၊ ၀၆၇–၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၂
( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉–၃၄၉၀၃၅၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၃၄၉၀၃၅၅၃၄
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉–၃၄၉၀၁၅၈၄၇၊ ၀၉–၆၆၈၇၈၈၁၁၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၁၀၀၆၆၃၈
( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈–၂၀၂၃၅၃၀၊ ၀၅၈–၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၆၉၁၁၁၁၉၁၀
( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀–၂၀၂၂၃၆၈၊ ၀၇၀–၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉–၈၉၀၉၃၇၅၇၄
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁–၂၀၃၂၀၉၁၊ ၀၇၁–၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၄၀၁၆၆၅၂၅၁
( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉–၂၀၂၄၀၃၇၊ ၀၅၉–၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၈
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂–၂၂၀၁၉၃၉၊ ၀၅၂–၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃–၂၀၂၈၈၇၈၊ ၀၆၃–၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၀
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂–၄၀၂၁၂၄၅၊ ၀၂–၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၁
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇–၂၀၂၇၉၃၅၊ ၀၅၇–၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၂
(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉–၂၅၅၀၀၂၅၁၇၊ ၀၉–၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၃
(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁–၈၃၀၀၀၁၆၊ ၀၁–၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၄
(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁–၂၁၂၄၅၄၀၊ ၀၈၁–၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၅
(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂–၂၀၂၅၉၉၃၊ ၀၄၂–၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၆


၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဥပဒေပြဿနာနှင့် အကြောင်းခြင်းရာပြဿနာ

**စိန်လှိုင်ဗိုလ်**




အမှုတစ်ခုတွင်ဖြစ်သည်။ တရားခံလေးဦးရှိသည့်အနက် တရားခံသုံးဦးကို ဖမ်းဆီးရမိပြီး တရားစွဲဆိုတင်ပို့သည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရဖြစ်သည်။ ထွက်ပြေးတရားခံတစ်ဦးကို ဖမ်းဆီးရမိသောအခါ ပြစ်မှုဆိုင်ရာ အထွေထွေမှုဖြင့် မူးယစ်ဥပဒေပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁/၁၅ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားစွဲဆိုတင်ပို့ခဲ့သည်။ သက်သေများကို စစ်ဆေးပြီးနောက် တရားခံပြေးအပေါ် **ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၈၇ / ၈၈ ထုတ်ဆင့်ခြင်းမပြုဘဲ** အမှုကို ပိတ်သိမ်းခဲ့သည်။ သို့ရာတွင် အဆိုပါတရားခံပြေးကို ပြန်လည်ဖမ်းဆီးရမိခဲ့သောအခါ တရားစွဲတင်ပို့ခဲ့သည်။ ထိုအခါတွင် ဥပဒေပြဿနာတစ်ရပ်ပေါ်ပေါက်ခဲ့သည်။

**အမှုဖြစ်စဉ်အကျဉ်း**

မိတ္ထီလာခရိုင်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် (၂၃/၉၉) တွင် ယခုအမှုမှ အယူခံတရားလို မူလတရားခံပြေး **ဒေါ်တင်ရီမ** အပေါ် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅ အရ စွဲချက်တင် ဆက်လက်စစ်ဆေးပြီး ၎င်းဥပဒေပုဒ်မ ၁၅ အရ အလုပ်နှင့်ထောင်ဒဏ်ငါးနှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ၎င်းအမိန့်ကိုမကျေနပ်၍ တရားရုံးချုပ်သို့ ဒေါ်တင်ရီမကအယူခံတင်သွင်းခဲ့သည်။

အမှုမှာ မန္တလေးတိုင်းတရားရုံး (မိတ္ထီလာခရိုင် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် (၁၇/၉၈) တွင် **တရားခံညွန့်အောင်၊ ဘီလ်ရှဲလ်နှင့် မစန်း (ခ) မခင်ထွေး** တို့ကို မူးယစ်ပုဒ်မဖြင့် တရားစွဲတင်ပို့ခဲ့သော အမှုဖြစ်သည်။ တရားခံပြေး ဒေါ်တင်ရီမကို ကျင့်ထုံးဥပဒေ ၅၁၂ အရ ဆောင်ရွက်ခဲ့သည်။ သက်သေများကို စစ်ဆေးပြီးနောက် **ဒေါ်တင်ရီမအပေါ် ပြစ်မှုကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အရ ထုတ်ဆင့်ခြင်းမပြုဘဲ** တရားခံပြေးအမှုကို ပိတ်သိမ်းခဲ့သည်။ ထို့နောက်တွင်မှ ဒေါ်တင်ရီမကို ပြန်လည်ဖမ်းဆီးရမိခဲ့၍ တရားစွဲတင်ပို့ခဲ့သော အမှုဖြစ်သည်။ မူလရုံးက ပြစ်ဒဏ်ချမှတ်ခဲ့သည်။

**တရားရုံးချုပ်၏ စီစစ်သုံးသပ်ချက်**

အယူခံတရားလို ဒေါ်တင်ရီမ၏ ရှေ့နေက ယခင်တရားခံပြေးအမှုတွင် ဒေါ်တင်ရီမအပေါ် **ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ နှင့် ၈၈ အရ အမိန့်ထုတ်ဆင့်ခြင်းမရှိခဲ့ဘဲ အမှုပိတ်သိမ်းခဲ့ပြီဖြစ်သဖြင့် ၎င်းအပေါ်ထပ်မံ၍ တရားစွဲဆိုအပြစ်ပေးခြင်းမှာ မှားယွင်းကြောင်း၊** ဆီးထဲတွင် မော်ဖင်းစမ်းသပ်တွေ့ရှိရခြင်းမှာ ဆရာဝန်ပေးသည့်ဆေးဝါးများကို သုံးစွဲသည့်အတွက်ကြောင့်ဖြစ်ကြောင်း တင်ပြလျှောက်ထားခဲ့သည်။

နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံးခွဲကမူ အယူခံတရားလို ဒေါ်တင်ရီမ၏ ဆီးနမူနာတွင် မော်ဖင်းစမ်းသပ်စစ်ဆေးတွေ့ရှိရသည်။ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲ၏ ပြန်ကြားစာအရ ပေါ်ပေါက်နေကြောင်း၊ ချောင်းဆိုးရင်ကျပ်ရောဂါရှိ၍ ရဲအချုပ်ခန်းတွင်ရှိနေစဉ် ဆရာဝန်ဦးစိုးမောင်ကိုပင့်၍ ကုသခဲ့သော်လည်း ဆရာဝန်က မော်ဖင်းပါသည့်ဆေးဖြင့် ကုသခဲ့ခြင်းမရှိကြောင်း ထွက်ဆိုထားသဖြင့် မူလရုံးအမိန့်မှာ မှားယွင်းမှုမရှိကြောင်း လျှောက်လဲခဲ့သည်။

တရားရုံးချုပ်က အမှုကိုစိစစ်ရာတွင် **"ထွက်ပြေးတိမ်းရှောင်နေသော တရားခံ၏မျက်ကွယ်တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂** အရ တရားခံပြေးအမှုကို စစ်ဆေးခြင်းမှာ ပြစ်မှုကျူးလွန်သူကို သူ၏မျက်ကွယ်၌ ပြစ်မှုထင်ရှားစီရင်ခြင်းမဟုတ်ပေ။ ပြစ်မှုကျူးလွန်သူကို နောက်မှဖမ်းဆီးရမိ၍ တရားစွဲတင်ပို့လာသောအခါ တရားခံပြေးအမှုတွင် သက်သေခံသည့်သက်သေသည် သေဆုံးပြီးဖြစ်နေလျှင် သို့မဟုတ် သက်သေခံနိုင်စွမ်းမရှိတော့လျှင် သို့မဟုတ် **အမှု၏အခြေအနေအရ မသင့်တော်သော နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ သို့မဟုတ် စရိတ်စကကုန်ကျခြင်းမရှိဘဲ သို့မဟုတ် ကသိကအောက်ဖြစ်ခြင်းမရှိဘဲ** ထိုသက်သေကို တရားရုံးသို့ ဆင့်ခေါ်၍မရနိုင်လျှင် တရားခံပြေးအမှုတွင် ရေးမှတ်ခဲ့သော **ထိုသက်သေ၏ ထွက်ချက်တို့ကို ပြစ်မှုကျူးလွန်သူအပေါ်၌ သက်သေခံအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း** အယူခံတရားရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။

သို့ဖြစ်ရာ ထွက်ပြေးတိမ်းရှောင်နေသော တရားခံ၏မျက်ကွယ်တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားခံပြေးအမှုကို စစ်ဆေးခြင်းမှာ **"ပြစ်မှုကျူးလွန်သူကို သူ့အားသူ၏မျက်ကွယ်၌ပြစ်မှုထင်ရှားစီရင်ခြင်းမဟုတ်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ အရ ပိတ်ပင်ခြင်းမရှိသည်မှာ ထင်ရှားကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။**

အယူခံတရားလို ဒေါ်တင်ရီမ၏ ရှေ့နေက ယခင်တရားခံပြေးအမှုတွင် ဒေါ်တင်ရီမအပေါ် **ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇၊ ၈၈ တို့အရ အမိန့်ထုတ်ဆင့်ခြင်းမပြုဘဲ အမှုပိတ်သိမ်းခဲ့ပြီးဖြစ်ရာ** ယခုထပ်မံ၍ တရားစွဲဆိုအပြစ်ပေးခြင်းမှာ မှားယွင်းကြောင်း တင်ပြချက်မှာ **မှန်ကန်သည်ဟု ယူဆနိုင်မည်မဟုတ်ကြောင်း** တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့သည်။

မန္တလေးတိုင်းတရားရုံး (မိတ္ထီလာခရိုင်) သို့ ဒေါ်တင်ရီမကို တရားခံပြေးအမှုဖြင့် **၁၉၉၈ ခုနှစ် ဩဂုတ် ၁၃ ရက်၌** တရားစွဲဆိုတင်ပို့ခဲ့ကြောင်း၊ **၁၉၉၉ ခုနှစ် ဇူလိုင် ခုနစ်ရက်တွင်** တရားခံပြေးဖြစ်သူ ဒေါ်တင်ရီမကို ဖမ်းဆီးရမိခဲ့ကြောင်း၊ ဒေါ်တင်ရီမသည် မူးယစ်ဆေးဝါးသုံးစွဲခြင်း ရှိ၊ မရှိ မိတ္ထီလာပြည်သူ့ဆေးရုံသို့တင်ပို့ခဲ့ပြီး တရားစွဲခဲ့သော အမှုဖြစ်သည်။ မိတ္ထီလာပြည်သူ့ဆေးရုံသည် ဒေါ်တင်ရီမ၏ ဆီးနမူနာရယူပြီး မန္တလေးမြို့ရှိ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲသို့ ပေးပို့စစ်ဆေးပြန်ကြားချက်ရရှိကြောင်း အမှုတွင် ပေါ်ပေါက်လျက်ရှိပေသည်။

အမှုတွဲရှိ သက်သေခံချက်များအရ တရားခံ ဒေါ်တင်ရီမ၏ဆီးနမူနာတွင် မော်ဖင်းစမ်းသပ်တွေ့ရှိရကြောင်း ဓာတုဗေဒဌာနခွဲ၏ ပြန်ကြားစာတွင်လည်းပေါ်ပေါက်လျက်ရှိသည်။ ဒေါ်တင်ရီမက ချောင်းဆိုးရင်ကျပ်ဖြစ်ပေါ်၍ ဆရာဝန် ဦးစိုးမောင်ထိုးဆေး၊ စားဆေး၊ သောက်ဆေးတို့ဖြင့် နှစ်ရက်ကုသပေးခဲ့ရာတွင် အဆိုပါဆေးများ၌ မူးယစ်ဆေးဝါးနှင့် ပတ်သက်သောဆေးများ လုံးဝမပါရှိပါကြောင်း" ထွက်ဆိုခဲ့သည်။

အထက်ဖော်ပြပါ ဆရာဝန် ဦးစိုးမောင်၏ ထွက်ဆိုချက်အရ ဒေါ်တင်ရီမကို မော်ဖင်းပါရှိသည့် ဆေးဝါးကိုတိုက်ကျွေးကြောင်း၊ မော်ဖင်းပါရှိသည့် ဆေးကို ထိုးခဲ့ကြောင်းပေါ်လွင်မှုမရှိသည့်အတွက် ဒေါ်တင်ရီမသည် မူးယစ်ဆေးဝါးကို သုံးစွဲခဲ့ခြင်းဖြစ်၍ ၎င်း၏ဆီးနမူနာ၌ မော်ဖင်းစမ်းသပ်တွေ့ရှိရခြင်းဖြစ်သည်ဟု အယူခံရုံးတော်က စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

ဤအခြေအနေတွင် မူလရုံးက အယူခံတရားလို ဒေါ်တင်ရီမကို ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅ အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှားယွင်းမှုမရှိကြောင်း တွေ့ရှိရသဖြင့် ဒေါ်တင်ရီမ၏ အယူခံမှုကို တရားရုံးချုပ်က ပလပ်လိုက်သည်။

ဤဆောင်းပါးတွင် **ဥပဒေပြဿနာတစ်ရပ်နှင့် အကြောင်းခြင်းရာပြဿနာတစ်ရပ်**တို့ကို တွေ့မြင်ကြရမည်။ ဥပဒေပြဿနာမှာ တရားခံပြေးကိစ္စဖြစ်သည်။ တရားခံပြေး၏ မျက်ကွယ်တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားခံပြေးအမှုကို စစ်ဆေးခြင်းမှာ ပြစ်မှုကျူးလွန်သူကို သူ၏မျက်ကွယ်၌ ပြစ်မှုထင်ရှားစီရင်ခြင်း မဟုတ်သဖြင့် ပြစ်မှုကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ အရ ပိတ်ပင်မှုမရှိသည်မှာ ထင်ရှားကြောင်း ဗဟိုတရားရုံး၏ သုံးသပ်ဆုံးဖြတ်ချက်ဖြစ်သည်။ **အကြောင်းခြင်းရာပြဿနာ**မှာမူ ဒေါ်တင်ရီမသည် မူးယစ်ဆေးဝါးသုံးစွဲသူဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားများဖြင့်

**❖ ပြစ်မှုကျူးလွန်သူကို နောက်မှဖမ်းဆီးရမိ၍ တရားစွဲတင်ပို့လာသောအခါ တရားခံပြေးအမှုတွင် သက်သေခံသည့်သက်သေသည် သေဆုံးပြီးဖြစ်နေလျှင် သို့မဟုတ် သက်သေခံနိုင်စွမ်းမရှိတော့လျှင် သို့မဟုတ် အမှု၏အခြေအနေအရ မသင့်တော်သော နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ သို့မဟုတ် စရိတ်စကကုန်ကျခြင်းမရှိဘဲ သို့မဟုတ် ကသိကအောက်ဖြစ်ခြင်းမရှိဘဲ ထိုသက်သေကို တရားရုံးသို့ဆင့်ခေါ်၍မရနိုင်လျှင် တရားခံပြေးအမှုတွင် ရေးမှတ်ခဲ့သော ထိုသက်သေ၏ ထွက်ချက်တို့ကို ပြစ်မှုကျူးလွန်သူအပေါ်၌ သက်သေခံအဖြစ်အသုံးပြုနိုင်မည်ဖြစ်ကြောင်း အယူခံတရားရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။ ❖**

နှင့်ကုသရာဆေးထိုးခြင်း၊ သောက်ဆေးဖြင့်ကုသခြင်းကြောင့် ဆီးထဲတွင် မော်ဖင်းတွေ့ရှိရခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။ ဆရာဝန် ဦးစိုးမောင်က ရုံးရှေ့တွင် အစစ်ခံရာတွင် **"ရုံးရှေ့ရှိတရားခံ ဒေါ်တင်ရီမကို ကျွန်တော်ကိုယ်တိုင် အသားဆေး၊** တင်ပြစွဲဆိုထားခြင်းဖြစ်ပါကြောင်း **"ဒေါ်တင်ရီမနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၀၀ ပြည့်နှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် (၂၁၄) (မန္တလေး) စီရင်ထုံး"**ကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။


**မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကိုဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကိုဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၁)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံး အရပ်(၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်)ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား / အမျိုးသမီး)ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကိုဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒနှင့်ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**







## ဖခင်အမည်မှန်

အောင်မြေသာစံမြို့နယ်၊ အထက(၄)၊ Grade-7 တွင် ပညာသင်ကြားနေသော မရွှေပိုးအိမ်နှင့် အမက(၁၂)၊ Grade-4 တန်းတွင် ပညာသင်ကြားနေသော မရွှေဖူးအိမ်တို့၏ဖခင်အမည်မှန်မှာ **ဦးဖြိုးသန်းနိုင်** ဖြစ်ပါကြောင်း။ **ဦးဖြိုးသန်းနိုင်(၉/အမဇ(နိုင်)၀၂၃၅၃၆)**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်နေ စိုင်းအိုက်ဆိုင် (ဘ) ဦးဆွဲ့ငင်းဆမ်(၁၃/နခန(နိုင်)၀၀၀၅၂၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-205886)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-5185745**

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ စုစုခိုင် (ဘ) ဦးလှအောင်(၉/မခန(နိုင်)၁၄၁၅၂၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-927526)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-753908724**

## ဖခင်အမည်မှန်

မြစ်သားမြို့၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်မိုးမင်းခန့်၏ဖခင်အမည်မှန်မှာ **ဦးစိုးမိုးအောင်** ဖြစ်ပါကြောင်း။

**ဦးစိုးမိုးအောင်(၉/မသန(နိုင်)၁၈၇၈၉၄)**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပန်းမြေကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ထွေး၏သား မောင်ကောင်းခန့်ဟိန်း၏အမည်မှန်မှာ **မောင်အောင်ခန့်ဟိန်း** ဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၂-၈-၂၀၁၃ ဖြစ်ပါကြောင်း။ **မောင်အောင်ခန့်ဟိန်း၊ ၂-၈-၂၀၁၃**

## မန္တလေးတိုင်းဒေသကြီး ကုန်တင်ယာဉ်/ခေါက်တိုယာဉ် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ ပညာသင်ထောက်ပံ့ငွေနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပေးမည်

မန္တလေးတိုင်းဒေသကြီး ကုန်တင်ယာဉ်/ခေါက်တိုယာဉ် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် လုပ်ငန်းကော်မတီတွင် မှတ်ပုံတင်ထားသည့် ကုန်တင်ယာဉ်နှင့်ခေါက်တိုယာဉ်များ၏ ယာဉ်ပိုင်ရှင်/မောင်းနှင့် ယာဉ်နောက်လိုက်များ၏ (၂၀၂၆-၂၀၂၇)ခုနှစ် ပညာသင်ကြားနေသော သားသမီးများအား ပညာသင်ထောက်ပံ့ငွေနှင့် (၂၀၂၅-၂၀၂၆) ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် ထူးချွန်စွာအောင်မြင်သူများအတွက် ပညာရည်ချွန်ဆုများ ချီးမြှင့်သွားမည်ဖြစ်၍ ပညာသင်ထောက်ပံ့ငွေနှင့် ပညာရည်ချွန်ဆု လျှောက်ထားလိုသူများသည် ယကက(ကုန်တင်ယာဉ်နှင့် ခေါက်တိုယာဉ်)ရုံး၊ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်း (စွယ်တော်)၊ အခန်းအမှတ်(MM-5)တွင် လျှောက်လွှာများ အခမဲ့ထုတ်ယူပြီး (၁၀-၇-၂၀၂၆)ရက်နေ့ နောက်ဆုံးထားပေးပို့ကြပါရန် အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး
ကုန်တင်ယာဉ်/ခေါက်တိုယာဉ်
ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီ
မန္တလေးမြို့

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ကျီဝင်းရပ်ကွက်၊ (၁၈ x ၁၉၊ ၈၂ x ၈၃ လမ်းနေ) ဦးမင်းသူရိန်ကျော် (ဘ) ဦးလှမင်းအောင်(၉/အမဇ(နိုင်)၀၆၄၇၄၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-459941)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-780755597**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**



❖ နိုင်ငံတော်ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ဥပဒေသင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား**

စာမျက်နှာ - ၂၀

# အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ




နေပြည်တော် ဇွန် ၃၀

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ကို ဂုဏ်ပြုသောအားဖြင့် အားကစားရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်တို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ မြားပစ်လေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။

စာမျက်နှာ ၂၂ ကော်လံ ၄ ☆

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေး-တမူးလမ်းကြောင်းပေါ်ရှိ ကနန်ကျေးရွာကို ထပ်မံသိမ်းပိုက်ရရှိမှုပြမြေပုံ။




# တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ခံစစ်စခန်းတစ်ခုနှင့် အကြမ်းဖက်သမားများယာယီစိုးမိုးထားသည့် ကနန်ကျေးရွာကို ထပ်မံသိမ်းပိုက်ရရှိ

နေပြည်တော် ဇွန် ၃၀

တပ်မတော်အနေဖြင့် နယ်မြေဒေသအေးချမ်းသာယာ၍ ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးနှင့်လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များအပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အောက်တွင် ဒေသခံပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိရာ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကအရေးပါသည့် လမ်းကြောင်းတစ်ခုဖြစ်သော ကလေး-တမူးလမ်းကြောင်းတစ်လျှောက် ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကလေး-တမူးလမ်းကြောင်းတစ်လျှောက်ကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများက ဇွန် ၇ ရက်မှ စတင်၍ စစ်ကြောင်းများခွဲပြီး ဟန်ချက်ညီညီချီတက်၍

စာမျက်နှာ ၂၃ ကော်လံ ၁ ●

# နိုင်ငံတော်တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇွန် ၃၀

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ဟိုမိန်းဒေသတစ်ဝိုက် စစ်ဆင်ရေးနှင့်နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော

စာမျက်နှာ ၂၂ ကော်လံ ၁ ❍



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများက အောင်သပြေခက်များဖြင့် ဂုဏ်ပြုကြိုဆိုစဉ်။

**ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်**

စာမျက်နှာ - ၂၂

**အမေရိကန်နှင့် အီရန်အစိုးရကိုယ်စားလှယ်များ ကာတာနိုင်ငံသို့ ယခုရက်သတ္တပတ်အတွင်း သွားရောက်မည်**

စာမျက်နှာ - ၆

**အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်**

စာမျက်နှာ - ၉

# ကလေးဆေးရုံကြီး(ရန်ကုန်)၌ ခွဲစိတ်ခဲ့ပြီးသော ရင်ချင်းဆက်အမွှာကလေးများ ကျန်းမာရေးကောင်းမွန်လျက်ရှိ

နေပြည်တော် ဇွန် ၃၀

ကလေးဆေးရုံကြီး(ရန်ကုန်)တွင် ခွဲစိတ်ကုသမှု(Separation Surgery) ဆောင်ရွက်ခဲ့သော ရင်ချင်းဆက်အမွှာ မိန်းကလေးများသည် ယနေ့တွင် ခွဲစိတ်ပြီး ရက်ပေါင်း ၁၉ ရက်ရှိပြီဖြစ်ပြီး ကလေးများကျန်းမာရေးအခြေအနေကောင်းမွန်ကာ သီးသန့်စီ ပျော်ရွှင်စွာသွားလာလျက်ရှိကြောင်း သိရသည်။

အဆိုပါကလေးငယ်များသည် ပခုက္ကူမြို့နေ အသက် ၃၁ နှစ်အရွယ်မိခင်က ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)တွင် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် လာရောက်ခွဲစိတ်မွေးဖွားခဲ့ခြင်းဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ဦးဆောင်ပံ့ပိုးမှုဖြင့် မွေးဖွားပြီးချိန်မှစ၍ ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)ခုတင်-၅၅၀ ဆံ့ကလေးဆေးရုံကြီး(မန္တလေး)ခုတင်-၅၅၀ ဆံ့ကလေးဆေးရုံကြီး-ရန်ကုန်(ရန်ကင်း)တို့၌ထားရှိပြီး ပြုစုစောင့်ရှောက်ပေးခဲ့ကာ ၂၀၂၆ ခုနှစ် ဇန်နဝါရီတွင် ခွဲစိတ်ကုသမှုဆောင်ရွက်မည့် ကလေးဆေးရုံကြီး(ရန်ကုန်)၌

စာမျက်နှာ ၂၂ ကော်လံ ၄ ❖



ရင်ချင်းဆက်အမွှာ မကြာညီသင်းနှင့် မကြာညီသိမ့်တို့ ခွဲစိတ်ပြီးနောက် ကျန်းမာရေးကောင်းမွန်လျက်ရှိသည်ကို ဇွန် ၃၀ ရက်က တွေ့ရစဉ်။